ဗ.ဆ.ပ.လ.

[illegible]

လက်ရွေးစဉ်

၂

ဗမာအားလုံးသို့ စာပေဖြန့်ချိရေး

လမ်းစဉ်သတင်းစာ အယ်ဒီတာအဖွဲ့ ပြုစုသည်

လမ်းစဉ်သတင်းစာ အယ်ဒီတာအဖွဲ့မှ ပြုစုသော

ဖဆပလ

ခြေလှမ်း

လက်ရွေးစဉ်

၇

၁၊ ၉၊ ၆၃။

အဖိုး-တကျပ်။

၁၉၆၃-ခုနှစ်

လမ်းစဉ် အယ်ဒီတာအဖွဲ့မှ ပြုစုသည်။

အုပ်ရေ ၃၀၀၀။
ထုတ်ဝေသူ ဦးစောလှိုင်(မှတ်ပုံတင် အမှတ် ၀၅၇၈)။
ပုံနှိပ်သူ ဗမာ့ အမျိုးသမီး ပုံနှိပ် တိုက်၊
အမှတ်-၉၉ မန္တလေးလမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့(၀၄၈၈)တွင် ရိုက်နှိပ်သည်။

ဤစာအုပ်တွင်-

(၁) ငြိမ်းချမ်းရေးဖျက် မိန့်ခွန်း

ပါလီမန်ဒီမိုကရေစီ။
ပြည်သူ့ ဒီမိုကရေစီ။

(၂) ဆယ်နှစ်ဆယ်မိုး ဖဆပလ

လွတ်လပ်ရေးမတိုင်မီခေတ်။
လက်ဝဲညီညွတ်ရေး။
ဖဆပလကွန်မြူနစ်ညီညွတ်ရေး။
နယ်ချဲ့အလိုကျညီညွတ်ရေးပယ်။
ပြည်တွင်းစစ်တရားခံ။
နု-အက်တလီစာချုပ်။
ပြည်တွင်းစစ်တရားခံ ဖဆပလ။
နု-မှူ ၁၅-ချက်။
အမှုထမ်းဝန်မခံရင်အပြုတ်တိုက်မည်။
အပြုတ်တိုက်တော့မည်။
ဆိုရှယ်လစ်ပါတီ၏လမ်းစဉ်။
ဒီမိုကရေစီသစ်တော်လှန်ရေး။
ဒီမိုကရေစီသစ်လုပ်ငန်းစဉ်။
တပ်ပေါင်းစုနှင့် ရှေ့ဆောင်မှု။
နောက်မြီးဆွဲ....နောက်မြီးဆွဲ။
အာဏာနိုင်ငံရေး။
၂-ခြမ်းသာကွဲသွားရော မပြင်နိုင်ခဲ့။
ဦးကျော်ငြိမ်းနှင့် ဦးဗဆွေ။
အာဏာရှင်စံနစ် ၂-ခုသာရှိသည်။
မာ့က်စ်ဝါဒမလိုချင်။
ဆီး-စီ-အေနှင့်တရုပ်ဖြူ။
ကွန်မြူနစ်ဆန့်ကျင်ရေးမှပြည်သူ့ဆန့်ကျင်ရေးသို့၊
လွတ်လပ်စွာလုပ်ကိုင်စားခွင့်မရှိ။
လွတ်လပ်စွာ ပြောဆိုရေးသားခွင့်မရှိ။

လွတ်လပ်စွာစည်းရုံးခွင့်မရှိ။
လုံခြုံမှုမရှိ။
တရားဥပဒေအရ ညီမျှရေးမရှိ။
လူမျိုးစုအရေး။
ခြိမ်းခြောက်မှု။
ဗိုလ်ထွန်းတင်နှင့် သခင်ညို။
သခင်အုန်းညွန့်။
ရဲဘော်ဘငြိမ်း။
သစ္စာဖောက်ဥပဒေ။
ပြည်သူတို့ကမမေ့ကြ။
ပြည်တွင်းစစ် နက်ရှိုင်းရေး။
အဆောင်အယောင် ရွေးကောက်ပွဲ။
ထူးခြားခြင်းမရှိ။
စီမံကိန်းများဖြင့်မျက်လှည့်ပြပုံက။
ဆယ်နှစ်ဆယ်မိုး ဖဆပလ၏ နိဂုံး။

(၃) တည်မြဲ ဖဆပလ၊ ဦးဗိုလ်အုပ်စုနှင့် နယ်ချဲ့သမား။

ဒါတွေမှာ အတူတူပင်။
သူတို့၏ ခြေလှမ်း။

(၄) တိုင်းပြည်ပေါ်ထားခဲ့သော ဖဆပလ၏ စေတနာ မေတ္တာ ဆိုသည်မှာ။

(၅) ဖဆပလ ဆိုရှယ်လစ်ဝါဒဘာလဲ။

ဖဆပလတို့၏ ဆိုရှယ်လစ်ဝါဒ။
လယ်သမားပြဿနာ။

(၆) ပြည်တွင်းငြိမ်းချမ်းရေး။

(၇) မျိုးချစ်စိတ် ရှိသူတိုင်း စုစည်းကြလော့။

အမ်၊ အာ၊ အေ စာရိတ္တ မြှင့်တင်ရေးအဖွဲ့။
လေသံချင်းတူပုံမှာ။
ယုတ်မာသောအပြုအမူ။
နိဂုံး။

ငြိမ်းချမ်းရေးဖျက် မိန့်ခွန်း

ဩဂုတ်လ ၉-ရက် နံနက် ၂-နာရီအကျော်တွင် တည်မြဲဖဆပလ ခေါင်းဆောင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ပထစ ဦးဗိုလ်အုပ်စု ခေါင်းဆောင် ဦးဝင်း၊ ဗိုလ်မင်းခေါင် စသောပုဂ္ဂိုလ် ၁၁-ဦးအားတော်လှန်ရေးအစိုးရက ထိန်းသိမ်းလိုက်လေသည်။

တော်လှန်ရေးကောင်စီသည် တိုင်းပြည်နှင့် ပြည်သူလူထုတရပ်လုံး၏ အကျိုးကိုထောက်ထား၍ပြည်တွင်းငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရန်တွေ့ဆုံဆွေးနွေးကမ်းလှမ်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ငြိမ်းချမ်းရေး ရရာ ရကြောင်းကြိုးပမ်း ဆောင်ရွက် ခြင်းကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအလားအလာများကောင်းမွန်တိုးတက်လျက်ရှိသည်ကိုပျက်ပြားစေရန် အားထုတ်ဆောင်ရွက်လာကြသည့် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်စံမြင့်၊ ဗိုလ်ကြာညွန့်၊ ဗိုလ်ထွန်းတင်၊ ဦးကြီးချိုင်၊ ဦးဝင်း၊ ဗိုလ်မင်းခေါင်၊ ဦးချမ်းသာ၊ ဦးချုန်ထွန်းနှင့် ဦးလောရဲ့တို့အား တော်လှန်ရေးအစိုးရက ဩဂုတ်လ ၉-ရက်နေ့ နံနက်က ထိန်းသိမ်း ထားလိုက်ပြီဖြစ်ကြောင်းဖြင့် တော်လှန်ရေးအစိုးရက ထိုနေ့မှာပင်ကြေညာခဲ့ပေသည်။

တည်မြဲ ဖဆပလဥက္ကဋ္ဌ ဦးဗဆွေသည် ဇူလိုင် ၁၉-ရက် အာဇာနည်နေ့တွင် မိန့်ခွန်း တရပ်မြွက်ကြားခဲ့သည်။ ပထစဦးဗိုလ်အုပ်စုခေါင်းဆောင် ဦးဝင်းသည် ဇူလိုင်လ ၂၈-ရက်နေ့ အင်းစိန်ခရိုင် ပထစ ဦးဗိုလ်တို့၏ နိုင်ငံရေးရှင်းလင်းပွဲတွင် မိန့်ခွန်းမြွက်ကြားခဲ့သည်။

ထိုမိန့်ခွန်း ၂-ခုစလုံးမှာသဘောထားချင်းအတူတူပင်ဖြစ်ပေသည်။ ဒီမိုကရေစီ လွတ်လပ်ခွင့်မရှိကြောင်း။ ပါလီမန် ဒီမိုကရေစီကို လိုလားကြောင်း ဖော်ပြထားကြ၏။ ပြည်တွင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍မူ-လက်ရှိ ကြိုးပမ်းလျက်ရှိသောငြိမ်းချမ်းရေးဆောင်ရွက်ချက်များကိုရပ်စဲပစ်ရမည်ဟု တည့်တည့်လင်းလင်းရှင်းရှင်း ပြတ်ပြတ်တောင်းဆိုခြင်းမပြုကြဘဲရှိသော်လည်း "ဒီအချိန်ဟာ သတ္တိရှိရှိနဲ့ အောင်မြင်စွာ နောက်ဆုတ်ရမဲ့အချိန်ရောက်နေပြီ"ဟူသော ဦးဗဆွေ၏ ထုတ်ဖော်ပြောဆိုချက်ကိုကြည့်လျှင်ကား၊ လက်ရှိကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ရပ်ခိုင်းလိုက်ခြင်းသာ ဖြစ်ကြောင်း အဓိပ္ပါယ်ပေါ်လွင်လျက်ရှိပေသည်။

ဤသို့"နောက်ဆုတ်ပါ"ဟု သုယ်ဝိုက်သည့်နည်းဖြင့်ပြောဆိုရခြင်းမှာကား နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး၍ငြိမ်းချမ်းရေးတည်ဆောက်သည့်နည်းကို သူတို့အနေဖြင့် မနှစ်သက်သောသဘောရှိသော်လည်း၊ ဤသို့သောသဘောထားကို ပြည်သူလူထုမသိရှိစေအောင် ဖုံးအုပ်ထားလို ကြသောကြောင့်သာဖြစ်ပေသည်။

"ဦးဗဆွေ၏ မိန့်ခွန်းနှင့်ပတ်သက်၍ ပမညတအဖွဲ့က ဩဂုတ်လ ၃-ရက်နေ့တွင် သဘောထားကျေညာရာ၌-"

"မြို့ရွာတောပါ ပြည်သူလူထုက ငြိမ်းချမ်းရေးရရာ ရကြောင်း ခရီးလမ်းကောင်းအတွက် ကြိုးပမ်းနေစဉ် အချိန်တွင် တော်လှန်ရေးအစိုးရ၏အားနည်းချက်ချွတ်ယွင်းချက်အပေါ် လူထုကမကျေနပ်ဖြစ်သည့်အချက်ကို အခွင့်ကောင်းယူ၍၎င်း၊ အာဇာနည်နေ့ကို အခွင့်ကောင်းယူ၍၎င်း၊

"၁၀-နှစ်ကျော်ပြည်သူလူထုအား စစ်ဆင်တိုက်ခိုက်၊ အကုန်လု၊ အကုန်သတ်၊ အကုန်မီးရှို့-ပြီး၊ တိုင်းပြည် ပြာပုံဘဝကို တွန်းပို့ခဲ့သော နယ်ချဲ့၏ နောက်လိုက် ဖဆပလ တည်မြဲတို့က အသံကောင်းဟစ်ကာ၊ ငြိမ်းချမ်းရေးဒီမိုကရေစီရေးတို့၏ ပူးပေါင်းဆုံရာမျက်နှာစုံညီတွေ့ဆုံဆွေးနွေးရေးကို ဖျက်ရန်အကြံဖြင့် လုံ့ဆော်ဟောပြောလာခြင်းကို ပမညတမှ ပြင်းထန်စွာရှုတ်ချသည်။"ဟူ၍ ဖော်ပြထားသည့်အပြင်-

"အမေရိကန် နယ်ချဲ့ဆီးတို့နှင့် ဖဆ တည်မြဲ၊ ဦးဝင်းတို့၏ ပထစ အုပ်စု၊ ယင်းတို့၏ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ဘက်တော်သားများ အားလုံး၏ တွေ့ဆုံဆွေးနွေးရေးဖျက်ဆီးမှု အရပ်ရပ်မှန်သမျှကို ပြည်သူတို့က လင်းယုန်မျက်စေ့ဖြင့်သတိရှိရှိလေ့လာကြည့်ရှုတိုက်ပွဲဝင်ရန်တပ်လှန့်နှိုးဆော်သည်။"ဟူ၍ထိုကျေညာချက်တွင်ဆက်လက်ဖော်ပြထားပေသည်။

ပမညတ၏ ကျေညာချက်သည်၊ တည်မြဲဖဆပလ၊ ပထစ ဦးဗိုလ် အုပ်စု၊အမေရိကန်နယ်ချဲ့သမားတို့ဦးစီးသော ဆီးတိုးစစ်အုပ်စုတို့နှင့်ပြည်ပ အပေါင်းပါတို့၏ အဖျက်အဆီး အနှောက်အယှက်တို့ကို ပြည်သူတို့ ရှေ့မှောက်သို့ အချိန်မီတင်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။

ဩဂုတ်လ ၃-ရက်နေ့တွင် မွန်ပြည်နယ်သစ်ပါတီ၊ ကောအင်ပူပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဖြစ်သော ၃-ပါတီကိုယ်စားလှယ်တို့နှင့် ပြည်သူ့ကော်မီတီအဖွဲ့ဝင်များ တွေ့ဆုံရာတွင်၊ ပြည်သူ့ကော်မီတီအဖွဲ့ဝင်က ဒီမိုကရေစီလွတ်လပ်ခွင့်မည်သို့သော အခြေအနေတွင်ရှိနေကြောင်းကို ၃-ပါတီကိုယ်စားလှယ်တို့အားတင်ပြခဲ့၏။

ထို့သို့တင်ပြရာ၌ ဥပဒေဟောင်းများ မရုပ်သိမ်းသေးရွေ့၊ ပုံနှိပ်တိုက်ဥပဒေရှိနေသရွေ့၊ ပြည်သူတို့၌ ဒီမိုကရေစီလွတ်လပ်မှု မရှိနိုင်။ ဒီမိုကရေစီ အပြည့်အဝ မရသေး။ ချုပ်ချယ်မှု ဥပဒေဟောင်းများ ရှိနေပါကပြည်သူတို့ကို ကာကွယ်ရေးအတွက်ဒီမိုကရေစီ မဖြစ်နိုင်သေး၊ အရင်းရှင်ဒီမိုကရေစီ ဖျက်သိမ်းပြီးဆိုရှယ်လစ်ဒီမိုကရေစီချီတက်မည်ဆိုသော်လည်း၊ကြားကာလ အတွင်းပြည်သူတို့ လိုလားသော ပြည်သူ့ဒီမိုကရေစီစံနစ်ကိုအစားထိုး ပေးအပ်ခြင်းမရှိသေး-စသည်ဖြင့် ထုတ်ဖော်ပြောဆိုခြဲကြောင်း။ သတင်းစာများတွင်ဖော်ပြထားလေသည်။

အခြေအနေမှာ ဤသို့ဖြစ်နေပေရာ၊ တည်မြဲ ဖဆပလနှင့် ပထစ ဦးဗိုလ်အုပ်စုတို့သည် ဤသို့သော အခြေအနေကို အခွင့်ကောင်း ယူကာ၊ ပြည်သူတို့၌ လွတ်လပ်ခွင့် မရှိ၊ ပါလီမန် ဒီမိုကရေစီကို ယုံကြည်မိလို့ မျက်နှာငယ်ရသည် ဟူသော စကားလုံးများကို သုံး ကာ၊ အသံကောင်း ဟစ်လာကြသည်။ တဖက်က အသံကောင်းဟစ်သည်နှင့် တပါတည်း၌ပင်၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန်ကြိုးပမ်းနေခြင်းကိုး နောက်သို့ "ဆုတ်ရမဲ့အချိန်ရောက်နေပြီ"ဟူ၍ ဟစ်ကြွေးရင်း ဖျက်လိုဖျက်ဆီးလုပ်ရန် စတင်အချက်ပြလိုက်လေသည်။

"ပြည်သူ့လွတ်လပ်ခွင့်ဆိုတာဟာလဲ လွတ်လပ်စွာ ရေးသားနိုင်မှု၊ လွတ်လပ်စွာ ပြောနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု အစရှိတဲ့ လူမှုအခွင့်အရေး။ ။ပြည်သူ့လွတ်လပ်ရေးဆိုတဲ့ဟာကလဲ လူထုက အာဏာဆင်းသက်ခြင်းဆိုတဲ့ ဒီမိုကရေစီရှိမှ တည်မြဲနိုင်တယ်.... ပြည်သူ့လွတ်လပ်ရေးဆိုတဲ့ လူထုမှ အာဏာဆင်းသက် တယ်ဆိုတဲ့ ဒီမိုကရေစီကို ပြန်ပေါ်အောင် ကျုပ်တို့ သတ္တိရှိရှိ ဆောင်ရွက်ကြရမယ်...."

ကျဆုံး သွားလေပြီးသော ပါလီမန် ဒီမိုကရေစီနှင့် ပတ်သက်၍ ဦးဗဆွေက အထက်ပါအတိုင်း၊ မြွက်ဟသွားလေသည်။

ဆယ်နှစ်ဆယ်မိုး အုပ်စိုးခဲ့သော ဖဆပလ အစိုးရသည် ဤပါလီမန် ဒီမိုကရေစီကို လက်ကိုင်ပြုကာ၊ ပြည်သူလူထုအား အစွမ်းကုန် နှိပ်စက်ကလူ ပြုခဲ့ကြ၏။ ပြည်သူတို့အား ဆင်းရဲမွဲတေစေခဲ့၏။ ပုဒ်မအမျိုးမျိုးထုတ်ကာ ချုပ်ချယ်ခဲ့၏၊ ဖမ်းဆီးခဲ့၏။ အပြုတ်တိုက်မည်ဟူသော ကြွေးကြော်သံဖြင့် မြည်တွင်းစစ်ဆင်ကာ ပြည်သူတို့အားသတ်ဖြတ်ညှဉ်းဆဲခဲ့၏။တိုင်းပြည်အား ပြာပုံဘဝသို့ရောက်စေခဲ့၏။

အခြား တဖက်မှလည်း၊ ဆယ်နှစ်ဆယ်မိုး ဖဆပလ အစိုးရသည် ဤပါလီမန်ဒီမိုကရေစီကိုပင်လက်ကိုင်ပြုကာ၊မိမိတို့ကိုယ်ကျိုးအတွက်အသုံး

ချခဲ့၏။ အမြစ်ထုတ်ခဲ့ကြ၏။ နယ်ချဲ့သမားတို့အား မျက်နှာချိုသွေးကာ၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြား ခဲ့သလို၊ ဗမာပြည်ကို "ဖါနိုင်ငံ"ဖြစ်အောင် လုပ်ခဲ့ကြ၏။

ပါလီမန် ဒီမိုကရေစီ

အမှန်အားဖြင့်ပါလီမန် ဒီမိုကရေစီဟူသည်မှာ ဓနရှင်လူတန်းစား၏ ခေါင်းဆောင်မှုဖြင့်၊ ဓနရှင် လယ်သမား အလုပ်သမားစသော အင်အားစု တို့က မြေရှင်ပဒေသရာဇ် စံနစ်အား ဆန့်ကျင်တိုက်ခိုက် ဖြုတ်ချပစ်ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။အတိုချုပ်ဆိုရလျှင် ပါလီမန်ဒီမိုကရေစီ သည် ဓနရှင် တော်လှန်ရေးအောင်ပွဲ၏ အသီးအပွင့်ဖြစ်၏။

"အာဏာသည် လူထုလက်တွင်း၌ရှိသည်" ဟူ၍၎င်း "ပါလီမန်၏ အာဏာသည် အချုပ်အခြာဖြစ်သည်"ဟူ၍၎င်း၊ "လွတ်လပ်ရေးနှင့်တန်းတူ ညီမျှရေး"ဟူ၍၎င်း၊ ပါလီမန် ဒီမိုကရေစီဝါဒီတို့က ကြွေးကြော်ကြသည်။ တိုင်းသူ ပြည်သားတို့၏ မဲဆန္ဒဖြင့် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲ ကျင်းပရမည်။ ဤသို့ဖြင့် ပြည်သူတို့၏ ဆန္ဒကို ပေါ်ထုတ်စေရမည်-ဟူ၍ ဆိုကြပေသည်။

မှန်ပေသည်။ဤသို့သောဓနရှင် လူတန်းစား၏ဒီမိုကရေစီအဆောက် အအုံသည် မြေရှင်ပဒေသရာဇ် လူတန်းစား၏ ဒီမိုကရေစီအလျှင်းမရှိသော အဆောက် အအုံနှင့် နှိုင်းစာလျှင် တိုး တက် သည် ဟု ဆိုနိုင် လေ သည်။ သို့သော်လည်း မြေရှင်လူတန်းစားအား ဓနရှင်လူတန်းစားက တွန်းလှန် ဖယ်ရှားပစ်လိုက်ခြင်းသည်၊ မြေရှင် လူတန်းစား နေရာတွင် ဓနရှင်လူတန်း စားက အစားဝင်ထိုးခြင်းသာဖြစ်သည်။ ချယ်လှယ် သွေးစုတ်သူ မြေရှင် လူတန်းစား၏ အာဏာကို ဖယ်ရှားကာ၊ ချယ်လှယ်သွေးစုတ်သူ ဓနရှင် လူတန်းစားက အစားဝင်ယူခြင်းသာ ဖြစ်ပေသည်။ ဓနရှင်လူတန်းစားက ထူထောင်သော ဓနရှင် ပါလီမန်ဝါဒသည်၊ ဓနရှင်တို့၏လက်နက်ကိရိယာ တရပ်ဖြစ်လာသည်။ ဓနရှင် ဒီမိုကရေစီ (ဝါ) ပါလီမန် ဒီမိုကရေစီသည် အလုပ်သမားလယ်သမားစသော ပြည်သူတို့အားချယ်လှယ်သွေးစုတ်ရာတွင် ၎င်း၊ ဖိနှိပ်ချုပ်ချယ်ရာတွင်၎င်း၊ ဓနရှင် လူတန်းစားက အသုံးပြုသော လက်နက်ကိရိယာဖြစ်ပေသည်။ ပါလီမန်ဒီမိုကရေစီသည် ဤသို့အားဖြင့် ဓနရှင် အာဏာရှင်စံနစ်ကို ကျင့်သုံးရာတွင်၊ ဓနရှင်လူတန်းစား၏လက်နက် ကိရိယာဖြစ်လာရပေသည်။

သို့သော် ဓနရှင်လူတန်းစားသည် ဓနရှင်ပါလီမန်၏ လူတန်းစား လက္ခဏာကို ဖုံးအုပ်ထားလိုကြသည်သာဖြစ်ပေသည်။ ဓနရှင် ပါလီမန်ကို ပြည်သူတရပ်လုံး၏ မှီခိုရာ လံလျှောင်းရာ အဆောက်အအုံကြီးအဖြစ် ဝါဒ ဖြန့်ကြသည်။ "လူထုမှ အာဏာဆင်းသက်သည်"ဆိုသောစကားကို အလွဲ သုံးစား ကြွေးကြော်ဝါဒဖြန့်ကြသည်။ ပါလီမန်ဒီမိုကရေစီ၏ လူတန်းစား လက္ခဏာ (ဝါ) ဓနရှင် လူတန်းစား၏ လက်ကိုင်ဒုတ် ဖြစ်သည်ဆိုသော အချက်ကို ဤသို့သောစကားယဉ်၊ စကားလှတို့ဖြင့် ဖုံးကွယ်ကာ၊ အလုပ် သမား၊ လယ်သမားစသော ပြည်သူတို့အား လိမ်လည် လှည့်ဖြားကြသည်။

ဤသို့သော လိမ်လည် လှည့်ဖြားမှုမျိုးသည် ဓနရှင် လူတန်းစား နှင့် ဓနရှင်ကိုယ်စားလှယ်များ၏ လက်သုံးစကား ဖြစ်၍နေပေသည်။

ဤသို့ဖြစ်လေရာ တည်မြဲ ဖဆပလနှင့် ဦးဗိုလ်အုပ်စုတို့က ပါလီမန် ဒီမိုကရေစီကို အမှန်းတင်နေခြင်းသည် ထူးဆန်းသည်ကား မဟုတ်ပေ။ ပါ လီမန် ဒီမိုကရေစီကို လက်ကိုင်ဒုတ်အဖြစ် အသုံးချကာ၊ ၁၀-နှစ် ၁၀-မိုး ပြည်သူလူထုအား ချယ်လှယ်ခြင်း၊ ဖိနှိပ်ခြင်း ပြုခဲ့ပြီး၊ မိမိတို့ ကိုယ်ကျိုး အတွက်၎င်း၊ နယ်ချဲ့သမားတို့၏ အကျိုးစီးပွါး အတွက်၎င်း၊ လုပ်ဆောင် ခဲ့ကြသော ဖဆပလ အစိုးရ၏ လုပ်ဇန်းကို၊ ပြည်သူတို့က မိမိတို့၏ အတွေ့ အကြုံအရ သိရှိကြပြီး ဖြစ်ပေသည်။

ကျဆုံးလေပြီးသော ပါလီမန် ဒီမိုကရေစီအား ဦးဗဆွေနှင့်ဦးဝင်း တို့က လွမ်းဆွတ်အောက်မေ့ နေကြစေကာမူ၊ ပြည်သူလူထုအနေဖြင့်ကား ဆိုရှယ်လစ် ဒီမိုကရေစီ ကြွေးကြော်သံ အကောင်အထည်ပေါ်ရေးအတွက် အာရုံစိုက်သာကြပြီ ဖြစ်ပေသည်။

ပြည်သူ့ ဒီမိုကရေစီ

ဓနရှင် ဒီမိုကရေစီကို ဖျက်သိမ်း၍၊ ဆိုရှယ်လစ်ဒီမိုကရေစီသို့ ချီတက် ရာတွင်၊ ပြည်သူ့ ဒီမိုကရေစီကို ဖြတ်သန်း သွားရန်ရှိပေရာ၊ ပြည်သူ့ ဒီမို ကရေစီကို ဓနရှင်ဒီမိုကရေစီနေရာ၌ အစား ထိုးပေးခြင်း မပြုမခြင်း၊ပါလီ မန် ဒီမိုကရေစီ သမားတို့အဘို့ ပြည်သူတို့အား ဆက်လက် လှည့်ဖြားရန် အခွင့်အရေး ရှိနေလိမ့်ဦးမည်ဟု ဟု ယူဆနိုင်ပေသည်။

စင်စစ်အားဖြင့်ပြည်သူ့ ဒီမိုကရေစီ ဆိုသည်မှာ၊ဓနရှင်ဒီမိုကရေစီနှင့် ဆိုရှယ်လစ်ဒီမိုကရေစီစပ်ကြားရှိ၊စပ်ကူးမတ်ကူး အခြေအနေအချိန်ကာလ တွင်၊ မရှိမဖြစ်-ရှိအပ်သော စံနစ်တရပ်ဖြစ်ပေသည်။

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် ဓနရှင်စနစ်ကို ဖျက်သိမ်းပစ်ခြင်း မပြုဘဲ၊ဓနရှင်စနစ်ကို အကန့်အသတ် ပြုခြင်းသာ ဖြစ်ပေသည်။ နယ်ချဲ့စနစ်ကို မောင်းနှင်ထုတ်ပစ်ခြင်း၊ မြေရှင်ပဒေသရာဇ်ကို တွန်းလှန်ချခြင်းပြုလေသည်။

ဓနရှင်စနစ်အနေဖြင့် ပြည်သူလူထုအား ချယ်လှယ်သွေးစုတ်ခြင်း၊ ဖိနှိပ် ချုပ်ချယ်ခြင်းမပြုနိုင်စေရန် ကန့်သတ်ထားခြင်းနှင့် ဓနရှင်စနစ်အား ဖျက်သိမ်းပစ်ခြင်း မပြုသေးဘဲထားခြင်းကြောင့်၊ ပြည်သူ့ဒီမိုကရေစီစနစ်အား ဓနရှင်စနစ်သစ်ဟုလည်း ခေါ်နိုင်လေသည်။

ပြည်သူ့ဒီမိုကရေစီ စနစ်ကို ထူထောင်ရာတွင် အလုပ်သမားလူတန်းစား၏ဦးဆောင်မှုဖြင့်၊ အလုပ်သမား လယ်သမား မဟာမိတ် အပေါ်တွင် အခြေပြု၍ အလုပ်သမား လယ်သမား- ဓနရှင်ပေါက်စများ ဒီမိုကရေစီလိုလားသူများ၏ မဟာမိတ်ဖွဲ့မှုကို လိုအပ်ပေသည်။ စက်မှုလုပ်ငန်းရှင်များဖြစ်သော အမျိုးသားဓနရှင်တို့အား၊ ပြည်သူ့ ဒီမိုကရေစီစနစ်ကို ထောက်ခံလာအောင် ဆွဲဆောင် သိမ်းသွင်း ရပေလိမ့်မည်။ သိမ်းသွင်း၍ မရမီ အတောအတွင်းတွင်- ကြားထိုင် နေစေရပေလိမ့်မည်။

ထို့ကြောင့် ပြည်သူ့ဒီမိုကရေစီ စနစ်မှာ၊ ဓနရှင်နိုင်ငံများရှိ ဓနရှင်စနစ်မျိုး (ဝါ) ဓနရှင်ဟောင်း စနစ်လည်းမဟုတ်၊ ဆိုရှယ်လစ်စနစ်လည်း မဟုတ်သေးဘဲ၊ဆိုရှယ်လစ်စနစ်ကို ဦးတည်သွားရာအခြေခံကို တည်ဆောက်ပေးမည့် ဓနရှင်စနစ်သစ် (ဝါ) ဒီမိုကရေစီသစ်စနစ် ဖြစ်ပေသည်၊ ဓနရှင်လူတန်းစားက အာဏာယူထားသည့် ဓနရှင် အာဏာရှင်စနစ် (ဝါ)ဓနရှင်ဒီမိုကရေစီဟောင်း စနစ်မဟုတ်ဘဲ၊ အလုပ်သမား၊ လယ်သမား၊ ဓနရှင်ပေါက်စနှင့် ဒီမိုကရေစီကို လိုလားသူများက အာဏာခွဲဝေယူထားကြသော ဓနရှင် ဒီမိုကရေစီသစ်စနစ် (ဝါ) ဒီမိုကရေစီသစ်စနစ် (ဝါ) အလုပ်သမား လယ်သမား အာဏာရှင်စနစ် ဖြစ်ပေသည်။

ဓနရှင် အာဏာရှင် စနစ်တည်းဟူသော ဓနရှင်ဒီမိုကရေစီဟောင်းစနစ်နှင့် ပစ္စည်းမဲ့အလုပ်သမားအာဏာရှင် စနစ်တည်းဟူသော ဆိုရှယ်လစ်ဒီမိုကရေစီစနစ် ၂-ရပ်၏စပ်ကြားရှိ၊အလုပ်သမားလယ်သမားအာဏာရှင်စနစ်တည်းဟူသော ပြည်သူ့ဒီမိုကရေစီစနစ် (ဝါ) ဓနရှင်ဒီမိုကရေစီသစ်စနစ် (ဝါ)ဒီမိုကရေစီသစ်စနစ်ကိုထူထောင်ရာတွင်၊မော်စီတုံ-လီနင်ဝါဒကိုရှေ့ဆောင် လမ်းညွှန် အဖြစ် ခံယူကျင့်သုံးသော၊ ပစ္စည်းမဲ့အလုပ်သမားတို့က ဦးဆောင် ရပေလိမ့်မည် ဖြစ်ပေသည်။

ဤသို့ဖြစ်လေရာ၊ ဓနရှင်ဒီမိုကရေစီဟောင်း စနစ်နှင့် ဓနရှင်ဒီမိုကရေစီသစ်စနစ် (ဝါ) ပြည်သူ့ ဒီမိုကရေစီ စနစ်တို့သည်၊ တခုနှင့်တခု အနှစ်သာရ၌ရော၊ အသွင် သဏ္ဌာန်၌ပါ ကွဲပြားခြားနားလေသည်။ ဓနရှင်ဒီမိုကရေစီသစ်စနစ်နှင့် ဆိုရှယ်လစ် ဒီမိုကရေစီ စနစ်တို့မှာမူ၊ အသွင်သဏ္ဌာန်အားဖြင့် ခြားနားမှု ရှိသော်လည်း၊ အနှစ်သာရအားဖြင့်ကား ခြားနားမှု မရှိကြောင်းကို တွေ့ရပေသည်။

ဓနရှင် ဒီမိုကရေစီဟောင်း စနစ်(ဝါ) ပါလီမန် ဒီမိုကရေစီစနစ်ကို ဖျက်သိမ်း ပြီးသည့် နောက်ပိုင်းတွင်၊ ပြည်သူ့ ဒီမိုကရေစီ စနစ်ကို အကောင် အထည်မဖေါ်နိုင်သေးဘဲရှိနေခြင်းသည်၊ တည်မြဲ ဖဆပလနှင့် ပထစ ဦးဗိုလ်အုပ်စုတို့အဖွဲ့ ပါလီမန် ဒီမိုကရေစီ ပြန်ဖေါ်ရေး ကြေးကြော်သံဖြင့်၊ ပြည်သူလူထုကို၊ သူတို့ဘက်ပါအောင် လှည့်ဖြားသိမ်းသွင်းနိုင်စေရန် အခါ့အခွင့် ရစေပေသည်။

ဖဆန် ပေါက်ပြန်သော အင်အားစုတို့အားဖိနှိပ်ချုပ်ချယ်ရန် ဥပဒေတို့မှအပ၊ ပြည်သူတို့အား ချုပ်ချယ်ထားသည့် ဥပဒေများကို ပြန်လည်မရုပ်သိမ်းသေးခြင်းနှင့် ပြည်သူတို့အား အကာအကွယ် ပေးသည့် ဥပဒေသစ်များ ပြဋ္ဌာန်းရာတွင် နှောင့်နှေးနေခြင်းတို့သည်၊ အမေရိကန် နယ်ချဲ့နှင့် လက်တွဲနေကြသော တည်မြဲဖဆပလနှင့် ဦးဗိုလ်တို့ အဖွဲ့ပြည်သူ့ လွှတ်လပ်ခွင့် ဆုံးရှုံးနေရပါသည်ဟူသော ကြွေးကြော်သံဖြင့်၊ ပြည်သူ လူထုအား သူတို့ဘက် ပါလာအောင် လှည့်ဖြား သိမ်းသွင်းနိုင်စေရန် အခါ အခွင့် ရစေပေသည်။

ထိုမျှသာမက ထိုသို့ ကြွေး ကြော် နိုင်ခြင်းကို အကြောင်း ယူ၍၊ နိုင်ငံရေးအရ- တွေ့ဆုံ ဆွေးနွေးသည့် နည်း ဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး ကြိုးပမ်းချက်ကို ဖျက်ဆီးပစ်ရန် ကြံစည်အားထုတ် လာကြလေသည်။

★ ★ ★

ဆယ်နှစ်ဆယ်မိုး ဖဆပလ

တည်မြဲ ဖဆပလနှင့် ဦးဗိုလ် အုပ်စုတို့သည်၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရန် ကြိုးပမ်းခြင်းကို၊ အဘယ်ကြောင့် ဖျက်ဆီးရန် ကြံစည် အားထုတ်ကြလေ သနည်း။

"ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခကိုနိုင်ငံရေးအရဖြေရှင်းမှုဖြစ်မည်ဖြစ်ကြောင်း" ဖြင့်လွှန်ခဲ့သော ဆယ်နှစ်ခန့်ကပင် ယုံကြည် လာခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း၏ အယူအဆ၊ (ဝါ) ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီသော အယူအဆကို၊ တည်မြဲ-ဦးဗိုလ်စသော ဖေါက်ပြန်ရေးသမားတို့သည်၊ အဘယ်ကြောင့် ဆန့်ကျင်တိုက်ဖျက်ရန်ကြံစည်အားထုတ်ကြလေ သနည်း-ဟုမေးစရာရှိပေသည်။

ပြည်တွင်းစစ် စတင် မဖြစ်မီက အခြေအနေ အဖြစ်အပျက်တို့သည်၎င်း၊ ပြည်တွင်းစစ် ဖြစ်ပြီးသည့်နောက် အခြေအနေ အဖြစ်အပျက်တို့သည်၎င်း၊ အထက်ပါ မေးခွန်းကို အဖြေပေးကြလိမ့်မည်ဖြစ်ပေသည်။

လွတ်လပ်ရေး မတိုင်မီခေတ်

ဂျပန်ဖက်ဆစ်တို့အား တော်လှန် တိုက်ခိုက် မောင်းထုတ် ပြီးသည့်နောက်၊ ဗမာ့ လွတ်လပ်ရေး အင်အားစုတို့သည် ဗမာပြည်တွင်းသို့ပြန်လည် ဝင်ရောက်လာသော ဗြိတိသျှ နယ်ချဲ့သမားနှင့် ရင်ဆိုင်ခဲ့ကြရပေသည်။

ဗမာပြည်သူတရပ်လုံးသည် လွတ်လပ်ရေးအတွက် တက်ကြွနေသည့် ဗမာ့တပ်မတော်၊ ပြည်သူ့ အရေးတော်ပုံပါတီ (နောင်အခါ ဆိုရှယ်လစ်ပါတီ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့သည်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ကြီးထဲတွင် တညီတညွတ်တည်း လက်တွဲကာ၊ ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက်၊ ပြည်သူလူထုအားစည်းရုံးထား လျက်ရှိသည်။

ဤသို့ဖြစ်လေရာ ဗြိတိသျှ နယ်ချဲ့ သမားသည် ဗမာ့လွတ်လပ်ရေး အင်အားစုတို့၏ ညီညွတ်ရေးအား ဖြိုခွဲပစ်ရန်နှင့်ဗမာ့လွတ်လပ်ရေးလှုပ်ရှားမှုအား အကြမ်းဖက်၍ဖိနှိပ်ရန်ကြံစည်ကြိုးစားခဲ့၏။

၁၉၄၆-ခု အောက်တိုဘာ ၁၈-ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်သည် ဗမာပြည် ကွန်မြူနစ်ပါတီအား၊ ဖဆပလ အဖွဲ့ချုပ်တွင်းမှ ထုတ်ပယ်ခဲ့ပေသည်။ ဤတွင် ဗမာ့လွတ်လပ်ရေး အင်အားစုများ၏ တစည်းတလုံးတည်းရှိမှုကို ဖြိုခွဲပစ်ရန် ဟူသောဗြိတိသျှနယ်ချဲ့သမား၏ကြံစည်ချက်သည် ပထမ ခြေလှမ်းအဖြစ် အောင်မြင်သွားခဲ့၏။

၁၉၄၇-ဇန်နဝါရီလတွင်ဗမာပြည် ကွန်မြူနစ် ပါတီသည် လွတ်လပ်ရေးအရယူရန် နောက်ဆုံးတိုက်ပွဲလမ်းစဉ်ကို ချမှတ်ကာ၊ဖဆပလကွန်မြူနစ်ညီညွတ်ရေးတည်ဆောက်ရန် ဆုံးဖြတ်ခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ခေါင်းဆောင် များသည် ၁၉၄၇-ခု ဇန်နဝါရီလအတွင်း အင်္ဂလန်ပြည်သို့သွား၍၊ အင်္ဂလိပ် အစိုးရနှင့် အရေးဆိုလျက်ရှိစဉ်၊ ဗမာ့ပြည်တဝှမ်းလုံး၌ လွတ်လပ်ရေးဆန္ဒပြပွဲများ ကျင်းပခဲ့ရာတွင်၊ ဗမာပြည် ကွန်မြူနစ်ပါတီသည် ထိုဆန္ဒ ပြပွဲများ၌ ပါဝင်ဆန္ဒပြခဲ့သည်။ တမျိုးသားလုံး၏ အရေးဆိုချက်များကို ထောက်ခံခြင်း ပြုခဲ့ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အဖွဲ့ချုပ်သည် "တနှစ်အတွင်း လွတ်လပ်ရေးရရမည်" ဟူသော ဆုံးဖြတ်ချက်ကို ချပြီးနောက်၊အင်္ဂလိပ်အစိုးရအား၊ ရာဇသံပေးလိုက်ပေသည်။ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အကြောင်းပြန်ကြားရန် ဖြစ်ပေသည်။

ထိုတောင်းဆိုချက်နှင့် ပတ်သက်၍ အင်္ဂလန်သို့ ဗိုလ်ချုပ် အောင်ဆန်းတို့ သွားရောက် ဆွေးနွေးချိန်တွင်၊ဖဆပလနှင့်ကွန်မြူနစ်ပါတီတို့သည် ပူးတွဲ၍ ဆန္ဒပြ ထောက်ခံခဲ့ကြသည်။

ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်နှင့် ကွန်မြူနစ် ပါတီတို့သည်၊ "တောင်းတာကို အေးအေးရရင်ရ၊မရရင်ချမယ်"ဟူသော ဗိုလ်ချုပ် အောင်ဆန်း၏ ကြွေးကြော်သံကို ထောက်ခံပြီးလျှင်၊ လက်နက်ကိုင်ပုန်ကန်ထကြွရန် ပြင်ဆင်လာခဲ့ကြသည်။

ဤတွင် ဖဆပလ အဖွဲ့ချုပ်၏ "တနှစ်အတွင်း လွတ်လပ်ရေးရ-ရမည်" ဟူသောကြွေးကြော်သံနှင့် ကွန်မြူနစ်ပါတီ၏ "အဆုံးသတ် အာဏာသိမ်းပွဲအတွက် ဖဆပလ ကွန်မြူနစ်ညီညွတ်ကြ"ဟူသော ဆုံးဖြတ်ချက်တို့အား အကောင် အထည် ဖေါ်ရန် စိုင်းပြင်းလာခြင်းသည်၊ ဗမာ့ လွတ်လပ်ရေး အင်အားစုများ ကွဲပြသွားခဲ့ရာမှ ပြန်လည် ရင်ကြားစေ့လာသည့် အသွင်ကိုဆောင်လာခဲ့၏။

တော်လှန်ရေးနေ့၊မေဒေးနေ့စသော နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့လှုပ်ရှားမှုတို့တွင် ဖဆပလနှင့် ကွန်မြူနစ်တို့သည် အတူတကွ ဆောင်ရွက်လာခဲ့ကြသည်။

ဗိုလ်ချုပ် အောင်ဆန်း၏ တောင်သူ လယ်သမားတို့နှင့် ပတ်သက်သော မိန့်ကြားချက်များ၊ လူမျိုးစုအခွင့်အရေးနှင့် ပတ်သက်သောမိန့်ကြားချက်များ၊ လုံးဝလွတ်လပ်ရေးနှင့် ပတ်သက်သော မိန့်ကြား ချက်များနှင့် ဖဆပလ ဆောင်ရွက်ချက်တို့သည်၊ ဗမာပြည် ကွန်မြူနစ်ပါတီ၏ "အဆုံးသတ် အာဏာသိမ်းပွဲအတွက် ဖဆပလ ကွန်မြူနစ် ညီညွတ်ကြ" ဟူသော ဆုံးဖြတ်ချက်ပါ-အချက်အလက်တို့သည် နီးစပ်မှုလည်းရှိခဲ့လေသည်။

၁၉၄၇-ခု ဇူလိုင်လ ၁၉-ရက်နေ့တွင်၊ ဗိုလ်ချုပ်အောင်ဆန်းသည် နောက်ဆုံးမိန့်ခွန်းတရပ်အဖြစ် မြွက်ကြားခဲ့ရာ၌၊

လက်ဝဲ ညီညွတ်ရေး

"လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလားဆိုဗီယက်ရုရှလိုဖြစ်ချင်သလား။ ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာပြန်လည်ထူထောင်ရေးစီမံကိန်းများကိုအမျိုးမျိုးသောနည်းများဖြင့်လုပ်မှ၊ ခပ်ရိုးရိုးဗမာစကားနှင့်ပြောရလျှင် အတော်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် နှစ်ဆယ်လောက်ကြာမှ၊ ဗမာပြည်တော်ရုံရောက်မယ်။ မလုပ်လို့ရှိရင် ယိုးဒယားတောင်မှီမှာမဟုတ်ဘူး။ အခြားတိုင်းပြည်က ခြေတလှမ်းလှမ်းရင်၊ ကိုယ်က ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံရမယ်။ အဲဒီလိုမလုပ်ရင် ဟိုလူလာလဲ မျက်နှာချိုသွေးရ၊ ဒီလူလာလဲမျက်နှာချိုသွေးရ၊ ဖါသယ်နိုင်ငံဖြစ်မှာဘဲ"

"တိတိလင်းလင်းသတိပေးခဲ့မယ်-ဗမာပြည်မှာ လူမျိုးအချင်းချင်း မကွဲဘို့ လူငယ်ပိုင်းဖြစ်သော လက်ဝဲ သမားအချင်းချင်း မကွဲဘို့ သတိပေးလိုတယ်"ဟု ဆည့်သွင်းမိန့်ကြားခဲ့ပေသည်။

ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးအတွက်အလားအလာတို့မှာလည်း တောက်ပ၍လာခဲ့ပေသည်။

သို့သော်လည်း....ဗမာ့လွတ်လပ်ရေး ခင်အားစုများ ပြန်လည် ညီညွတ်စည်းလုံးလာတော့မည်ကို အလန့်ကြီးလန့်လာသော နယ်ချဲ့သမားတို့သည် ဗိုလ်ချုပ်အောင်ဆန်းတို့အားဇူလိုင်၁၉-ရက်နေ့တွင်လုပ်ကြံသတ်ဖြတ်လိုက်တော့သည်။

နယ်ချဲ့သမား၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အကွ ခေါင်းဆောင်များကျဆုံးရခြင်းဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီက တိုင်းပြည်သို့တင်ပြခဲ့သည်။

ဦးနုခေါင်းဆောင်လိုက်သော ဖဆပလ အဖွဲ့နှင့် ဖဆပလ အစိုးရကမူ၊ ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသူမှာ-ဂဠုံစော- တဦးတည်းပင်ဖြစ်သည်ဟူသော သဘောဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့်ကိစ္စတွင် တကယ့်တရားခံမှာ နယ်ချဲ့လက်ကိုင်ဒုတ်ဦးစော မဟုတ်ဘဲ၊နယ်ချဲ့သမားသာဖြစ်သည်ဟူသောအချက်ကို တိုင်းပြည်သို့အတိအလင်းကျေညာ၍ ပြည်သူတို့အား လှုံ့ဆော်စည်းရုံးပြီး လုံးဝလွတ်လပ်ရေးအတွက် တခါတည်း အာဏာလွှဲအပ်ပေးရန် ဗြိတိသျှနယ်ချဲ့ သမားတို့ထံမှ ခပ်တင်းတင်းတောင်းဆိုရမည် ဖြစ်သော်လည်း ဖဆပလ အဖွဲ့သည် ပြည်သူလူထု၏ ဒေါသကိုချော့သိပ်ပေးခဲ့လေသည်။ ခေါင်းဆောင်ကြီးများ ကျဆုံးသွားရသည့်အတွက် ပြည်သူတို့အား ဝမ်းနည်းစေရုံဝမ်းနည်းစေရန် ဖန်တီးပေးခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ပြည်သူလူထု၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓါတ်သည် ကျဆင်းသွားခြင်းမရှိဘဲ လုံးဝလွတ်လပ်ရေး-ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးဆန္ဒသည် ပြင်းထန်လာခဲ့လေသည်။

ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး

ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် ဖဆပလ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ၊ ညီညွတ်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ဖ ဆ ပ လ ခေါင်းဆောင်များနှင့် ကွန်မြူနစ်ခေါင်းဆောင်များ ညီညွတ်ရေးအတွက် စကားကမ်းလှမ်းနေကြပြီ ဟူသောသတင်းသည် ပြည်သူလူထု တရပ်လုံးအားပို၍ စိတ်အားတက်ကြွလာစေခဲ့သည်။

သို့သော်ဇူလိုင် ၁၉-ရက်နေ့မှစ၍ ၄-လနီးပါး ဆွေးနွေးပြီးသည့်နောက်တွင် ဖဆပလနှင့်ကွန်မြူနစ်ညီညွတ်ရေးမဖြစ်နိုင်ဟူ၍ဖဆပလအဖွဲ့က နိုဝင်ဘာလ ၁၃-ရက်နေ့တွင် ကြေညာလိုက်လေရာ၊ညီညွတ်ရေး ဆန္ဒပြင်းပြလျက်ရှိသော ပြည်သူတို့သည် တုန့်လှုပ်ချောက်ချားသွားခဲ့ရပေသည်။

ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးသည်တတိုင်းတပြည်လုံး၏အကျိုးကိုဖြစ်ထွန်းစေနိုင်ပေသည်။ ဂျပန်ဖက်ဆစ်တို့အား မောင်းထုတ်နိုင်ခဲ့သည်

မှာ ဖဆပလ အတွင်း၌ လွတ်လပ်ရေးအင်အားစုများ တစု တစည်းတည်း ရှိခဲ့သောကြောင့်ဖြစ်ပေသည်။

ဗမာ့တော်လှန်ရေးကို တားဆီးရန် ဗြိတိသျှနယ်ချဲ့သမားကအလိုရှိပေသည်။ ဖဆပလနှင့် ကွန်မြူနစ်ပါတီ ပြန်လည် ညီညွတ်ရေးကို နယ်ချဲ့သမားကမလိုလားပေ။ ဖဆပလ အဖွဲ့က ကွန်မြူနစ်ပါတီနှင့်ညီညွတ်ရေးကို ပယ်ချလိုက်ခြင်းသည် နယ်ချဲ့သမား၏အလိုဆန္ဒနှင့် ကိုက်ညီသွားပြီး၊ ပြည်သူလူထုအလိုဆန္ဒနှင့်ကား၊ ဆန့်ကျင်ခဲ့လေသည်။

ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးနှင့်ပတ်သက်၍ တဖက်နှင့် တဖက် အပြန်အလှန် စာပေးစာယူပြုခဲ့ကြသည်။ ထိုအပြန်အလှန် ပေးစာတို့အရ၊ ကွန်မြူနစ်ပါတီနှင့် ဖဆပလ ခေါင်းဆောင်တို့သည် နိုင်ငံရေးအရရင်း၊ စည်းရုံးရေးအရရင်း၊ သေနင်္ဂဗျူဟာအရရင်း၊ နည်းပရိယာယ်အရရင်း၊ သဘောတူညီကြပေသည်။ ထိုသို့ သဘောတူ ကြပြီးသည့် နောက် တွင်မှ၊ မရေရာသောအကြောင်းပြချက်ဖြင့်၊ ဖဆပလ သည်ညီညွတ်ရေးကို ပယ်ချလိုက်ခြင်းဖြစ်ပေသည်။

ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးနှင့်ပတ်သက်၍၊ ၁၄-၈-၄၇နေ့စွဲပါ ပေးစာတွင်ကွန်မြူနစ်ပါတီကအခြေခံအချက် ၃-ချက်ကိုတင်ပြခဲ့၏။ ထိုတင်ပြချက်ကို ဖဆပလအဖွဲ့က ဆွေးနွေးစဉ်းစားကြပြီးနောက် ၂၅-၈-၄၇-နေ့စွဲဖြင့် ဖဆပလက ကွန်မြူနစ်ပါတီသို့ စာပြန်ကြားခဲ့၏။ ထိုပြန်ကြားစာအရ ကွန်မြူနစ်ပါတီကတင်ပြသော ညီညွတ်ရေး အခြေခံ-၃ ချက်ကို လက်ခံကြောင်းဖော်ပြထား၏။

ညီညွတ်ရေး ပထမ အခြေခံအဖြစ်၊ ၁၉၄၆-ခုဇန်နဝါရီလ ဖဆပလ ပြည်လုံးကျွတ် ညီလာခံကြီးက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို အခြေခံရန်ဟူ၍ ကွန်မြူနစ်ပါတီက တင်ပြခဲ့၏။ထိုအချက်နှင့်ပတ်သက်၍ ဖဆပလ အဖွဲ့ချုပ်ကပြန်ကြားရာတွင်-

"ဖဆပလ အဖွဲ့ချုပ်၏ရည်မှန်းချက်အဖြစ်ဖြင့် ၎င်းဆုံးဖြတ်ချက်များကိုပင် သတ်မှတ်ထားရုံမက ဖ ဆ ပ လ အစိုးရအဖွဲ့ကိုလည်း၊ ၎င်းဆုံးဖြတ်ချက်များကိုပင်အခြေပြုရန်ညွှန်ကြားထားပြီးဖြစ်ပါသည်"ဟု ဖော်ပြထားလေသည်။

ညီညွတ်ရေး၏ ဒုတိယ အခြေခံအဖြစ် ဖဆပလ စည်းရုံးရေးနှင့် ပတ်သက်သော အချက်များကို ကွန်မြူနစ်ပါတီက တင်ပြခဲ့၏။ ဖဆပလ အဖွဲ့ချုပ်က ၎င်းအချက်နှင့် စပ်လျဉ်း၍ပြန်ကြားရာတွင်-

"အကယ်၍ ပြင်ဆင်ရန်လိုသည်ဆိုက၊ ၎င်းကိစ္စမှာ ပြည်လုံးကျွတ် ညီလာခံသာ အာဏာပိုင်ဖြစ်၍။၎င်းညီလာခံတွင် တင်သွင်းပြင်ဆင် ရန်သာ ဖြစ်ပါသည်"ဟုဖော်ပြထား၏။

(စည်းရုံးရေးနှင့်ပတ်သက်သော ၎င်းကိစ္စမှာ-ဖဆပလ၏ အာဏာပိုင်အဖွဲ့များတွင် တဦးချင်းပုဂ္ဂိုလ်တို့၏ကိုယ်စားလှယ်က ၅၀-ရာခိုင်နှုန်းနှင့် အဖွဲ့လိုက် ဆက်ထားသော အဖွဲ့များက ၅၀-ရာခိုင်နှုန်း ပါဝင်ရေးကိစ္စကို ကွန်မြူနစ်ပါတီကတင်ပြခဲ့ခြင်းဖြစ်၏။)

ညီညွတ်ရေး၏ တတိယအခြေခံအဖြစ် ကွန်မြူနစ်ပါတီ၏ သီးခြား လွတ်လပ်ခွင့်နှင့်ပတ်သက်၍ ကွန်မြူနစ် ပါတီက တောင်းဆို တင်ပြ ခဲ့၏။ ဖဆပလက ၎င်းအချက်နှင့် ပတ်သက်၍ပြန်ကြားရာတွင်-

"ကိုယ့်အဖွဲ့၊ကိုယ့်စည်းမျဉ်း ကိုယ့်ဝါဒကိုစွန့်လွှတ်ရန် ဖဆပလ အဖွဲ့ချုပ်သည်မည်သည့်အဖွဲ့အစည်း၊မည်သည့်ပါတီကိုမှ မတောင်းဆိုခဲ့ပေ။ သီးခြား လွတ်လပ်ခွင့်ကိုတခြားပါတီများအား ပေးသလိုကွန်မြူနစ်ပါတီအားလည်း ပေးမည်ဖြစ်သည်။"

"သို့သော် တခုသော ချွင်းချက်ကား မည်သူမဆို မည်သည့်အဖွဲ့ပါတီမဆိုဖဆပလနှင့် ညီညွတ်စွာဆောင်ရွက်မည်ဟုဂတိပြုပြီး၍ ညီညွတ်စွာဆောင်ရွက်စဉ်အတွင်း မိမိတို့အပါအဝင်ဖြစ်သော ဖဆပလတွင် အများသဘောတူ ဆုံးဖြတ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ အပြင်စင်မြင့်နှင့် စာနယ်ဇင်း အစရှိသည်များမှ ဝေဖန် ပုတ်ခတ်မှုများကိုကား လက်ခံမည် မဟုတ်ချေ။

"သို့သော် ဖဆပလအဖွဲ့ချုပ်၏တိုးတက်မှုအတွက်ကားအဖွဲ့ချုပ်ဝင် အပေါင်းတို့သည် အတွင်းတွင် လွတ်လပ်စွာဆွေးနွေးဝေဖန်နိုင်ခွင့်ရှိသည်။ မိမိတို့ယုံကြည်ချက်ကို ကျန်လူများက လက်ခံအောင်ပြောဆိုနိုင်ခွင့်ရှိသည်" ဟုဖော်ပြထားလေသည်။

အထက်ပါ ဖဆပလ၏ ပြန်ကြား ချက်တို့ကို ကွန်မြူနစ် ပါတီက သဘောတူ လက်ခံသည်ဟု ၈-၉-၄၇ နေ့စွဲပါစာအရကွန်မြူနစ်ပါတီက ဖဆပလသို့ ပြန်ကြားခဲ့ပေသည်။

"အထက်ပါအကြောင်းတို့ကြောင့် ငါတို့တင်ပြသော အချက် ၃-ချက်နှင့်ပတ်သက်၍ ဖဆပလ အဖွဲ့ချုပ်နှင့်ငါတို့သည် သဘောတူညီချက်ရရှိပေပြီ"ဟူ၍လည်း ထိုပြန်ကြားစာတွင် ထည့်သွင်းဖော်ပြထား၏။

ထို့ပြင်ဖဆပလ၏ ၂၅-၈-၄၇ နေ့စွဲဖြင့် ကွန်မြူနစ် ပါတီသို့ ပြန်ကြားစာတွင် ဖဆပလ၏ ညီညွတ်ရေးအခြေခံ အချက် ၅-ချက်ကို ဖော်ပြထားသည်ဖြစ်ရာ၊ ၎င်းတို့မှာ-

"(၁) ကွန်မြူနစ်များ၏ ပယောဂ၊ ကွန်မြူနစ်များ၏ ဖန်တီးမှုများကြောင့်ဖြစ်ပေါ်သော ဖဆပလ လုပ်ငန်းစဉ် နည်းပရိယာယ်များနှင့် ဆန့်ကျင်နေသည့် ဆူပူသောင်းကျန်းမှုအပေါင်း၊ မငြိမ်မသက်မှု အပေါင်း၊ ဖန်တီးလိုက်မှုအပေါင်းကို ကွန်မြူနစ်တို့က ရပ်စဲပစ်ရမည်။ (၂) ကွန်မြူနစ်တို့က ဖဆပလ၏ နည်းပရိယာယ်မှန်ကန်ကြောင်း အသိအမှတ်ပြုရမည်။ (၃) ဖဆပလ၏ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်သွားရမည်။ (၄) ညီညွတ်ရေးရယူပြီးသည့်အချိန်မှစ၍ ဝေဖန်မှုများကို အတွင်း၌သာ လွတ်လပ်စွာဝေဖန်၍ အပြင်တွင် ဝေဖန်ခြင်းကိုလုံးဝရှောင်ကျဉ်ရမည်။ (၅) ညီညွတ်ရေးယူပြီးနောက် ဖဆပလ၏ ဆုံးဖြတ်ချက်များအတိုင်း လိုက်နာ၍ အကောင်အထည် ဖြစ် အောင် လုပ်ဆောင်သွားရမည်...''ဟူ၍ဖြစ်၏။

ဖဆပလ၏ ညီညွတ်ရေးမူ ၅-ချက်နှင့် ပတ်သက်၍ ကွန်မြူနစ် ပါတီ၏ ၈-၉-၄၇ နေ့စွဲပါပြန်ကြားစာတွင် အောက်ပါအတိုင်းဖော်ပြထား၏။

ဖဆပလ အဖွဲ့ချုပ်မှ သတ်မှတ်သော ညီညွတ်ရေးအခြေခံ အချက် ၅-ချက်ကို တချက်စီမဖြေကြားမီ၊ ယေဘုယျအားဖြင့် ပြန်ကြားလိုပါသည်။

"ငါတို့သည်ညီညွတ်ရေးရရှိရန်အတွက်နိုင်ငံရေးနှင့်ပတ်သက်၍၎င်း၊ စည်းရုံးရေးနှင့်ပတ်သက်၍၎င်း၊ အခြေခံမူများကို တင်ပြခဲ့၏။ နိုင်ငံရေးမူများ၊ စည်းရုံးရေးမူများနှင့်ပတ်သက်၍လည်း သဘောတူညီချက် ရခဲ့ပြီ၊

"သေနင်္ဂဗျူဟာ နည်းပရိယာယ်တို့နှင့်ပတ်သက်၍လည်း ဖဆပလ အဖွဲ့ချုပ်သို့ ငါတို့ပေးစာတွင် ပါရှိခဲ့၏။ လွတ်လပ်ရေး၊ စည်းလုံးသော ဗမာပြည် ထူထောင်ရေး၊ အရာရှိဆိုးများ တိုက်ခိုက်ရေး၊ လူမျိုးရေး အဓိကရုဏ်းများမဖြစ်ရေး၊ ချုပ်ချယ်ထားသော ဥပဒေများ ရုပ်သိမ်းရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေး စသည်တို့အတွက် ဖဆပလ အဖွဲ့ချုပ်က ကြီးမှူးပြီး လူထုတိုက်ပွဲများဆင်နွှဲနိုင်ရန်နှိုးဆော်ပြီးနောက် အောက်ပါအတိုင်း ငါတို့ ရေးသားခဲ့၏။

"ဤကဲ့သို့ တိုက်ပွဲကြီးများဆင်နွှဲနေစဉ်၊ ထိုလောလော ဆယ် ကိစ္စကလေးများအတွက်၊ ဗမာပြည်ယာယီအစိုးရက

ဆောင်ရွက်ပေးရမည်။ ဆောင်ရွက်မပေးနိုင်ပါက၊ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားပြည်သူလူထုသည် မိမိတို့ လက်ငင်း လိုလားချက်များအတွက် အင်္ဂလိပ် လက်ဝါးကြီးအုပ်များ အရင်းအနှီးမြှုပ်နှံပြီးကိုယ်ကျိုးရှာသူများ မြေရှင်ဆိုးများ အရာရှိဆိုး များကို တိုက်ပွဲ ဆင်ကြရပေလိမ့်မည်။

"ထိုအခါ၌ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု၏ သေနင်္ဂဗျူဟာ လက်နက်ဖြစ်သော ပြည်သူလူထု၏ အားကိုးမှုကို ရရှိနေသည့် ယာယီအစိုးရသည် အလုပ်သမား၊ လယ်သမားတို့ကို ကာကွယ်ပေးရမည်။

"၎င်းပြင် ဗမာပြည် ယာယီ အစိုးရ သည် ဤကိစ္စများတွင် တိုက်ရိုက် ဝင်ရောက် စွက်ဖက်ပြီး အလုပ်သမား လယ်သမား အဖွဲ့ အစည်းများ၏ အကူအညီ ဖြင့် ပြဿနာများကို ဖြေရှင်းရမည်။ တနည်းအားဖြင့် ဆိုလျှင် ပြည်သူလူထု၏ လောလောဆယ် လိုလားချက်များအတွက် လူထုတိုက်ပွဲကတဖက်၊ အစိုးရကတဖက်၊ နှစ်ဖက်ညှပ်ပြီး တိုက်ပွဲဆင်ရမည်။

"ဖဆပလ အဖွဲ့ချုပ်မှ ငါတို့ထံ ပြန်ကြားသည့် စာတွင်လည်း ဤကဲ့သို့ပါရှိ၏။ 'လောလောဆယ် ကိစ္စကလေးများနှင့် လောလောဆယ် လိုလားချက်များအတွက် လူထုတိုက်ပွဲကတဖက် အစိုးရတို့ကတဖက် ၂-ဖက် ညှပ်၍တိုက်သည့်နည်းပရိယာယ်ကို ဖဆပလ အဖွဲ့ချုပ်သည် ရှေးကပင် လုပ်ခဲ့၏။ ယခုလည်းလုပ်လျက်ရှိပေသည်။'

"အထက်ပါတို့ကိုကြည့်ပါမူကား၊ နိုင်ငံရေး၊ စည်းရုံးရေး မူများ သာမက၊ သေနင်္ဂဗျူဟာ နည်းပရိယာယ်စသည်တို့နှင့်ပတ်သက်၍ ဖဆပလ အဖွဲ့ချုပ်နှင့် ငါတို့သည် လုံးဝသဘောတူညီချက်ရပြီဟု ဆိုနိုင်ပေသည်။

"သို့အတွက်ကြောင့် ညီညွတ်ရေးနှင့်ပတ်သက်၍ သဘောတူညီပြီး၊ သောနိုင်ငံရေးမူများ၊စည်းရုံးရေးမူများ၊ သေနင်္ဂဗျူဟာနှင့်နည်းပရိယာယ် များအပြင်၊မည်ကဲ့သို့သော အခြေခံ အချက်သစ်များနောက်ထပ် လိုသေး သည်ကို နားမလည်နိုင်အောင်ရှိတော့သည်။

"ထိုအချက်များကိုလည်း ဘယ်ကဲ့သို့ ဖြေရမည်ကိုလည်း ငါတို့ မသိအောင်ဖြစ်တော့၏။

"ထိုမှတပါးညီညွတ်ရေးတပ်ပေါင်းစုတည်ဆောက်ရာတွင်တူညီသော နိုင်ငံရေးမူများ၊ တူညီသောစည်းရုံးရေးမူများ၊ တူညီသော သေနင်္ဂဗျူဟာ တူညီသောနည်းပရိယာယ်တို့အပေါ်တွင် အခြေစိုက်ပေရာ၊ ဖဆပလ အဖွဲ့ချုပ်က သတ်မှတ်လိုက်သော ညီညွတ်ရေးအခြေခံအချက် ၅-ချက်သည် အထက်တွင် နှစ်ဦးနှစ်ဖက်စလုံးက သဘောတူညီခဲ့သော နိုင်ငံရေးမူများ စည်းရုံးရေးမူများ၊ သေနင်္ဂဗျူဟာ နည်းပရိယာယ်တို့နှင့် မည်ကဲ့သို့ကွာခြားသည်ကို ငါတို့မမြင်နိုင်ပေ"-ဟုဖော်ပြထား၏။

ကွန်မြူနစ်ပါတီသည် ဖဆပလ၏အခြေခံမူ ၅-ချက်ကိုတချက်စီပြန်လည်ရှင်းလင်း ဖြေကြားပြီးသည့်နောက် ညီညွတ်ရေးရသည်နှင့် တပြိုင်နက် လူထုပြဿနာများကို ညီညီညာညာ စုပေါင်းဝိုင်းဝန်းဖြေရှင်းခြင်းအားဖြင့် ကောန်မူချဖြေရှင်းနိုင်မည်ဟု တထစ်ချယုံကြည်ကြောင်း။ "သောင်းကျန်းမှုများ"လည်း ရှိနိုင်တော့မည်မဟုတ်ကြောင်းဖြင့် ရေးသား ဖော်ပြထားပေသည်။

နယ်ချဲ့အလိုကျ-ညီညွတ်ရေးပယ်

ကွန်မြူနစ်ပါတီ၏ ပြန်ကြားစာနှင့်ပတ်သက်၍ ဖဆပလအဖွဲ့ချုပ်က ၂၃-၁၀-၄၈ နေ့စွဲဖြင့် စာပြန်ကြားလိုက်လေသည်။ ထိုစာထဲတွင် ဖဆပလအဖွဲ့ချုပ်မှ ချမှတ်ပေးသောအချက် ၅-ချက်ကို အကြွင်းမဲ့လက်ခံခြင်းမပြုပါက၊ ကွန်မြူနစ်ပါတီအား ဖဆပလ အဖွဲ့ချုပ် အတွင်းသို့ ပြန်လည်သွတ်သွင်းရေးအတွက် ဆက်လက်ဆွေးနွေးရန် မလိုတော့ကြောင်းဖြင့် ပါရှိပေသည်။

အမှန်အားဖြင့် နိုင်ငံရေးမူ၊စည်းရုံးရေးမူနှင့်သေနင်္ဂဗျူဟာ နည်းပရိယာယ်ဖြစ်သော တကယ့်အခြေခံအချက်များတွင် ၂-ဦး ၂-ဖက်စလုံး သဘောတူညီကြပြီးဖြစ်လေသောကြောင့်၊ တညီတညွတ်တည်း ရှေ့အဘို့ ဆောင်ရွက်သွားရန်သာရှိတော့လင့်ကစား ဖဆပလအဖွဲ့ချုပ်သည် ကွန်မြူနစ်ပါတီအား မှားသည်ဟုစွပ်စွဲကာ အမှားကိုဝန်ခံခိုင်းခြင်း၊ ဆရာလုပ်သည်ဟု စွပ်စွဲခြင်း၊ ကွန်မြူနစ်ပါတီ၏ တင်ပြသော အခြေခံ ၃-ချက်ကို "ရာဇသံ ၃-ချက်"ဟူ၍ ယူဆပြီး အပြစ်ဖို့ခြင်း ဖဆပလ အဖွဲ့ချုပ်ထက် လူထုကို စေတနာပိုသယောင်ယောင် အမြဲတင်စီးရေးသားသည်ဟု ကွန်မြူနစ်ပါတီအား စွပ်စွဲအပြစ်တင်ခြင်းများ ပြုလိုက်ပေသည်။

ဖဆပလအဖွဲ့ချုပ်ထဲသို့ ကွန်မြူနစ်ပါတီ ပြန်လည်ဝင်ပြီးသည့် အခါတွင် ကွန်မြူနစ်ပါတီသာမက အခြားသော ပါတီများ၊ အဖွဲ့များ

နှင့် ပုဂ္ဂိုလ်အားလုံးတို့သည်။ ဖဆပလ ချမှတ်ထားသော စည်းကမ်းချက်များ၊ ဆုံးဖြတ်ချက်များကိုလိုက်နာဆောင်ရွက်သွားရမည်ပင်ဖြစ်ပေသည်။ ကွန်မြူနစ်ပါတီကလည်း ဤအတိုင်းယုံကြည်နားလည်ထားကြောင်းပြန်ကြားခြင်းပြုခဲ့ပေသည်။

သို့သော်လည်း ပါတီတိုင်း အဖွဲ့တိုင်း ပုဂ္ဂိုလ်တိုင်းက လိုက်နာကျင့်သုံး ဆောင်ရွက် သွားရမည့် အချက်များကို ကွန်မြူနစ်ပါတီတခုအဘို့သာ သတ်မှတ်ပေးသလိုဖြစ်နေပေသည်။

မည်သို့ပင်ဖြစ်စေ ဤသို့သော မယောင်ရာဆီလူးသည့်အကြောင်းပြချက်၊ မရေရာသော အကြောင်းပြချက်တို့ဖြင့် ဖဆပလသည် ကွန်မြူနစ်ပါတီနှင့် ညီညွတ်ရေးမလုပ်နိုင်ဟု ပယ်ချခဲ့ပေသည်။

ဤသို့ဖြင့် ဖဆပလသည် နယ်ချဲ့သမား အကြိုက်ကို လိုက်ခဲ့လေတော့သည်။

အမှန်အားဖြင့် ဖဆပလခေါင်းဆောင်တို့သည်။ မိမိတို့ ဦးစီးထားသော အစိုးရအား လူထုအစိုးရဟု ယူဆထားခဲ့ကြသည်။ ဗျူရိုကရေစီ၊ ပုဒ်မ ၅-နှင့် အခြားသောဖိနှိပ်ချုပ်ချယ်မှု ဥပဒေတို့နှင့် တန်ဆာဆင်ထားပြီး၊ ပြည်သူတို့၏ စားဝတ်နေရေးပြဿနာတို့ကို ဖြေရှင်းပေးနိုင်သော အင်အားလည်းမရှိသော နယ်ချဲ့ သမားတို့၏ အုပ်ချုပ်ရေး စက်ယန္တရားကို ဖဆပလအဖွဲ့ချုပ်ကြီးက ပြည်သူ့ အုပ်ချုပ်ရေး စက်ယန္တရားကြီး အဖြစ် ယူဆခဲ့ကြ၏။

ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကိုဆန့်ကျင်သူ၊နယ်ချဲ့သမားကို ဆန့်ကျင်သူ၊ ကွန်မြူနစ်ပါတီအား ပြည်သူ့ရန်သူဟု ဖဆပလက ယူဆခဲ့၏။

ပြည်တွင်းစစ်တရားခံ

ဤသို့ဖြင့် ဖဆပလသည် နယ်ချဲ့သမားအား အလျော့ပေးစေ့စပ်သည့်ဘဝ၌ပင်။ တဝဲလည်လည်ဖြစ်နေခဲ့၏။

သို့သော် ကွန်မြူနစ်ပါတီသည် ဖဆပလ ကွန်မြူနစ်ညီညွတ်ရေးကို လက်လွှတ်ခြင်း မရှိခဲ့ပေသည်။

ဖဆပလသည် နိုင်ငံရေး သဘောကွဲလွဲမှုများကို နိုင်ငံရေးအရ ဖြေရှင်းရန် သဘောမထားတော့ဘဲ။ ဗျူရိုကရေစီ အုပ်ချုပ်ရေး အာဏာကို သုံးခြင်း၊ ဖိနှိပ်ချုပ်ချယ်သော ဥပဒေ ပုဒ်မများကို သုံးခြင်းအားဖြင့် အမျိုးသားညီညွတ်ရေးကို ဝေးသည်ထက် ဝေးအောင် လုပ်ခဲ့ကြ၏။

၁၉၄၇-ခု၊ ဒီဇင်ဘာလ ၂၀-ရက်နေ့တွင် ကျင်းပသည့် ဖဆပလ ညီလာခံကြီးတွင် ဥက္ကဋ္ဌဖြစ်သူ ဝန်ကြီးချုပ် ဦးနုက အောက်ပါအတိုင်း မိန့်ခွန်းပြောခဲ့လေသည်။

"ကျွန်တော်တို့ ဖဆပလ ခေါင်းဆောင် တွေထဲမှာ မင်းသားကြီး မလုပ်ရယင်၊ ပတ်မကြီးထိုးဖေါက်ချင်တဲ့လူတွေ အတော်ဏလေးများတယ်။ မင်းသားကြီးလုပ်ချင်တဲ့ ရောဂါထက် ပိုပြီးဆိုးတဲ့ရောဂါကတော့ တခြားဟာမဟုတ်ဘူး။ ရဘဲ့အာဏာကို အလွဲသုံးစားလုပ်ချင်တဲ့ ရောဂါတဲ့။ ဒီရောဂါဟာ ဖဆပလထဲမှာ နဲနဲအစပြုလာပြီ။အမှုအခင်းနိုင်စေအောင် အလုပ်ရစေအောင် ပြောပေးမယ်ဆိုပြီး ငွေယူကြ တယ် ဆိုတာ တွေ ပုဒ်မ ၅-နဲ့ ချောက်လှန့်ပြီး ငွေတောင်းကြတယ်ဆိုတာတွေ။ ဌာန ချုပ် ရဲ့ အရှိန်နဲ့ နယ်အရာရှိတွေကို အနိုင်ကျင့်ပြီး၊ မတရားတဲ့နည်းလမ်းတွေနဲ့ စီးပွားရှာတယ်ဆိုတာတွေ ဖဆပလကို အကာအကွယ်ယူပြီး ခိုးဆိုးတိုက်ခိုက်နေကြတယ်ဆိုတာတွေ အတော်ဏလေးများနေကြပြီ"။

ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်းပါ စကားများအရ ဖဆပလ ခေါင်းဆောင်များသည် နယ်ချဲ့ သမားနှင့် စေ့စပ်ရင်း၊ ပြည်သူ့ လွတ်လပ်ရေး အရေးတော်ပုံ မပြီးဆုံးသေးခင် လမ်းတစက်မှာပင်။ ဖေါက်ပြန်ပြုလာသည်ဆိုသော အချက်ကိုရင်း။ နှောင် ၃-လကျော် အကြာတွင် ဖြစ်ပေါ်လာသော ပြည်တွင်းစစ်၌ ဖဆပလနှင့်ဖဆပလအစိုးရ၏စက်ယန္တရားကြီးတို့ အနေဖြင့် တာဝန်ရှိသည်ဆိုသော အချက်ကိုရင်း။ ပေါ်လွင်စေပေသည်။

အမှန်အားဖြင့် ဖဆပလနှင့် ဆိုရှယ်လစ် ပါတီသည် ဗျူရိုကရေစီ အုပ်ချုပ်ရေးစက်ယန္တရားကို ဖယ်ဖျက်၍ ဒီမိုကရေစီ အုပ်ချုပ်ရေးစက်ယန္တရားကိုထူထောင်ရမည့်အစား ဗျူရိုကရေစီအုပ်ချုပ်ရေး စက်ယန္တရားကိုဖါထေးခြင်း၊ ဟိုတကွက်ဆည်တကွက် ပြင်ဆင်ခြင်း တစိတ်စီတပိုင်းစီ ဖယ်ရှားအစားထိုးခြင်း ပြုခဲ့ကြလေသည်။

တဖန်တဖက်ကလည်း ထိုစက်ယန္တရားကို မိမိတို့၏ အကျိုးစီးပွား နယ်ချဲ့သမားနှင့် ပဒေသရာဇ်တို့၏ အကျိုးစီးပွါးအတွက် ကွက်၍အသုံးချကာ၊ စား၀တ်နေရေးကျပ်တည်းလျက်ရှိသောအလုပ်သမားတို့၏လှုပ်ရှားမှု၊ လယ်သမားတို့၏ လှုပ်ရှားမှုစသော ပြည်သူ့ လှုပ်ရှားမှုတို့အား တားဆီးနှိပ်ချိုးပစ်ရန်အတွက်သာ အသုံးပြုခဲ့ကြသည်။

ဤသို့ဖြင့် ဖဆပလ အဖွဲ့ချုပ်သည် နယ်ချဲ့သမားနှင့် အပေါင်းပါတို့အား လုံးဝ ဒူးထောက်အရှုံးပေးရေးဆီသို့ရွေ့ရှုနေခဲ့၏။

၁၉၄၈-ခု ဇန်နဝါရီလ ၄-ရက်နေ့တွင် လွတ်လပ်ရေးကြေညာပြီးသည့်နောက်ပိုင်း၌ အင်္ဂလိပ်နယ်ချဲ့သမားတို့သည် စီးပွါးရေးနှင့် စစ်ရေး နှောင်ကြိုးများကို ခိုင်သည့်ထက်ခိုင်စေအောင် လုပ်လာခဲ့၏။ ဗမာ့နိုင်ငံရေး အာဏာကိုလည်း အသွားတုံးအောင် လုပ်လာခဲ့၏။ ဗမာ့ငွေကြေးထုတ်ဝေရေးကိစ္စကို ကြိုးကိုင်လျက်၊ စီးပွါးရေး အခွင့်အရေးများ ပိုမိုရရှိအောင် ကြိုးစားလာခဲ့၏။ ကုမ္ပဏီကြီးတို့က စစ်လျော်ကြေးကို ကုဋေနှင့်ချီ၍ တောင်းလာခဲ့၏။ လက်ဝါးကြီးအုပ် လုပ်ငန်းကြီးများကို တိုင်းပြည်ပိုင် မလုပ်နိုင်ရန် အနှောင့်အယှက်ပေးလာခဲ့၏။ အမေရိကန် နယ်ချဲ့သမားတို့ကလည်း၊ ဒေါ်လာတပြုပြုလုပ်ကာ၊ မြှူဆွယ်လာခဲ့၏။ ဤသို့ဖြင့် ဗမာပြည်အားနယ်ချဲ့သမားတို့၏ စစ်အုပ်စုဘွင်းသို့ သွတ်သွင်းရန် ဖဆပလ အစိုးရအား နယ်ချဲ့အလိုတော်ရိ ဘဝသို့ လုံးဝဥသုံရောက်လာစေရန်နှင့် ဗမာပြည်တွင်းသို့ ဒေါ်လာကို ရင်ဝယ်ပိုက်ကာ အမေရိကန် နယ်ချဲ့သမားတို့ဝင်လာနိုင်စေရန် လမ်းခင်းခဲ့ပေသည်။

နု-အက်တလီစာချုပ်

ဗမာပြည်ကွန်မြူနစ်ပါတီသည်နု အက်တလီစာချုပ်တွင်ပါရှိသော အချက်အလက်တို့ကို တိုင်းပြည်သို့တင်ပြခဲ့၏။

နု အက်တလီစာချုပ်အရ ဗမာပြည်တွင်းရှိ ဗြိတိသျှ စီးပွါးရေး လုပ်ငန်းများအား ယခင်က ရရှိခဲ့သော အခွင့် အရေးများ အတိုင်း ဆက်လက်ပေးရလေသည်။ ထိုလုပ်ငန်းများကို နိုင်ငံပိုင်လုပ်လျှင် ဗြိတိသျှအစိုးရနှင့် သဘောတူညီမှုရပြီးမှရင်း၊ ဗြိတိသျှကုမ္ပဏီများနှင့် လျော်ကြေးကိစ္စ၌သဘောတူညီမှုရပြီးမှရင်း လုပ်ပါမည်ဟုဂတိပြုထားရ၏။ ဗြိတိသျှနှင့်မနုသဟာရနယ်ပါယ်အတွက်ပိုမိုအခွင့်အရေးရရှိစေသော ဆိပ်ကမ်းအကောက်အခွန်စံနစ်ကိုဆက်လက်တည်မြဲစေရ၏။ ဗမာ့ငွေကြေးစံနစ်တခုလုံးကိုဗြိတိသျှနယ်ချဲ့လက်၌လုံးဝအပ်ထားရ၏။

နု အက်တလီစာချုပ်အရ ဗြိတိသျှနယ်ချဲ့သမားတို့ယခင်က ချုပ်ဆိုခဲ့သော စာချုပ်အားလုံးကို ဆက်လက်တည်မြဲစေပါမည်ဟု ဂတိပြုရ၏။ ဤသို့ဖြင့် ဗြိတိသျှနယ်ချဲ့နှောင်ကြိုးများကို နိုင်ငံတကာရေးရာကိစ္စတို့၌ ဆက်ခံထားရ၏။

လက်ကျာ-ဖရီးမင်စာချုပ်အရ ဗမာ့လက်နက်ကိုင် တပ်များကို ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးက ချယ်လှယ်နိုင်လာ၏။ ဗမာ့ရေဆိပ်၊ လေဆိပ်များကိုဗြိတိသျှ

စစ်သဘော်များ-လေယာဉ်ပျံများက အသုံးပြုနိုင်ခွင့်ရှိ၏။ဗြိတိသျှနေ့သဟာယ လက်နက်ကိုင်တပ်များသည်ဗမာပြည်ကိုဖြတ်သန်းသွားနိုင်ခွင့်ရရှိကြ၏၊

ဤသို့အချုပ်အနှောင်များအပြင် ဗြိတိသျှနယ်ချဲ့သမားတို့၏ မဟာမိတ်ကြီးများဖြစ်ကြသော မြေရှင်ပဒေသရာဇ်များကိုဗြိတိသျှလက်ထက်က ထက်ပင် ပို၍အာဏာပေးအပ်လာရ၏။ ရှမ်းစော်ဘွားတို့၏ အာဏာသည် လွတ်လပ်ရေးရပြီးသည့်နောက် ပို၍ပင်ကြီးမားလာ၏။ ဗြိတိသျှ နယ်ချဲ့၏ ဗျူရိုကရေစီစံနစ်ကိုလည်း ဆက်လက်တည်မြဲစေ၏။ ဤစီမံချက်အရတိုင်းရင်းသားအရင်းရှင်များအတွက် မျှော်လင့်ချက်မရှိသောကြောင့်၊ လိုင်စင်စံနစ်ဖြင့် တိုင်းရင်းသားအရင်းရှင်တို့အား နှစ်သိမ့်စေ၏။

တော်လှန်ရေး အင်အား စုများကို ခွဲပစ်ကာ၊ အချုပ်အနှောင် အမျိုးမျိုးဖြင့်ရစ်ပတ်ပြီးနောက် ဤသို့လျှင်နယ်ချဲ့မဟာမိတ်အင်အားစုများကိုအင်အားဖြည့်ပေးခဲ့လေသည်။

နယ်ချဲ့အခြေခံစခန်းများကို ဖျက်သိမ်း၍ တကယ့် လွတ်လပ်ရေး ရရှိရန်နှင့် ပြည်သူ့ ဒီမိုကရေစီစံနစ်ကိုတူထောင်ရန်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူတို့အား တင်ပြကာ တင်လှန်နှိုးခဲ့၏။ဤသို့ဖြင့် ဖဆပလ နှင့်ဆိုရှယ်လစ်အာဏာပိုင်တို့၏ မှိုင်းတိုက်မှုအောက်မှ ပြည်သူတို့သည် လွတ်မြောက်စပြုလာခဲ့၏။ပြည်သူတို့သည် လှုပ်ရှားလာခဲ့၏။ တော်လှန်ရေး အရှိန်လည်းပြန်တက်လာခဲ့၏။ ဤတော်လှန်ရေးအရှိန်သည် ဗြိတိသျှနယ်ချဲ့ သမားနှင့် စေ့စပ်ခြင်းတည်းဟူသော ဖဆပလဆိုရှယ်လစ်တို့၏ သရုပ်သဏ္ဍာန်ကိုဘွင်းဘွင်းကြီးပေါ်လာစပြုခဲ့၏။

ပြည်တွင်းစစ် တရားခံ ဖဆပလ

ဤတွင် ဖဆပလ ဆိုရှယ်လစ်တို့သည် တော်လှန်ရေးအရှိန်ကို အစ တုံးလုပ်ပစ်ရေးအတွက် ဗမာပြည်ကွန်မြူနစ်ပါတီဝင်အားလုံး၊ကွန်မြူနစ်ပါတီနှင့်ဆက်သွယ်ထားသော လူထု လူတန်းစား အဖွဲ့အစည်းတို့မှ ခေါင်းဆောင်အားလုံးကို၊ ၁၉၄၈-ခု မတ်လ၊ ၂၈-ရက်နေ့နံနက်တွင်တတိုင်းတပြည်လုံး၌ဖမ်းဆီးလေတော့၏။

ဤသို့ဖြင့် ပြည်တွင်းစစ်မီးသည်ထ၍ တောက်လာခဲ့တော့၏။

နိုင်ငံရေး အရအယူအဆကွဲလွဲချက်တို့နှင့်နယ်ချဲ့သမားအားအလျော့ပေး စေ့စပ်ချက်များအား၊ ဗမာပြည် ကွန်မြူနစ်ပါတီက ပြည်သူလူထု ရှေ့မှောက်သို့တင်ပြခြင်းပြုသည့် အတွက် ပြည်သူလူထု၏ ဝိုင်းပယ်ခြင်းခံရ

သည့်အန္တရာယ်ကို စိုးရိမ်လာခဲ့သော အကြောက်ကြီး ကြောက်လာခဲ့သော ဖဆပလ ဆိုရှယ်လစ်ပါတီအစိုးရသည်၊ ဤသို့ဖြင့်ဗမာပြည်ကွန်မြူနစ်ပါတီ အား ပါးစပ်ပိတ်ရန် ကြိုးစားခဲ့ခြင်းသာဖြစ်ပေသည်။

"တိုင်းပြည်မှာ သူပုန်ထပြီး ဆူဆူပူပူဖြစ်နေခြင်းသည်၊ ပါလီမန် ဒီမိုကရေစီကို အပြည့်အဝမပေးလို့ ဖြစ်သည်။"

"ပါလီမန်ဒီမိုကရေစီစံနစ်ဆိုသည်မှာ အာဏာမရှိသူကို၊ အာဏာ ရှိသူက မညှင်းဆဲမှသာလျှင်ဖြစ်မည်"ဟူ၍-တည်မြဲဖဆပလ ဒုတိယ ဥက္ကဋ္ဌ နှင့် ဒု ဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်းက၊ ၁၉၆၂-ခု ဖေဖေါ်ဝါရီလ ၁၈-ရက်နေ့တွင် ကျင်းပသော ရန်ကုန်ခရိုင် ဖဆပလ လူငယ်ညီလာခံတွင် မိန့်ကြားလိုက်ပေသည်။

ပြည်တွင်းစစ်ဖြစ်လာခဲ့သည့် သက်တမ်း ၁၄-နှစ်ထဲသို့ ရောက်ချိန် ကျမှပင်၊ပထစ အစိုးရ လက်ထက်တွင် အာဏာလက်မဲ့ဖြစ်လာချိန် ကျမှပင်၊ ဦးကျော်ငြိမ်းက- ဤသို့ ဖွင့်ဟဝန်ခံခြင်းပြုလိုက်ပေသည်။ အကယ်၍သာ ၁၉၄၈ ခုပြည်တွင်းစစ်ဖြစ်ခါစက ဤသို့ထုတ်ဖေါ်ပြောခဲ့ပြီး၊ မိမိအမှား ကိုရိုးရိုးသားသားဝန်ခံခဲ့ပါက၊ ပြည်တွင်းစစ်သည် ဤမျှရှည်ကြာ နေလိမ့် မည်မဟုတ်ဟု ယူဆရပေသည်။

အကယ်၍သာ ထိုစဉ်အခါက ပြည်သူတို့အားဒီမိုကရေစီလွတ်လပ် ခွင့်၊နိုင်ငံရေးသဘောကွဲလွဲမှုကို လွတ်လပ်စွာတင်ပြခွင့်ပြုခဲ့ပါမူ ပြည်တွင်း စစ်ပင်ဖြစ်လာနိုင်စရာရှိမည်လည်းမဟုတ်ပေ။

ထိုစဉ်ကဆိုလျှင်ဗမာ့စီးပွါးရေးတရပ်လုံးသည်ဗြိတိသျှနယ်ချဲ့သမား တို့၏လုံးဝဥဿုံ သိမ်းပိုက်ထားခြင်းကိုခံခဲ့ရသည်။ ရေနံလုပ်ငန်းတွင်ဗြိတိသျှ ဘီအိုစီ၊ သတ္တုလုပ်ငန်းတွင် မော်ချီမိုင်းနှင့် ဘားမားကော်ပိုရေးရှင်းခေါ် ဗြိတိသျှကုမ္ပဏီများ ၊သစ်လုပ်ငန်းတွင် အောဘီတီစီတီးမက္ကရိကာစသော ဗြိတိသျှကုမ္ပဏီများ၊ရော်ဘာလုပ်ငန်းတွင်လည်းဗြိတိသျှကုမ္ပဏီများ၊ သယ် ယူပို့ဆောင်ရေးလုပ်ငန်းတွင်ဗြိတိသျှပိုင် ရောဝတီကုမ္ပဏီ၊ ဆန်စပါးတင်ပို့ ရောင်းချရေးလုပ်ငန်းတွင်စတီးဘရားသားကုမ္ပဏီ၊ဘဏ်လုပ်ငန်းတွင်လွိုက် ဘဏ်နှင့်အင်ပီးရီးယယ်လ်ဘဏ် စသည်ဖြင့် ဗြိတိသျှ နယ်ချဲ့ အရင်းရှင်တို့က ချယ်လှယ်နေခဲ့ကြ၏။

ဤသို့လျှင် ဗြိတိသျှနယ်ချဲ့ အရင်းရှင်ကုမ္ပဏီတို့က ဗမာ့ စီးပွါးရေး တရပ်လုံးအား ချယ်လှယ်နေသည့်အလျောက်၊ ၁၉၄၈-ခုနှစ်မှစ၍၊ဗြိတိသျှ ကုမ္ပဏီများသည် လုပ်ငန်းများ ရပ်စဲကာ စီးပွါးရေး ကျပ်တည်း စေရန် ဖန်တီးနိုင်ခဲ့ကြ၏။

ဘီအိုစီသည် ရေနံတွင်းများကို ပိတ်ထားခဲ့ပြီး ယခင်က နှစ်စဉ် နိုင်ငံခြားသို့ ရေနံတင်ပို့နိုင်ခဲ့သည့် အခြေမှ နိုင်ငံခြားမှ ရေနံ သွင်းယူလာရသည့် နိုင်ငံဘဝသို့ ရောက်လာရ၏။ များစွာသော ရေနံ အလုပ်သမားတို့မှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရ၏။

ဘားမားကော်ပိုရေးရှင်းသည် နမ္မတူ သတ္တုတွင်းများကို ပိတ်ပစ်ခဲ့သဖြင့် အလုပ်သမားပေါင်း များစွာ အလုပ်လက်မဲ့ ဖြစ်ခဲ့ရ၏။ ဆန်စပါး ဈေးကိုနှိမ်လာခဲ့၏။ ဗြိတိသျှနယ်ချဲ့သမားသည် တိုင်းရင်းသားတို့၏ ရောင်းဝယ်ရေးလုပ်ငန်းတွင် ငွေချေးငှားခြင်းမပြုဘဲနေခဲ့၏။ ဤနည်းဖြင့် ဗမာ့စီးပွါးရေးတရပ်လုံးအား လုံးဝပျက်ပြားစေမည့် အခြေသို့ ရောက်စေမည့်အထိ ဗြိတိသျှနယ်ချဲ့သမားတို့က အကျပ်ကိုင်ခဲ့၏၊

ဖဆပလ အစိုးရသည် ပြည်သူလူထုတရပ်လုံးအား စည်းရုံးလှုံ့ဆော်၍ ဗြိကိသျှ နယ်ချဲ့သမားတို့အား ခုခံတိုက်ခိုက်ရမည့်အစား ဗြိတိသျှနယ်ချဲ့သမား၏အကျပ်ကိုင်မှုကြောင့်ဖြစ်ပေါ်လာရသော ပြည်သူ့လှုပ်ရှားမှုတို့ကို ဗြိတိသျှနယ်ချဲ့သမား၏ ရှေ့မှ မားမားမတ်မတ်ရပ်၍ နှိမ်နင်းခဲ့၏။

ဤသို့ဖြင့်ဖဆပလ ဆိုရှယ်လစ် အာဏာပိုင်တို့သည် နယ်ချဲ့အကျိုးပြု လုပ်ငန်းများကို ဆက်တိုက်လုပ်ခဲ့ရင်း၊ နယ်ချဲ့သမားအလိုကျ ပြည်တွင်းစစ်မီးသည် ထတောက်လာခဲ့တော့၏။

နု-မူ ၁၅-ချက်

ဤသို့ ပြည်တွင်းစစ်မီး ထတောက်လာခြင်းကို ပြည်သူတို့ကလိုလားခြင်းမရှိကြပေရာ ဖဆပလခေါင်းဆောင် တို့သည် နုမူ ၁၅-ချက်ကို တိုင်းပြည်သို့ ထုတ်ပြန်ခဲ့၏။ ထိုမူ ၁၅-ချက်အရ တောခို ကွန်မြူနစ်ပါတီနှင့် ညီညွတ်ရေးတည်ဆောက်မည်ဟု ကြေညာခဲ့၏။

နု-မူ ၁၅-ချက်မှာ ဤသို့ဖြစ်ပေသည်။

"(၁) ယခုအခါ အင်္ဂလိပ်နှင့် အမေရိကန် နိုင်ငံများနှင့်နိုင်ငံရေးအရင်း၊ စီးပွါးရေးရေးအရင်း၊ အဆက်အသွယ်ရှိဘိသကဲ့သို့၊ ဆိုဗီယက်ရုရှားနှင့် အရှေ့ဥရောပ ဒီမိုကရေစီနိုင်ငံများနှင့် ချက်ခြင်း နိုင်ငံရေး၊ စီးပွါးရေးအဆက်အသွယ်ကို ယူရန်။

"(၂) လက်ဝါးကြီးအုပ် ဓနရှင် လုပ်ငန်းများကို သိမ်း၍ တိုင်းပြည်ပိုင်လုပ်ရန်၊ တိုင်းပြည်ပိုင်လုပ်ငန်းများကို အစိုးရနှင့်အလုပ်သမားများ ပူးပေါင်းအုပ်ချုပ်ရန်၊ နေထိုင် စားသောက်လောက်သော အခကြေးငွေ

တနေ့လုပ်ချိန် ၈-နာရီ၊ စည်းရုံးနိုင်ခွင့်၊ သပိတ်မှောက်နိုင်ခွင့်၊ အိုနာစာရိတ်ငွေ စသောအခွင့်အရေးများကို ပေးရန်၊ သိမ်းပြီးမှ လျော်ကြေးကိစ္စကို ဆုံးဖြတ်မည်။

"(၃) ပြည်ထောင်စု သမတ မြန်မာနိုင်ငံ၏ ထွက်ကုန် ဝင်ကုန် နိုင်ငံခြားကူးသန်း ရောင်းဝယ်ရေးကို နိုင်ငံတော်အစိုးရက တိုက်ရိုက်လုပ်ရမည်။

"(၄) လန်ဒန်တွင် ဆက်လက် ထားရှိသော ငွေရေး ကြေးရေး စီမံမှုအဖွဲ့ကို မြန်မာပြည်သို့ ရွှေ့ပေးရမည်။

"(၅) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွါးရေး၊ စစ်ရေး သီးခြားကင်းလွတ်မှုကို ထိပါးစေမည့် နိုင်ငံခြား အကူအညီ ဟူသရွေ့ မယူရန်။

"(၆) ဗမာပြည်ထောင်စု တပ်မတော်ကို ပြည်သူ့ ဒီမိုကရေစီတပ်မတော်အဖြစ်ဖြင့် ပြုပြင်ဖွဲ့စည်းရန်၊ ဖဆပလဒုတိယ ကွန်ဂရက်ဆုံးဖြတ်ချက်အမှတ် (၇)တွင်ပါသည့် ကာကွယ်ရေး အစီအစဉ်များကိုဆောင်ရွက်ရန်။

"(၇) မြေရှင်ကြီးစံနစ်ကို ဖျက်သိမ်းပြီး မြေယာ လုပ်သားများကိုသာ ဝေငှ ချထားပေးရန်။

"(၈) တိုင်းပြည်တွင် စက်မှုလက်မှု ထွန်းကားရန်၊ ကာလအပိုင်းအခြားနှင့် စီမံကိန်းတရပ်ဆွဲပြီး စတင် အလုပ်လုပ်ရန်။

"(၉) တောင်တန်းဒေသများတွင်ပြည်သူ့ အစိုးရများတည်ထောင်ရန်။

"(၁၀) ဗျူရိုကရေစီစက်ယန္တရားကြီးကိုဒီမိုကရေစီအုပ်ချုပ်ရေးစက်ယန္တရားဖြစ်အောင် ပြောင်းလဲပစ်ရန်။

"(၁၁) ဖိနှိပ်ချုပ်ချယ်ရေး ဥပဒေများကို ပယ်ဖျက်ရန်။

"(၁၂) ဓနရှင်ကြီးများက အလုပ်သမားတို့၏ နေရေး ထိုင်ရေး အဆင့်အတန်းနှင့် အခွင့်အရေးများကိုထိပါးတိုက်ခိုက်နေသည်ကိုပူးပေါင်းတုံ့ပြန်တိုက်ခိုက်ရန်၊ နေရေးထိုင်ရေးစရိတ်ကြီးသည်နှင့် ကာမိသောစရိတ်ပေးရန်အစိုးရ အမှုထမ်းများ၏ အခွင့်အရေးများ အတွက်လည်း အခြားအလုပ်သမားများနည်းတူ ပူးပေါင်း ကာကွယ်ရန်။

"(၁၃) မြို့နေဆင်းရဲသားများနှင့် အညွှန်းဆဲခံ လူလတ်တန်းစားများအတွက် အိမ်ခွန် အိမ်ခလျှော့ရေး၊ အိမ်နေရာချထားရေး သမဝါယမဖွဲ့စည်းပေးရေး၊ မှောင်ခိုရေးတိုက်ဖျက်ရေးများတွင် ပူးပေါင်း ဆောင်ရွက်ရန်၊

"(၁၄) လူတိုင်း မသင်မနေရ ပညာသင်ကြားရေး၊ ကိုယ်လက်ကျန်းမာရေး၊ ယဉ်ကျေးမှု စသည်များတွင် အစိုးရ အကူအညီကို ယူပြီး လက်ဝဲအဖွဲ့အစည်းများက ဦးစီးကာ အခြား အဖွဲ့အစည်းအားလုံးနှင့်ပူးတွဲ ဆောင်ရွက်သွားရန်။

"(၁၅) ဆိုရှယ်လစ်ကွန်မြူနစ်ပြည်သူ့ရဲဘော်နှင့်အခြားမာ့က်စ်ဝါဒလိုလားသူပုဂ္ဂိုလ်များပါဝင်သောမာ့က်စ်ဝါဒလေ့လာရေး အဖွဲ့တခုဖွဲ့စည်းရန်။ မာ့က်စ်အိန်ဂျယ်လ်၊ လီနင်၊ စတာလင်-မော်စီတုံး-တီးတိုး၊ ဒီမိုထရေ့ဖ်စသောမာ့က်စ်ပါရဂူများ၏စာပေ များကိုလေ့လာ ဆွေးနွေးရန်နှင့်ပြန့်ပွားအောင် လုပ်ရန်"

ဟူ၍ဝန်ကြီးချုပ်ဦးနု၏ကျေညာချက်တွင်လုပ်ငန်းစဉ်၁၅-ချက်ကို ဖေါ်ထား၏။ ထိုနောက်ကျေငြာချက်တွင် အောက်ပါ အတိုင်းဆက်လက် ဖေါ်ပြထား၏။

"အထက်ပါ လုပ်ငန်းစဉ်ကို သဘောတူညီပြီး နောက် ပါလီမန်နှင့် အစိုးရအဖွဲ့များရှိ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များသည်။ ပြည်ထောင်စုသမတမြန်မာ နိုင်ငံတော်အစိုးရ အနေနှင့် ထိုလုပ်ငန်းစဉ်ကို ဘယ်လို လုပ်နိုင်သည်ကို ဆွေးနွေးကြသည်။ ဆုံးဖြတ်ချက်များနားလည် သဘော တူမှုများပြုကြသည်၊ ၎င်းတို့ အနက် ဒီမိုကရေစီတော်လှန်ရေး၏ သော့ချက် ၂-ခုဖြစ်သော အောက်ပါဆုံးဖြတ်ချက် ၂-ရပ်ကို ချက်ခြင်းကျေညာရန် လိုလေသည်။

"(ပဌမ) မြေပိုင်ရှင်ကြီးစံနစ်ကို ဖျက်သိမ်း၍ မြေယာ လုပ်သားများကိုသာ ဝေငှ ချထား ပေးရေးဥပဒေကို လာမည့် စက်တင်တာလ ပါလီမန်တွင် တင်သွင်းဆုံးဖြတ်ရန်။ (၁)အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် ကိုယ်ထိလက်ရောက် မလုပ်ကိုင်သော မြေပိုင်ရှင်များ၏ လယ်ယာကိုင်းမြေအားလုံးကို သိမ်းမည်။ အဓိကအသက်မွေး ဝမ်းကြောင်းအဖြစ် ကိုယ်ထိလက်ရောက် လုပ်ကိုင်နေသည့်(သို့တည်းမဟုတ်)အမှန်လုပ်ကိုင်မည့် လယ်ယာနှင့် ကိုင်းမြေများ အနက်လယ်လုပ်သူ တအိမ်ထောင်လျှင် ဧက ၅၀-လယ်ယာလုပ်သူ တအိမ်ထောင်လျှင် ၂၅-ဧက၊ နှင့် ကိုင်းလုပ်သူ တအိမ်ထောင်လျှင် ဧက ၁၀-ပိုင်ဆိုင်ခွင့်ပြုမည်။ (၂) တအိမ်ထောင်လျှင် တတုံးထွန်စီ ဝေငှချထားမည် (၃) အသီးအနှံ စုပေါင်း ရောင်းချရေး၊ တောင်သူလယ်သမားသုံး ပစ္စည်းများကို စုပေါင်းဝယ်ယူရေး၊ အရင်းအနှီး စုပေါင်းချေးငှားရေး စသည်တို့အတွက် အထွေထွေ သမဝါယမ များကို ကျေးရွာ အုပ်စုတိုင်းတွင် ဖွဲ့ပေးရမည်။(၄) မြေသိမ်းရေး၊ ဝေငှချထား

ရေးနှင့် သမဝါယမ ကိစ္စများတွင် လုံးဝ အာဏာနှင့်အပ်ခြင်း ခံရသည့် မြေယာကော်မတီကို မြေယာလုပ်သား အားလုံးတို့က ရွေးကောက် တင်မြှောက်ရမည်။ (၅) လျော်ကြေး ပြဿနာကိုသိမ်းပြီးမှ သင့်လျော်သလို ဆုံးဖြတ်မည်။ဤဥပဒေကြောင့် ငွေရေးကြေးရေး အကျပ်အတည်းတွေ့မည့် မြေရှင်ကလေးများအား အစိုးရကတနည်းနည်းဖြင့် ချက်ခြင်း အကူအညီ ပေးရန်ဖြစ်သည်။

"(ဒုတိယ) ဗျူရိုကရေစီ စက်ယန္တရားကြီးကို ဒီမိုကရေစီ အုပ်ချုပ်ရေး စက်ယန္တရားဖြစ်အောင် ပြောင်းလဲပစ်ရန်မူတခု ရေးဆွဲ ဆုံးဖြတ်ပြီးနောက်၊ကျွန်ုပ်ကိုယ်တိုင် ကက်ဘိနက်အဖွဲ့တွင် တင်သွင်းရန်၊ကက်ဘိနက်မှုဖြစ်လာလျှင်၊ အသေးစိတ် အစီအစဉ် ပြုရန် ဖြစ်သည်။ (၁) ကျေးရွာအုပ်စုတိုင်းကို ကျေးရွာလူထု ကော်မတီဖွဲ့ပြီး အုပ်ချုပ်ရန်၊ များစွာသော တရားစီရင်ခွင့် အာဏာ၊ ပုလိပ်အာဏာ၊ အခွန်တော် အာဏာများကိုအပ်နှင်းပေးရန်ဖြစ်ပေသည်။ (၂) မြို့များတွင် ရပ်ကွက် ဆိုင်ရာ လူထု ကော်မတီများ ရွေးကောက် တင်မြှောက်ပြီး အုပ်ချုပ်ရန်၊မှောင်ခိုဈေးတိုက်ဖျက်ရေး၊ ဈေးနှုန်းကန့်သတ်ရေး၊ အိမ်ခွန် အိမ်ခ မြေခစသော ကိစ္စများတွင် အခွင့် အာဏာ အပြည့်အစုံ ရရှိသော ကော်မတီများ ဖြစ်လိမ့်မည်။ (၃) မြို့နယ်နှင့် ခရိုင်များအတွက်လည်း မြို့ပိုင်နှင့် အရေးပိုင်တို့သည် မြို့နယ်နှင့် ခရိုင်လူထု ကိုယ်စားလှယ်တို့နှင့် ပူးတွဲအုပ်ချုပ်ရမည် ဖြစ်လေသည်။ တဦးတည်း အာဏာပိုင် စံနစ်ရှိမည် မဟုတ်ပေ။ (၄) အုပ်ချုပ်ရေးစက် ယန္တရားကြီး၏ အစိတ် အပိုင်းများ ဖြစ်သော အမှုထမ်း အရာထမ်းအားလုံးတို့၏ ခန့်အပ်ခြင်း၊ တိုးတက်ပေးခြင်း၊ခွင့်ရက် စည်းကမ်း ထိန်းသိမ်းရေး၊အလုပ်တွင်ကျယ်ရေး စသည်များကိုလည်း (အရာရှိ အရာထမ်း တဦးတည်း အာဏာပိုင် အုပ်ချုပ်ခြင်းမျိုး မဟုတ်ဘဲ) အရာထမ်းနှင့် အမှုထမ်းတို့၏ ကိုယ်စားလှယ်များက တွဲဖက် အုပ်ချုပ်ရေး စံနစ်ဖြစ်လိမ့်မည်၊အရာရှိဆိုသည်မှာ သက်ဆိုင်ရာဌာနတွင် အကျွမ်းကျင်ဆုံးသော တာဝန်ခံ အရာထမ်း သဘောသာဖြစ်လာလိမ့်မည်။

"အထက်ဖေါ်ပြပါ ပြဿနာ ၂-ရပ်သည် လက်ရှိ အခြေအနေအရ ပြဿနာအရပ်ရပ်၏ သော့ချက်များဖြစ်သည့် အတိုင်း၊ ၎င်း တို့ကို အသေးစိတ်လည်း ထပ်မံ ကျေညာရန် ရည်ရွယ်ပေသည်။

"အထက်ပါ လုပ်ငန်းစဉ်များကို ဆုံးဖြတ်ပြီးသော်၊ အရေးအကြီးဆုံးမှာ စည်းရုံးရေးကိစ္စဖြစ်သည့် အတိုင်း စည်းရုံးရေးကိစ္စများကို အောက်ပါအတိုင်း တင်ပြလိုက်သည်။

"(၁) ဖေါ်ပြပြီးခဲ့သော လုပ်ငန်းစဉ်မှာ တပ်ဦးနှင့် တူသော လက်ဝဲသမား တစု၏ လုပ်ငန်းမျှသာ မဟုတ်ဘဲ တပ်ကြီး တခုလုံးနှင့် တူသော ပြည်ထောင်စုတခု တမျိုးသားလုံး၏ လုပ်ငန်းစဉ်ဖြစ်ရမည် ဖြစ်သဖြင့် ထိုလုပ်ငန်းစဉ်ကို ဖဆပလ လုပ်ငန်းစဉ် အဖြစ်ဖြင့် လက်ခံအောင် ဆောင်ရွက်ရန်၊ ဖဆပလ အဖွဲ့ချုပ်ကြီး ကိုလည်း ဒီမိုကရေစီ လူထု အဖွဲ့အစည်းကြီးအဖြစ်ဖြင့်၊ မှန်သည်ထက်မှန် ခိုင်ခန့်သည်ထက် ခိုင်ခန့် အောင် တည်ဆောက်ရန် ဆုံးဖြတ်ကြသည်။

"(၂) အောက်ပါ ရည်ရွယ်ချက်များအတွက် လက်ဝဲ ကော်မတီ တခု ဖွဲ့စည်းရန်

"(က) ယခုချမှတ်ပြီးသော လုပ်ငန်းစဉ်ကို လက်တွေ့ အလုပ်ဖြစ်ရေးအတွက် လှုံ့ဆော်ရေး၊ စည်းရုံးရေး၊ တိုက်ရေး စသည် များကို ကြီးကြပ်ဆောင်ရွက်မည်။ (ခ) မတ်ခ်(စ်) လီနင် ဝါဒ တို့ကို လိုက်နာကျင့် သုံး ကြ သော လက်ဝဲ သမားတို့သည် တစည်း တလုံး တပါတီတည်း ဖြစ်ရမည်ဖြစ်ရာ လုပ်ငန်းစဉ် သတ်မှတ်ခြင်း၊ စည်းမျဉ်းရေးခြင်း၊ ပြင်ဆင်မှု အဝဝပြုခြင်း စသည်များကို ဆောင်ရွက်ရမည်၊ (ဂ) မတ်ခ်(စ်) လီနင်ဝါဒသင်ကြားခြင်း၊ ဆွေးနွေးခြင်း၊ ပျံ့နှံ့ခြင်း စသည်တို့ကို ဆောင်ရွက်မည်။

"ထိုလက်ဝဲကော်မတီတွင် ပါဝင်ရမည့် သူများမှာ ပါတီအလိုက် အစုလိုက် မဟုတ်၊ အရည်အချင်းအလိုက် ဖြစ်ရမည်။

"ထိုသို့အားဖြင့်တပါတီတည်းဖြစ်ရေးအတွက်၊ ဆိုရှယ်လစ်ပါထီကရင်းတို့ပါတီကို ဖျက်သိမ်းပေးရန်။

"ပြည်သူ့ရဲဘော်အဖွဲ့က ၎င်းတို့အဖွဲ့ကို ဖျက်သိမ်းပေးရန်၊

"ဦးသိန်းဖေက ပြည်တွင်းစစ်ဆန့်ကျင်သော ကွန်မြူနစ်များကိုယ်စားပါတီတရပ် သီးသန့်ထောင်ရန် ရည်ရွယ်ချက် မရှိခဲ့သည်ကို ဖေါ်ပြရန်။

"လက်ဝဲကော်မတီသည် တပါတီတည်းအမြန်ဆုံးဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ရန်။

"ဤဆုံးဖြတ်ချက်ကို အကောင် အထည် ဖေါ်ရာ၌ ကျွန်ုပ်သည် အဓိကအားဖြင့် အများပြည်သူလူထု၏ ညီညွတ်ရေးကို အားထားမည် ဖြစ်ကြောင်း။

"ဆိုရှယ်လစ်ပြည်သူ့ရဲဘော်ပြည်တွင်းစစ်ဆန့်ကျင်သောကွန်မြူနစ်များ၊ အလံနီအပါအဝင်နှင့် အခြား လက်ဝဲအင်အားစုများသည် ဤဆုံးဖြတ်ချက်များကိုမူတည်၍ညီညွတ်ကြလိမ့်မည်ဟုယုံကြည်ကြောင်း။ အလံနီကွန်မြူနစ်ပါတီမှရင်း။ လက်ရှိပြည်တွင်းစစ်ပြုနေသော ဗမာပြည်ကွန်မြူ

နစ်ပါတီမှရင်း။ မိမိတို့ အမှားများကို ရိုးသားစွာဝန်ခံ၍ ပြည်တွင်းစစ်လမ်းစဉ်ကို စွန့်လွှတ်လာသူများကိုလဲ အခြေအနေအရ ညီညွတ်ရေးလုပ်ငန်းကြီးသို့ လက်ခံရန်။

"သို့သော်ပြည်တွင်းစစ်ကို ဆက်လက် ဖန်တီးနေသူများနှင့် ကျွန်ုပ်တို့လုပ်ငန်းစဉ်အရ တည်ဆောက်နေကြသော အမျိုးသား ညီညွတ်ရေးနှင့် လက်ဝဲညီညွတ်ရေးကို နှောက်ယှက်သူများအား တညီတညွတ်တည်း တိုက်ခိုက်ချေမှုန်းသွားရမည်ဖြစ်ကြောင်း"။

အမှားဝန်မခံရင် အပြုတ်တိုက်မည်

အထက်ပါအတိုင်း နု-မူ ၁၅-ချက်ကို ၁၉၄၈ ခု ဇူလိုင် ၁၃-ရက်၌ ကျေညာကာ ပြည်သူတို့အားကြိုက်လုံး ပေးခဲ့လေသည်။ ဤကျေညာချက်တွင်ပါသော လုပ်ငန်းစဉ် ၁၅-ချက်နှင့် ပတ်သက်၍ ဖဆပလအဖွဲ့ချုပ်အတွင်း၌ အငြင်းပွါးခြင်းမရှိသော်လည်း၊ ကျေညာချက်၏ နောက်ဆုံးအပိုင်းတွင် တောခိုနေသူများအား အမှားဝန်ခံ ခိုင်းခြင်း၊ အမှားဝန်မခံ လက်နက်မချဘဲ နေသူတို့အား အပြုတ်တိုက်မည်ဟု ကြုံးဝါး ခြင်းတို့နှင့် ပတ်သက်၍ ထိုစဉ်က ဖဆပလထဲတွင် ရှိနေသေးသော ပြည်သူ့ရဲဘော်အဖွဲ့က သဘောတူခြင်းမရှိခဲ့ပေ။ ပြည်သူ့ရဲဘော်တို့ကလုပ်ငန်းစဉ် ၁၅-ချက်ကို ဖယ်ရှား အစားထိုးခြင်း မပြုကြဘဲ တောတွင်းမှကွန်မြူနစ်များကိုပါ ခေါ်ယူပြီးလျှင် လုပ်ငန်းစဉ်ရေးဆွဲရန်တင်ပြခဲ့ပေသည်။

ဤတွင် နု-မူ နှင့်ရဲဘော်မူ ဟူ၍ ၂-မူကွဲလာခဲ့ပေသည်။

နု-မူတွင်ပါရှိသော လုပ်ငန်းစဉ် ၁၅-ချက်ကို အစိုးရ အနေဖြင့် ရှပ်လုံးဖေါ်ရင်း၊ တောတွင်းကွန်မြူနစ်ပါတီ၏ ယုံကြည်မှုနှုန်းလည်းမှုကို၊ လက်နက်ချခိုင်းခြင်းဖြင့်ရလာလိမ့်မည်ဟုမျှော်လင့်ကြသောဖဆပလဆိုရှယ်လစ်ပါတီနှင့် ဦးသိန်းဖေမြင့်တို့ စိတ်ကူးကားယဉ်လွန်းလှပေသည်။ တောတွင်းကွန်မြူနစ်တို့အား လက်နက်ချခိုင်းခြင်းဖြင့် လက်ဝဲညီညွတ်ရေးအမျိုးသားညီညွတ်ရေး တည်ဆောက်ရန်ကြိုးစားခြင်းသည် ရယ်စရာဖြစ်မနေလေသည်။

ဤအတောအတွင်း၌ပင် ဖ ဆ ပ လ အဖွဲ့ချုပ်အတွင်းတွင်၊ ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်တို့၏ ပဋိပက္ခသည် ပြင်းထန်လာခဲ့ပေသည်။ ပြည်သူ့ရဲဘော်တို့တွင် လက်နက်ကိုင် ကာကွယ်ရေးတပ်ဖွဲ့များ၊ "သောင်းကျန်းမှု" နှိမ်နင်းရေး တပ်ဖွဲ့များနှင့်အခြား လက်နက်ကိုင်အဖွဲ့များရှိနေရာ၊

ဆိုရှယ်လစ်ပါတီသည် ထိုဘပ်ပွဲများကို လက်နက်ဖြုတ်ရန် ကြိုးစားလာခဲ့၏။

ထိုအတောအတွင်းမှာပင် ကာကွယ်ရေးဌာနဝန်ကြီး ဗိုလ်လကျ်ာ၊ ဗမာ့တပ်မတော်စစ်ဦးချုပ် စမစ်ဒွန်း၊ ရဲဗိုလ်ချုပ် ဦးထွန်းလှအောင်၊ ပြည်ထဲရေးအတွင်းဝန် ဦးကာစီစသော ပုဂ္ဂိုလ်များပါဝင်သော နိုင်ငံတော် လုံခြုံရေးကောင်စီက ဝန်ကြီးချုပ် ဦးနုအား ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့မပါသော အိမ်စောင့်အစိုးရဖွဲ့ပေးရန် တောင်းဆိုသည်ဟု ဆုံးဖြတ်ချက်ချခဲ့၏။ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွတ် ကလည်းလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို သဘောတူခဲ့၏။

လက်ဝဲ ညီညွတ်ရေး

ဤနယ်ချဲ့လုပ်ကြံမှုကို အကြောင်းပြု၍၊ လကျ်ာအန္တရာယ်ကို တားဆီးရန်ဟူသော ရည်ရွယ်ချက်ဖြင့် လက်ဝဲညီညွတ်ရေးရရှိရန်လုံးပမ်း ကြပြန်၏။လက်ဝဲညီညွတ်ရေးကောင်စီ ဟုဖွဲ့လိုက်၏။ ဆိုရှယ်လစ်ပါတီ၊ပြည်သူ့ရဲဘော်၊ တပ်မတော် ကိုယ်စားလှယ်များ ထောင်တွင်းမှလွတ်ခြင်းခံရသော ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်းနှင့် ဗိုလ်ရန်နောင်တို့ပါဝင်ကြပြီး၊ ဗိုလ်နေဝင်း(ယခုဗိုလ်ချုပ်ကြီးနေဝင်း)ကကောင်စီသဘာပတိဖြစ်ခဲ့သည်။ ကောင်စီသည် နှ-မူ ကိုပြန်ကိုင်ကြ၏။အချို့ကို ပြင်ဆင်၊အချို့ကိုတိုးချဲ့ကြ၏။

ယေဘုယျလက်ဝဲလုပ်ငန်းစဉ်ကိုအခြေခံ၍ ဆိုရှယ်လစ် ကွန်မြူနစ် ပြည်သူ့ရဲဘော်ညီညွတ်ရေးလုပ်ရန်ရည်မှန်းကြ၏။ လုံခြုံရေး ကောင်စီ၏ တောင်းဆိုချက်ကို လောလောဆယ်ဆယ်အားဖြင့် တိုက်ဖျက်ရန်၊ကာကွယ်ရေးဌာနအား ဗိုလ်ချုပ်ကြီးနေဝင်းအားပေးရန်၊ ဦးတင်ထွတ်အား နိုင်ငံခြားရေးဝန်ကြီးနေရာမှ ဖြုတ်ချပြီး၊ လက်ဝဲညီညွတ်ရေး ကောင်စီကရွေးချယ်သူတဦးဦး သို့မဟုတ် ဦးအုံးကိုခန့်ရန်ဆုံးဖြတ်ကြလေသည်။

"လက်ဝဲညီညွတ်ရေးကောင်စီမှ ဤ၍ဤမျှ ညီညွတ်သော်လည်း၊ မညီညွတ်သောကိစ္စများရှိနေသေးသည်။ အချို့ကလကျ်ာဘက်မှအန္တရာယ်ကိုအပြတ်အသတ်တိုက်လိုသည့် နည်းအတိုင်း၊ကွန်မြူနစ်ကိုအပြတ်အသတ်တိုက်လိုသည်။ အချို့ကလကျ်ာ အန္တရာယ်ကိုသာ ဦးတည်တိုက်ဖျက်လိုပြီး ကွန်မြူနစ်နှင့် မရ,ရသည့်နည်းဖြင့် စေ့စပ်လိုသည်။" ဟု ဦးသိန်းဖေမြင့် ရေးသားသော "ကျော်ငြိမ်း" စာအုပ်တွင်ဖေါ်ပြထား၏။

ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဦးကျော်ငြိမ်းတို့သည် "လကျ်ာအန္တရာယ်ရော၊ လက်ဝဲကွန်မြူနစ်ရော" အပြုတ်တိုက်ပစ်လိုက်လိုသည်။သို့သော် "လကျ်ာအန္တရာယ်ကိုသာ ဦးတည်တိုက်ဖျက်လိုပြီး၊ကွန်မြူနစ်နှင့်မရရသည့်နည်းဖြင့်စေ့စပ်လိုသော" သဘောရှိသူတို့၏ အားကများသဖြင့်သာ ဦးကျော်ငြိမ်းတို့က ယာယီအားဖြင့် အလျော့ပေးကာ၊သဘောတူခဲ့ ကြရပေသည်။

လက်ဝဲညီညွတ်ရေး ကောင်စီ၌၊ ၁၉၄၈ ခုဇူလိုင်လ ၃၁ ရက်နေ့တွင် အတည်ပြုလိုက်သော လက်ဝဲညီညွတ်ရေးစာတမ်း အတိုင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီအားညီညွတ်ရေးလက်ခံလာစေအောင် သွားရောက် ဆွေးနွေးရန် ဟူသောဆုံးဖြတ်ချက်အရ ထောင်လွတ် ကွန်မြူနစ်ခေါင်းဆောင် ဗိုလ်သိန်းတန်တို့သည် တောတွင်းသို့သွားရောက်ခဲ့ကြသည်၊

ထိုအတောအတွင်းမှာပင် ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့၏ပဋိပက္ခမှာပြင်းထန်လာသည်။ ပြည်ထဲရေးဌာနဝန်ကြီး၏အမိန့်ဖြင့် ပြည်သူ့ရဲဘော် လက်နက်ကိုင် အဖွဲ့အစည်းများ ထံမှ လက်နက်များကို ရုပ်သိမ်းပစ်သည်၊ ဖမ်းဆီးသည်။ ထို့နောက် ဌာနချုပ် ခေါင်းဆောင် အားလုံးကိုပါ ဖမ်းဆီးလေတော့သည်။ ဤသို့ဖြင့် ပြည်သူ့ရဲဘော်တောထဲသို့ ရောက်သွားခဲ့ရသည်။ ဗမာ့တပ်မတော်မတော်မှ တပ်ရင်း ၃ ရင်းနှင့် တပ်မတော်သား အချို့လည်း၊ တောခိုသွားခဲ့ရသည်။

အပြုတ်တိုက်တော့မည်

ဦးကျော်ငြိမ်းတို့၏ယာယီအလျော့ပေးမှုသည်၊ ဤသို့ဖြင့် ပျောက်ကွယ်သွားသည်။ "လကျ်ာအန္တရာယ်ကိုသာ ဦးတည်တိုက်ဖျက်လိုပြီး၊ ကွန်မြူနစ်နှင့် မရ,ရသည့်နည်းဖြင့် စေ့စပ်လိုသော" အင်အား စုတို့ အား၊ ဦးကျော်ငြိမ်းတို့က ဖြိုခွဲဖျက်ဆီးပစ်လိုက်လေသည်။

ဖဆပလနှင့်ဆိုရှယ်လစ်ပါတီတို့သည်တောခိုကွန်မြူနစ်တို့နှင့်၎င်း၊ တောခိုပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)တို့နှင့်၎င်း၊ညီညွတ်ရေးလုပ်ရန်ကြိုးစားတော့မည် မဟုတ်ကြောင်း၊ အပြုတ်တိုက်ပစ်တော့မည့် အကြောင်း ကြေညာလေတော့သည်။

ဖဆပလ ဆိုရှယ်လစ်ပါတီတွင်း၌ နေရှင်ဝါဒနောက်မီးဆွဲ ပြုမူသည်၎င်း၊ နယ်ချဲ့စံနစ်နှင့် ဆက်လက်စေ့စပ်သည့် သဘောသည်၎င်း၊ ပို၍နက်ရှိုင်းလာခဲ့ပေသည်။ ဤသို့ဖြင့် ပြည်တွင်းစစ်မီးသည် အရှိန်ပြင်းစွာဖြင့် ဆက် က်တောက်လောင်ခဲ့ရပြန်လေသည်။

ဆိုရှယ်လစ် ပါတီ၏လမ်းစဉ်

ဆိုရှယ်လစ်ပါတီသည် ၁၉၄၉ ခု ဇန်နဝါရီလ ၁၆ ရက်နေ့တွင်၊ပါတီလမ်းစဉ်တရပ်ကို ချမှတ်ကာ၊ပါတီတွင်းပြန့်တမ်းအဖြစ် ထုတ်ပြန်ခဲ့ပေသည်။ ထိုလမ်းစဉ်မှာ ဆိုရှယ်လစ်ပါတီဗဟိုဦးစီးညီလာခံတွင်ပါတီအထွေထွေအတွင်းရေးမှူး ဦးဗဆွေ တင်သွင်းသော လမ်းစဉ်ပင် ဖြစ်ပေသည်။

"(၁) ဗမာပြည်တွင်းရှိ လက်ဝဲအင်အားစုများကို ကွဲပြားအောင်ပြု၍၊ အချင်းချင်းတိုက်ခိုက်ခိုင်းကာ၊ပြည်တွင်းစစ်ကို ဖန်တီးရန် ဖြစ်၏။ (၂) ဤသို့လက်ဝဲအင်အားစုအချင်းချင်းတိုက်ခိုက်၍ပြည်တွင်းစစ် ဖြစ်နေစဉ်ပေါက်ပြန်ရေး အင်အားစုများနှင့် ပူးပေါင်း၍ အာဏာ သိမ်းပိုက်ရန်ဖြစ်ပေသည်" ဟူ၍ ဦးဗဆွေကနယ်ချဲ့သမားတို့၏ပရိယာယ်ကို ဤစာတမ်းတွင်ဖော်ပြထားလေသည်။

"(၁) ယဉ်ကျေးမှုအခြေခံစခန်း (၂) ဗျူရိုကရေစီအခြေခံစခန်း (၃) ပဒေသရာဇ်အခြေခံစခန်း (၄) လက်ဝါးကြီး အုပ် လုပ်ငန်း များ" စသော "အခြေခံစခန်းများမှ ခြေကုတ်ယူ၍၊ နယ်ချဲ့သမားများသည် ပြန်လည်တိုက်စစ်ဆင်ခဲ့ကြသည်" ဟု ဦးဗဆွေကဖော်ပြလေသည်။

"ငါတို့၏ နိုင်ငံရေးလမ်းစဉ်တွင် အမြင့်ဆုံးအဆင့် ဖြစ်သောဆိုရှယ်လစ်စနစ်တည်ဆောက်ရေးကိုင်း၊ထိုသို့ဆိုရှယ်လစ်စနစ်တည်ဆောက်သောအခါ၌ ပစ္စည်းမဲ့ အာဏာရှင်စနစ်ထူထောင်ရေးကိုင်း၊ လက်ခံကြမည်ပင်ဖြစ်သည်။"

ဒီမိုကရေစီသစ် တော်လှန်ရေး

"လက်ရှိဗမာပြည်၏တော်လှန်ရေးသည်နယ်ချဲ့စနစ်နှင့်ပဒေသရာဇ်မြေရှင်စနစ်တို့ကို တိုက်ဖျက်ချေမှုန်း၍ ဆိုရှယ်လစ်စနစ်၏ အခြေခံအုတ်မြစ်များကိုတည်ဆောက်ပေးနေသော ဒီမိုကရေစီသစ် တော်လှန်ရေးသာ ဖြစ်သည်။ ဤဒီမိုကရေစီသစ် တော်လှန်ရေးသည် ကမ္ဘာ့ဆိုရှယ်လစ် တော်လှန်ရေး၏ အစိတ်အပိုင်းတရပ်ဖြစ်သော်လည်း၊ ဆိုရှယ်လစ်တော်လှန်ရေးကား မဟုတ်သေးပေ...." ဟု ဦးဗဆွေက ဗမာ့တော်လှန်ရေးအဆင့်ကို တင်ပြခဲ့ပေသည်။

"ယခုအခါ ငါတို့သည် ထိုအခြေခံ စခန်းများ (နယ်ချဲ့ သမား၏ အခြေခံစခန်းများ) ကိုတိုက်ဖျက် မချေမှုန်း နိုင်သေးသဖြင့်၊ နယ်ချဲ့သမားတို့သည် ထိုအခြေခံ စခန်းများမှတဆင့်၊တန်ပြန်တော်လှန်ရေးကြီး အပြင်း

အထန် ဆင်နွှဲလျက် ရှိလေပြီ။ ငါတို့၏ လုပ်ငန်းသည် ဤနယ်ချဲ့အခြေခံစခန်းများကို တိုက်ခိုက်ချေမှုန်း၍ ဆိုရှယ်လစ် တော်လှန်ရေး၏ အခြေခံအုတ်မြစ် ဖြစ်သော ဒီမိုကရေစီအခြေခံ စခန်းများကို တည်ဆောက်သွားရမည်ဖြစ်သည်။

ဒီမိုကရေစီသစ် လုပ်ငန်းစဉ်

"နယ်ချဲ့၏ အခြေခံ စခန်းများကို တိုက်ဖျက် ချေမှုန်းရာ၌၊ ဒီမိုကရေစီသစ် လုပ်ငန်းစဉ်များ ဖြစ်သော(က)မြေရှင်ကြီးစနစ်ကိုဖျက်သိမ်း၍ပြည်သူပိုင် လုပ်ရေး၊ (ခ) ဗျူရိုကရေစီ အုပ်ချုပ်ရေး စက်ယန္တယားကိုဖျက်သိမ်း၍ ဒီမိုကရေစီ စက်ယန္တယား တည်ဆောက်ရေး၊ (ဂ) လက်ဝါးကြီးအုပ်အရင်းရှင် လုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်၍ အရင်းရှင်စနစ်သစ်အရ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေး၊(ဃ) လူထု လက်နက်တပ်ဆင်ရေးအတွက် ပြည်သူ့တပ်မတော်များတည်ဆောက်ရေး စသည့်လုပ်ငန်းစဉ်များအရသာ တိုက်ဖျက်နိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်း စဉ်များအကောင် အထည် ဖော်သည်နှင့် အမျှ ဒီမို ကရေစီ အခြေခံ စခန်းများကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီ အခြေခံ စခန်းများ တည်ဆောက်နိုင်သည်နှင့် အမျှ ဆိုရှယ်လစ် တော်လှန်ရေးသို့ ရွေ့ရှုနိုင်မည် ဖြစ်ပေသည်။" ဟူ၍ ဦးဗဆွေက ဒီမို ကရေစီသစ်၏ လုပ်ငန်းစဉ်ပိုင်းကိုဖော်ပြပြီးနောက်။

တပ်ပေါင်းစုနှင့်ရှေ့ဆောင်မှု

"....ဒီမိုကရေစီသစ် တော်လှန်ရေး၏ အဓိက အင်္ဂါတရပ် ဖြစ်သော အမျိုးသား တပ်ပေါင်းစုဖွဲ့စည်းရေး" ကိုင်း "ခေါင်းဆောင်မှုကို ဘယ်လူတန်းစားက ပေးရမည်ဆိုသော အချက်" ကိုင်း၊ တင်ပြ ဆွေးနွေးသွား၏။

တပ်ပေါင်းစုထဲတွင် "အဓိက အင်အားစုအဖြစ်ဖြင့်ပိုင်နိုင်အောင်" လုပ်ရမည့် အပိုင်းမှာ၊ "(၁) အလုပ်သမား၊ (၂) တောင်သူလယ်သမား (၃) မြို့နေဆင်းရဲသားနှင့် (၄) အောက်ပိုင်းလူလတ် တန်းစားများ ဖြစ်သည်၊ ဒုတိယပိုင်းကို အရံ မဟာမိတ် အဖြစ်ဖြင့် သတ်မှတ်၍ ကြားထိုင်အောင် လုပ်ရမည် ထိုအပိုင်းတွင် (၁) အထက်ပိုင်း လူလတ် တန်းစားများ (၂) တိုးတက်သော တိုင်းရင်းသား အရင်းရှင် (Liberal Bourgeoisie) နှင့် မြေပိုင်ရှင်ကလေးများဖြစ်သည်။

"ဒီမိုကရေစီသစ် တော်လှန်ရေးတွင် တပ်ပေါင်းစုနှင့် လုပ်ငန်းစဉ်ကို ပစ္စည်းမဲ့ ရှေ့ဆောင်မှုပေးရမည် ဆိုသော အချက်တွင် အငြင်းပွားရန် မရှိပေ။"

"အမှန်မှာ ပစ္စည်းမဲ့ ရှေ့ဆောင်မှုဆိုသည်မှာ မြန်မာပြည် ကဲ့သို့သော ပဒေသရာဇ် တပိုင်း–ကိုလိုနီ တပိုင်း နိုင်ငံရေးမျိုးတွင် ပစ္စည်းမဲ့တို့၏ သဘောတရား ရှေ့ဆောင်မှု (Ideological Leadership of the proletariat)ကိုသာဆိုခြင်းဖြစ်သည်။ တနည်းကား မာ့က်စ်-လီနင်ဝါဒ(Marxism-Leninism)ခေါင်းဆောင်မှုကိုသာ ဆို ခြင်း ဖြစ်ပေသည်"။

ဤသို့ဖြင့် ဆိုရှယ်လစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးဗဆွေသည် ဒီမိုကရေစီသစ်တော်လှန်ရေး၏လုပ်ငန်းစဉ်၊ ဒီမိုကရေစီတပ်ပေါင်းစုနှင့် ရှေ့ဆောင်မှုပြဿနာတို့ကို ရှင်းလင်း တင်ပြခဲ့ပေသည်။

သို့သော် နောင်သော အခါတွင် ဤတင်ပြ ချက်များ အတိုင်း ဘာတခုကိုမျှ လိုက်နာ ဆောင်ရွက်ခြင်းကား မရှိခဲ့ပေ။

နောက်မြီးဆွဲ....နောက်မြီးဆွဲ....

ထိုနောက် ဆိုရှယ်လစ်ပါတီ အနေဖြင့် ဓနရှင်၏ နောက်မြီးဆွဲဖြစ်နေမှုကိုလည်း၊ ပြန်လည်ဝေဖန်ထားပြန်သည်။

"အခြားတဘက်တွင်လည်း တပ်ပေါင်းစုကြီးအတွင်းဝင်ကာ လုပ်ငန်းစဉ်ဖြင့် ရှေ့ဆောင် ကြသော်လည်း၊ နိုင်ငံရေးလမ်းစဉ်(သေနင်္ဂဗျူဟာပရိယာယ်)တွင်ပြတ်သားမှုမရှိသဖြင့်သဘောတရား ရှေ့ဆောင်မှုပေးရာတွင် ရေ့ရဲ၍ ပုဂ္ဂိုလ်တိုက်ပွဲက အဓိက ဖြစ်လျက်ရှိသည်။ ဝင်ရောက်လာသော (Liberal Bourgeoisie)၏လွှမ်းမိုးမှုနှင့်လုပ်ထုံးလုပ်နည်းများကို ပြတ်ပြတ်သားသား ဆန့်ကျင် တိုက်ဖျက် ရမည့်အစား နောက်မြီးဆွဲ လိုက်နေကြသည်"ဟု ဖေါ်ပြထား၏။

ဆိုရှယ်လစ်ပါတီသည် နောင်အခါတွင်လည်း ပြင်ဆင်ခြင်း မပြုဘဲ ဓနရှင် နောက်မြီးဆွဲအဝတွင်း၌ ကျက်စားခဲ့ပေသည်။

လက်ဝဲညီညွတ်ရေးနှင့် ပတ်သက်၍ ဦးဗဆွေက–

"နိုင်ငံရေး လုပ်ငန်းစဉ်နှင့် လူထု လှုပ်ရှားမှု အပေါ် မူတည်သော လက်ဝဲညီညွတ်ရေးသာ မှုမှန်သော ညီညွတ်ရေး ဖြစ်သည်။ အခွင့်အရေးပေါ် မူတည်သော ညီညွတ်ရေးကား လုံးဝညီညွတ်ရေးမဟုတ်ပေ။

"ကိုယ့်အမှား ကိုယ်ပြင်၍၊ တိကျမှန်ကန်သော နိုင်ငံရေး လမ်းစဉ်ဖြင့်၊ လက်ဝဲညီညွတ်ရေးကို တည်ဆောက်ရန် ငါတို့တာဝန် ဖြစ်လေသည်" ဟုဖေါ်ပြထားလေသည်။

ဤလက်ဝဲ ညီညွတ်ရေး ကြွေးကြော်သံသည်လည်း စာရွက်ပေါ်တွင်သာရှိပြီး၊ ချောင်ထိုးခံခဲ့ရလေသည်။

အာဏာ နိုင်ငံရေး

ထိုနောက် အာဏာနှင့်ပတ်သက်၍ မှားယွင်းစွာ ယူဆနေပုံ များကိုလည်း ထိုစာတမ်းတွင် ဦးဗဆွေက အောက်ပါအတိုင်း ဖေါ်ပြ ပြန်သည်။

"ယခုအခါ ဆိုရှယ်လစ်ပါတီသည် အစိုးရ အဖွဲ့ထဲငင်ရောက်လျက်ရှိသည်။ ဤသို့ အစိုးရ အဖွဲ့ထဲသို့ ဝင်ခြင်းဖြင့် အာဏာရထားပြီဟု ယူဆသော အမှားများရှိလေသည်။ အချို့လည်း လူထု နိုင်ငံရေးကို စွန့်ပယ်၍ အခွင့်အရေး နိုင်ငံရေးနှင့် အာဏာ နိုင်ငံရေးများကို အဓိက ထားလာကြသည်။ ဤအမှားထက်မှားသော အမှားကား မရှိတော့ပေ။

"လက်ရှိ ဗျူရိုကရေစီ စက်ယန္တရားကြီးကို ဖျက်သိမ်း၍၊ ပြည်သူလူထုလက်သို့ အာဏာလွှဲအပ်ရန် ပြည်သူ့ကော်မတီ အဆင့်ဆင့်ဖြင့် ဒီမိုကရေစီ စက်ယန္တရား မတည်ဆောက်နိုင်သေးသမျှ။ အလုပ်သမား၊ တောင်သူလယ်သမား၊ မြို့နေဆင်းရဲသားတို့အာဏာမရသေးသမျှ ထိုသူတို့အာဏာ မရသေးသမျှ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ ပြည်သူ့ ရဲဘော် မည်သူမျှ အာဏာ မရသေးပေ။

"ယခုအခါ ဆိုရှယ်လစ် ပြည်သူ့ရဲဘော် (ရဲဘော်ဝါ) တို့ အစိုးရ အဖွဲ့ထဲဝင်နေခြင်းသည်လည်း ထိုအာဏာရမှုအတွက် တိုက်ပွဲဝင်နေခြင်းသာ ဖြစ်သည်ကို မြင်ရမည် ဖြစ်လေသည်။ ဤသို့ မမြင်မှုကြောင့် ပါတီ အထက်ပိုင်းရော အောက်ပိုင်းပါ အမှားများစွာ ကျူးလွန်ခဲ့ကြသည်။ အထက်ပိုင်းကလည်း ပါတီဝင်အချို့ အစိုးရထဲဝင်ခြင်းဖြင့် ပါတီ အာဏာ ရသည်ဟု ယူဆသည်။ ငါတို့ ကိုယ်စားပြုနေသော လူထုလက်ထဲ အာဏာ ရောက်မှ အာဏာရသည်ကို မေ့နေကြလေသည်။ လက်ရှိ ဗျူရိုကရေစီစက် ယန္တရားကိုပင် မြိန်ရေ ရှက်ရေ သုံးနေကြလေသည်။ လူထုလက်သို့အာဏာရောက်မှုကို လုံ့လ မပြုတော့ချေ။ အောက်ပိုင်းကလည်း ငါတို့လူကြီးတွေ အစိုးရ အဖွဲ့ထဲ ဝန်ကြီးတွေ ဖြစ်နေသည်။ ငါတို့ အာဏာရပါတီ ဖြစ်ပြီဟု အယူမှားကာ၊ အာဏာနိုင်ငံရေးသမားများဖြစ်လာ ရကြတော့သည်။"

အထက်ပါအတိုင်း ဆိုရှယ်လစ်ပါတီ အတွေ့တွေ့ အတွင်းရေးမှူး ဦးဗဆွေက တင်ပြခဲ့ပေသည်။

၂-ခြမ်းသာကွဲသွားရော-မပြင်နိုင်ခဲ့

သို့သော်လည်း "အစိုးရအဖွဲ့ထဲဝင်ခြင်းဖြင့်အာဏာရထားပြီဟုယူဆသောအမှားများကို" ဆိုရှယ်လစ်ပါတီသည်ပြင်ဆင်နိုင်ခြင်းမရှိဘဲ "အာဏာနိုင်ငံရေးသမားများ" အဖြစ် ဆက်လက် စခန်းသွားရင်း ပြည်သူ့ ဆန့်ကျင်ရေးသမားများအဖြစ်နှင့်သာ ဇာတ်သိမ်းသွားခဲ့ရပေသည်။

၁၉၅၈-ခုနှစ်လယ်ပိုင်းတွင် ဖဆပလကြီး ၂-ခြမ်းကွဲပြီး တည်မြဲဖဆပလများအဖြစ် "အာဏာ" လက်မဲ့ဘဝသို့သာ ကျရောက်သွားခဲ့ရသည်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကား ဗျူရိုကရေစီ စက်ယန္တရား ကြီးကိုလည်း မဖျက်စီးနိုင်ခဲ့ကြပေ။ "ပြည်သူလူထုလက်သို့ အာဏာလွှဲအပ်ရန် ပြည်သူ့ ကော်မတီ အဆင့်ဆင့်ဖြင့် ဒီမိုကရေစီစက်ယန္တရား" ကိုလည်း မတည်ဆောက်နိုင်ခဲ့ကြပေ။

၁၉၆၂-ခု ဖေဖေါ်ဝါရီလ ၁၈-ရက်နေ့ ရန်ကုန်ခရိုင် ဖဆပလ ညီလာခံ၌ မိမိပြည်ထဲရေးဝန်ကြီးဖြစ်လာသောအခါမျက်စေ့ထဲတွင် အမြင်ကပ်သူတွေကိုဖမ်းပြီး၊ ကိုယ့်ဘက်က လူတွေကိုဖမ်းလျှင် ရဲမင်းကြီးဆီကို တယ်လီဖုံးဆက်ပြီးကြည့်လုပ်ပါဟု ပြောခဲ့ကြောင်းဖြင့် တည်မြဲ ဖဆပလ ခေါင်းဆောင်ကြီး ဦးကျော်ငြိမ်းက ထုတ်ဖေါ်ဝန်ခံ မိန့်ကြားခဲ့သည့်အတိုင်း၊ ဗျူရိုကရေစီ အာဏာကိုပင် အလွဲသုံးစားလုပ်ခဲ့ကြသည်ကို တွေ့ရပေသည်။ ပြည်သူတို့ကို ဆန့်ကျင်ခဲ့ကြောင်းတွေ့ရပေသည်။

ဦးကျော်ငြိမ်းနှင့် ဦးဗဆွေ

ထိုဖဆပလလူငယ် ညီလာခံ၌ပင်၊ ဦးကျော်ငြိမ်းက "နိုင်ငံရေးတွင် ပါလီမန်ဒီမိုကရေစီထွန်းကားရေး၊ စီးပွါးရေးတွင် ဆိုရှယ်လစ် စံနစ် ထွန်းကားရေး...." တို့အတွက် လုပ်ဆောင်ရန် ဖြစ်ကြောင်းဖြင့် မိန့်ကြားခဲ့ပေသည်။

ဦးကျော်ငြိမ်း၏ အယူအဆနှင့် ဦးဗဆွေ၏ စာတမ်းပါ အယူအဆသည် တခြားစီဖြစ်နေပေသည်။

"လက်ရှိဗမာပြည်၏တော်လှန်ရေးသည် နယ်ချဲ့ စံနစ်နှင့်ပဒေသရာဇ်မြေရှင်စံနစ်တို့ကို တိုက်ဖျက်ချေမှုန်း၍ ဆိုရှယ်လစ် စံနစ်၏အခြေခံအုတ်မြစ်များကို တည်ဆောက် ပေးနေသော ဒီမိုကရေစီသစ် တော်လှန်ရေးသာ ဖြစ်သည်"

"ဒီမိုကရေစီသစ် တော်လှန်ရေးတွင် ကပ်ပေါင်းစုနှင့်လုပ်ငန်းစဉ်ကို ပစ္စည်းမဲ့ ရှေ့ဆောင်မှုပေးရမည်"

"ပစ္စည်းမဲ့ ရှေ့ဆောင်မှု ဆိုသည်မှာ....ပစ္စည်း မဲ့တို့၏ သဘောတရားရေး ရှေ့ဆောင်မှု...တနည်းကား မာ့က်စ် လီနင်ဝါဒခေါင်းဆောင်မှုကိုသာဆိုခြင်း ဖြစ်သေသည်"-ဟု ဦးဗဆွေက ဆိုရှယ်လစ်ပါတီ လမ်းစဉ် စာတမ်းတွင် တင်ပြထားပေသည်။

ဦးဗဆွေ တင်ပြပြီး ဆိုရှယ်လစ်ပါတီက အတည်ပြုခဲ့သောလမ်းစဉ်နှင့် ဦးကျော်ငြိမ်း၏ ဆိုရှယ်ဒီမိုကရက်ဝါဒ၏ လမ်းစဉ်သည်၊ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကြပေသည်။ ဦးကျော်ငြိမ်းသည်မာ့က်စ် လီနင်ဝါဒကို ဆန့်ကျင်ပေသည်။ ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုကို မယုံကြည်သူဖြစ်သည်။ ပစ္စည်းမဲ့ အာဏာရှင် စံနစ်ကို မယုံကြည်ဘဲ၊ ဓနရှင် အာဏာရှင် စံနစ်ကို ယုံကြည်သူဖြစ်သည်။

ဓနရှင် အာဏာရှင် စံနစ်၏ အမြင့်ဆုံး အဆင့်သည် နယ်ချဲ့စံနစ်ဖြစ်ပြီး၊ ထိုနယ်ချဲ့စံနစ် အသွင်သည်၊ ပြည်သူတို့အား ချယ်လှယ် သွေးစုတ်မှု အပြုဆုံး၊ ဒီမိုကရေစီအရေကို မခြုံတော့ဘဲ၊ ပြောင်အကျဆုံး နည်းဖြင့် ပြည်သူတို့အားရက်ရက်စက်စက်ဖိနှိပ်ခြင်းအပြုဆုံး၊ စစ်အလိုလားဆုံးသော–ဖက်ဆစ် အသွင် သို့ ကူး ပြောင်း သွား တတ်သည် ဆို သော အချက် ကို ဦးကျော်ငြိမ်းက မသိဟန်ဆောင်နေပေသည်။

ပစ္စည်းမဲ့ အာဏာရှင်စံနစ်ဆိုသည်မှာ အလုပ်သမား၊ လယ်သမား ဒီမိုကရေစီ လိုလားသော ပြည်သူများအား ဒီမိုကရေစီပေး၍ ပြည်သူတို့အား ချယ်လှယ်သွေးစုတ်နေသည့် အရင်းရှင်ကြီး မြေရှင်ကြီးတို့အပေါ်တွင် အာဏာဖြင့် နှိပ်ကွပ်ခြင်း ဖြစ်ပေသည်။ ဦးကျော်ငြိမ်းက ဤသို့သော အဓိပ္ပါယ်ဆောင်မှုကို အဓိပ္ပါယ်တမျိုးပြန်နေပေသည်။

ပစ္စည်းမဲ့ အာဏာရှင်စံနစ်ဆိုသည်မှာတပါတီအာဏာရှင်စံနစ်ဖြစ်၍ ဖက်ဆစ် စံနစ်နှင့် အတူတူပင် ဖြစ်သည်ဟု ဦးကျော်ငြိမ်းက အဓိပ္ပါယ်ကောက်သည်။

အာဏာရှင်စံနစ် ၂-ခုသာရှိသည်

ယခုအခါ ကမ္ဘာပေါ်တွင် ဓနရှင် အာဏာရှင်စံနစ်နှင့် ပစ္စည်းမဲ့ အာဏာရှင်စံနစ်ဟူ၍ စံနစ် ၂-ခုသာလျှင် အနှစ်သာရအားဖြင့်ရှိကြောင်း၊ ဓနရှင် အာဏာရှင်စံနစ်တွင် အသွင်အမျိုးမျိုးရှိသကဲ့သို့ပစ္စည်းမဲ့ အာဏာရှင်

စံနစ်တွင်လည်း အသွင်အမျိုးမျိုး ရှိကြောင်းတို့ကို၊ ဦးကျော်ငြိမ်းက မသိဟန် ဆောင်နေလေသည်။

အမေရိကန်ပြည်တွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကင်ပါတီတို့က တလှည့်စီ အာဏာယူကြသည်။ ၂-ပါတီစလုံးသည် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတို့၏ ပါတီများဖြစ်သည်။ အင်္ဂလန်တွင်လည်း လေဘာနှင့် ကွန်ဆာဗေးတစ် ပါတီကြီး ၂-ခုက တလှည့်စီ အာဏာ ယူခဲ့ကြသည်သာ ဖြစ်သည်။ ၂-ပါတီစလုံးသည် ဓနရှင်ပါတီများသာ ဖြစ်ပေသည်။ ဟစ်တလာ၏ ဖက်ဆစ်ဂျာမဏီနှင့် မူဆိုလီနီ၏ ဖက်ဆစ်အီတလီ တိုင်းပြည်တို့ ကဲ့သို့ပင် စပိန်ပြည်သည် ယခုအခါတွင် ဖက်ဆစ်တိုင်းပြည်ဖြစ်နေပေသည်။ အိန္ဒိယတွင် ဓနရှင်ပါတီ ဖြစ်သော ကွန်ဂရက်ပါတီက အစိုးရအာဏာကို ယူထားလေသည်။ ထိုတိုင်းပြည်တို့၏ အုပ်ချုပ်ရေးအသွင် သဏ္ဍာန်တို့သည် တပြည်နှင့် တပြည် တူချင်မှတူမည်။ သို့သော် အနှစ်သာရ အားဖြင့်ကား ဓနရှင် အာဏာရှင်စံနစ်ပင်ဖြစ်ပေသည်။

ဆိုဗီယက် ယူနီယံတွင် ဆိုရှယ်လစ် စံနစ်ကိုထူထောင်ထားပြီဖြစ်၏။ တရုပ်ပြည်သူ့ သမတနိုင်ငံသည် ပြည်သူ့ ဒီမိုကရေစီစံနစ်ကို ထူထောင်ထားပြီဖြစ်၏။ ဤ ၂-ပြည်၏ လူမှုစံနစ်သည် အသွင်အားဖြင့် ခြားနားသော်လည်း၊ အနှစ်သာရအားဖြင့်ကား ပစ္စည်းမဲ့ အာဏာရှင်စံနစ်ပင် ဖြစ်ပေသည်။

ဓနရှင် အာဏာရှင်စံနစ်ဆိုသည်မှာ ချယ်လှယ်သွေးစုတ်သူ အနည်းစုအား ဒီမိုကရေစီပေး၍ အချယ်လှယ်ခံအများစုကိုမူ အာဏာနှင့် နှိပ်ကွပ်သည်ဆိုသောအချက်ကို ဦးကျော်ငြိမ်းက မသိဟန် ဆောင်နေလေသည်။ ဆိုရှယ်လစ်ပါတီဝင်များကိုလည်း မသိစေလိုပေ။

မာ့က်စ်ဝါဒ မလိုချင်

ထိုကြောင့်ပင် ဆိုရှယ်လစ်ပါတီ ထူထောင်ခါစအချိန်တွင်ပြုလုပ်ခဲ့သော နိုင်ငံရေးသင်တန်းများမှတဆင့် ပါတီတွင်း၌ မာ့က်စ်ဝါဒ လီနင်ဝါဒပျံ့နှံ့ လာခဲ့ခြင်းကိုဦးကျော်ငြိမ်းက-

"ငါ့တသက်မှာ အကြီးဆုံး အမှားကရပ်ကတော့ အဲဒီတုန်းက ငါ့ပါတီက မာ့က်စ်ဝါဒကို လက်ခံနေတာကို မတွန်းလှန် မခုခံခဲ့ခြင်း ဖြစ်တယ်ကွ။ အဲဒီတုန်းက ငါ့အမှားကြောင့် ကနေ့ထိ ငါတို့ပါတီထဲမှာ ဒီပြဿနာ ရှုပ်နေတုန်းဘဲ။ ရှင်းရှင်းဘဲ အဲဒီတုန်းက တို့ပါတီ ဝါဒဟာ မာ့က်စ်ဝါဒ မဟုတ်ခဲ့ဘူးဆိုရင် ဦးကိုကိုကြီးနှင့်ဂိုဏ်းကွဲတာလဲမဖြစ်နိုင်ဘူး။

ဆိုရှယ်နီနဲ့ ကွဲတာလဲမဖြစ်နိုင်ဘူး။ ခုထိလဲ တို့ထဲမှာ သုံးလေးယောက်က မာ့က်စ်ဝါဒ စကားတွေပြောပြီးဒုက္ခပေးနေတုန်းဘဲ။ ငါဟာမာ့က်စ်ဝါဒ ကိုမကြိုက်ခဲ့ဘူး။သို့ပေမဲ့အဲဒီတုန်းက တို့တတွေအဖို့ မာ့က်စ်ဝါဒဟာဖက်ရှင် ဖြစ်နေပြီး၊ သိပ်လက်ခံနေချင်ကြတော့ ငါလဲမခုခံတော့ဘဲနဲ့ လက်ခံလိုက်တာဘဲ။ ငါ့အမှားဘဲ။ ခုတော့ဘာရမလဲကွာ-တို့ပါတီရဲ့ဝါဒဟာ ဆိုရှယ် ဒီမိုကရက်တစ်ဝါဒဘဲဖြစ်ရမှာဘဲ။ ပါတီအီးစီ(အလုပ်အမှုဆောင်)အများစုကလဲ ဒီသဘောကို လက်ခံပြီးပါပြီ"ဟု ပြောဆိုကြောင်းဖြင့် ၁၉၆၀ ခုတွင် ဦးသိန်းဖေမြင့်ရေးသော "ကျော်ငြိမ်း"စာအုပ်တွင် ဖေါ်ပြထား၏။

ဆိုရှယ်လစ် ပါတီ အတွင်း၌ မာ့က်စ်ဝါဒ လက်ခံ ခဲ့ခြင်းကြောင့် ဦးကျော်ငြိမ်းအဖို့ အကျပ်အတည်းတွေ့ခဲ့ရသည်။

ပထမတွင်ဦးကိုကိုကြီးတို့နှင့်ရင်ဆိုင်ခဲ့ရသည်။ သို့သော်ဦးကျော်ငြိမ်းက အနိုင်ရခဲ့သည်။

၁၉၅၀-ခုနှစ် ကိုရီးယားစစ်အပြီးတွင် ကိုရီးယားစစ်နှင့်ပတ်သက်သော ဖဆပလ၏ အယူအဆကိုဒုင်း၊ အမေရိကန်နယ်ချဲ့သမား၏ အီးစီအေ အထောက်အပံ့ကို ဖဆပလက လက်ခံခြင်းနှင့်ပတ်သက်၍ဒုင်း၊ ဆိုရှယ်လစ်ပါတီအတွင်း၌ သဘောကွဲလာပေသည်။ ထိုအကြိမ်၌လည်း ဦးကျော်ငြိမ်းသည် သခင်ချစ်မောင်၊ သခင်လွင်၊ သခင်လှကျော်တို့အား ဖဆပလနှင့် ဆိုရှယ်လစ်ပါတီတွင်းမှ မောင်းနှင်ထုတ်နိုင်ခဲ့ပေသည်။

ဤသို့ ဦးကျော်ငြိမ်း အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ အဘယ်ကြောင့် ပါနည်း။

ဆိုရှယ်လစ် ပါတီတခုပ်လုံးသည် ဆိုရှယ်လစ် ဒီမိုကရေစီ ဝါဒီ ဦးကျော်ငြိမ်း၏သြဇာကို မလွှမ်းမိုးနိုင်ခြင်း၊ ဓနရှင်ဝါဒ နောက်မီးဆွဲဖြစ်နေခြင်း "အာဏာနိုင်ငံရေးသမား"များဘာဝတွင် ယစ်မူးနေခြင်း၊ကိုယ်ကျိုးရှာခြင်းတည်းဟူသော ရှုဗ္ဗက်အတွင်း၌ နစ်မွန်းနေသောကြောင့် ဖြစ်ပေသည်။ မာ့က်စ်ဝါဒ လီနင်ဝါဒကို ခံယူသည်၊ ပစ္စည်းမဲ့ လူ တန်း စား ခေါင်းဆောင်မှုကိုယုံကြည်သည်ဆိုသောဦးဗဆွေ၏ ခံယူယုံကြည်ချက်သည် တကယ့်အရေးတဲ့-အကြောင်းဟဲ့ ဆိုလျှင် အသွားတုံးနေသော ဓါးမတိုဟောင်းကြီးကဲ့သို့ ဖြစ်နေလေသည်။ ဦးဗဆွေ၏ မာ့က်စ်ဝါဒခံယူချက်မှာ အပေါ်ယံ ခံယူချက်၊ ဟန်ပြခံယူချက်သာ ဖြစ်နေပေသည်။

ထို့ကြောင့်ပင် ဆိုရှယ် ဒီမိုကရေစီဝါဒ(ဝါ)လကျာ ဆိုရှယ်လစ် ဝါဒ(ဝါ)နယ်ချဲ့အရင်းရှင်တို့၏ အထောက်အပံ့ဖြင့် ဆိုရှယ်လစ် စံနစ်

ထူထောင်မည်ဟူသော ဝါဒ၊ ပါလီမန်မှတဆင့်သာလျှင် ဆိုရှယ်လစ်စံနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းမည်ဟူသော ဝါဒကို လက်ခံသော ဦးကျော်ငြိမ်း၏ နောက်သို့ မာ့က်စ်ဝါဒ ယုံကြည်သည်ဆိုသော ဦးဗဆွေသည် တကောက်ကောက်လိုက်နေခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဆိုရှယ်လစ်ပါတီထဲတွင် မာ့က်စ်ဝါဒ လီနင်ဝါဒ ယုံကြည်သူများပေါ်လာတိုင်း ဦးကျော်ငြိမ်းက ပါတီတွင်းမှ မောင်းထုတ်ပစ်ရာတွင် ဦးဗဆွေသည် ခေါင်းညိတ်ခဲ့ခြင်းဖြစ်ပေသည်။

ယခုအခါတွင်ကား ဆိုရှယ် ဒီမိုကရေစီဝါဒကို ဆိုရှယ်လစ်ပါတီ အလုပ်အမှုဆောင် အများစုကလက်ခံလိုက်ပြီဖြစ်ပေသည်။ တည်မြဲ ဖဆပလ အတွင်းတွင် ဆိုရှယ် ဒီမိုကရေစီဝါဒသည် အောင်ပွဲခံနေပြီဖြစ်ပေသည်။

အီး-စီ-အေနှင့်တရုပ်ဖြူ

၁၉၅၀-ခုဇွန်လတွင် ကိုရီးယားပြည်တွင်းရေး၌ အမေရိကန်နယ်ချဲ့သမားတို့က ဝင်ရောက်စွက်ဖက်ခဲ့သည်။ ထိုသို့စွက်ဖက်ရာမှ ကိုရီးယားတွင် စစ်မီးတောက်ခဲ့ရ၏။

တရုပ်ပြည်သူ့ သမတနိုင်ငံနှင့် ဆိုဗီယက် ယူနီယံနယ်ပယ်တွင်းသို့ ကျူးကျော်ဝင်ရောက်ရေးအတွက် အကောင်းဆုံးသောလမ်းပေါက်တခုမှာ ကိုရီးယားဖြစ်ကြောင်းကို အမေရိကန်တို့မြင်ကြသည်။ ထိုအချက်ကိုဖုံးဖိထားကာ၊ ကိုရီးယားတွင် ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှာ စိုး၍ ဝင်ရောက်တားဆီးကာကွယ်ရပါသည်ဟု အမေရိကန်တို့က အကြောင်းပြကာ ဝင်ရောက် တိုက်ခိုက်ခဲ့လေသည်။

ဖဆပလ အစိုးရသည် ကုလသမဂ္ဂ အရေခြုံထားသောအမေရိကန် နယ်ချဲ့ကျူးကျော်မှုကို ထောက်ခံခဲ့ပေသည်။ ထိုအချိန်မှာပင် တရုပ်ဖြူ တပ်များသည် ဗမာ့နယ်မြေထဲသို့ ဝင်ရောက် ကျူးကျော် စော်ကားလာခဲ့၏၊

ပြည်သူတို့က အမေရိကန် ကျူးကျော်မှုကို ထောက်ခံသော ဖဆပလ အစိုးရကို ကန့်ကွက်ကြသည်။ တရုပ်ဖြူတို့ကို ရှုတ်ချကာ တိုက်ထုတ်ပစ်ရန် တောင်းဆိုခဲ့ကြသည်။

ထိုအချိန်မှာပင် ဖဆပလ အစိုးရသည် အမေရိကန်၏အီး-စီ-အေ စီးပွါးရေး အထောက်အပံ့ကို ယူရန် စေ့စပ်ဆွေးနွေးခဲ့၏။

အမေရိကန်သည် ဖဆပလအစိုးရအား တဖက်မှ တရုပ်ဖြူ ကျူးကျော်မှုဖြင့်ချောက်၍တဖက်က အီးစီအေဖြင့် သွေးဆောင်ခြင်းဖြစ်ပေသည်။

အီးစီအေ အထောက်အပံ့သည် ဖဆပလတို့ ဝါဒ ဖြန့်သကဲ့သို့ မေတ္တာရှိ အကူအညီမဟုတ်ကြောင်း၊ ဗမာပြည်ကို ကျွန်လုပ်ရန်သာဖြစ်ကြောင်း ဝေဖန်ချက်များပေါ်ထွက်ခဲ့သည်။

ကိုရီးယားစစ်နှင့် အီးစီအေတို့နှင့်ပတ်သက်၍ ဆိုရှယ်လစ် ပါတီတွင်း၌ သဘောကွဲကြရာမှဗမာပြည် အလုပ်သမား၊ လယ်သမား ပါတီ ပေါ်ထွက်လာခဲ့သည်။

အမှန်အားဖြင့် ဆိုရှယ် ဒီမိုကရက်တစ် ဝါဒသည် ထိုအချိန်မှစ၍ ဆိုရှယ်လစ်ပါတီတွင်း၌၎င်း၊ ဖဆပလတွင်း၌၎င်း လွှမ်းမိုးလာပေတော့သည်။

ကွန်မြူနစ်ဆန့်ကျင်ရေးမှပြည်သူ့ဆန့်ကျင်ရေးသို့

ဆိုရှယ်လစ်ပါတီနှင့် ဖဆပလသည် ဆိုရှယ် ဒီမိုကရက်တစ် ဝါဒ အရ နယ်ချဲ့စံနစ် ပဒေသရာဇ် စံနစ်တို့၏ဖေါက်ပြန်သော အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ပေးရင်း ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ရင်း ပြည်သူတို့အား ရက်စက်စွာ ဖိနှိပ်လာခဲ့ပေသည်။

၁၉၅၁-ခုနှစ် ဇူလိုင်လ ၂၄-ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သော ဒီမိုကရေစီအခွင့်အရေး ကာကွယ်မှု ဗဟိုကော်မတီသည် ၃-နှစ်သက်တမ်းသို့ ရောက်ရှိချိန် ၁၉၅၄-ခု ဇူလိုင် ၂၄-ရက်နေ့တွင် ဒီမိုက ရေစီရေး မှတ်တမ်းကြီး ဟူသော စာအုပ်ကို ထုတ်ဝေခဲ့သည်။

ပုဒ်မ ၅၊ ပုဒ်မ ၁၄၄၊ ပုလိပ်ဥပဒေ၊ သစ္စာဖေါက်ဥပဒေစသည် ဥပဒေအမျိုးမျိုးကိုဖဆပလအစိုးရကထုတ်ခဲ့ပုံများ၊ ၎င်းဥပဒေများအရ ဖမ်းဆီး၍ အကန့်အသတ်မရှိ ချုပ်နှောင်ထားပုံများ သစ္စာဖေါက် ဥပဒေအရကြိုးမိန့်ပေးပုံများ၊ ဥပဒေမဲ့ လူသတ်မှု၊ ဓါးပြတိုက်မှု၊ မုဒိမ်းကျင့်မှုတို့ အနှံ့အပြားပေါ်နေပုံများ ကိုယ့်လူ သူ့လူခွဲခြား၍ ဥပဒေ အခွင့်အာဏာသုံးမှု၊ ကင်းကြေး၊ ဂိုဏ်ကြေးတောင်းမှု၊ အမတ်ကြေးဖြတ်ယူမှုစသော ဒီမိုကရေစီ အခွင့်အရေး အဆုံးရှုံးခံရသည့် မတရားသော အမှုအခင်းများကို ၎င်း၊ စာအုပ်တွင် ဖေါ်ပြထားသည်။ ထို ၃-နှစ်အတွင်းတွင် ဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ သမတအထိ စာအစောင် ၂၀၀-ကျော်ပြန်ရာတွင် သမတ အတွင်းဝန်၊ တရားရေးဌာန အတွင်းဝန်၊ ရန်ကုန် ပုလိပ်မင်းကြီး၊ ရွှေဘိုခရိုင်ဝန် စသည်တို့ထံမှ ၅-စောင်ထက်မများသော ပြန်ကြားစာကိုရရှိခဲ့ကြောင်းဖြင့်လည်း ဖေါ်ပြထားပေသည်။

လွှပ်လပ်စွာ လုပ်ကိုင်စားခွင့်မရှိ

အာဏာရ ဆိုရှယ်လစ်ပါတီ ကြီးဇာခံ အလုပ်သမားအစည်းအရုံး

များ အဖွဲ့ချုပ်(ဗမာနိုင်ငံ)တီယူစီတီအား မထောက်ခံသောပြည်ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားတို့နှင့် ပဲခူး အလုပ်သမား များအား အစိုးရ အာဏာဖြင့် အလုပ်ဖြုတ်ပစ်ခြင်း၊ ရန်ကုန်မြို့ကုန်တင်ကုန်ချ အလုပ်သမား သမဝါယမအား ဆိုရှယ်လစ်ပါတီကို မထောက်ခံသဖြင့် အမှုဆောင်များ အား ဖြုတ်ချခြင်းတို့ကို ဇင်းစာအုပ်၌ ဖေါ်ပြထား၏။

ကျေးရွာသီးစားချထားရေးကော်မီတီများတွင်ဖဆပလထောက်ခံသူများသာ ပါဝင်ရပြီး မထောက်ခံသူများကို မြေယာလက်မဲ့ဖြစ်စေခဲ့ခြင်း ဥပမာ ရွှေဘိုခရိုင်တွင် လယ်သမားအိမ်ထောင်ပေါင်း ၁၀၀၀-ကျော်နှင့် သထုံခရိုင် ကော့ကမယ်ရွာတွင် အိမ်ထောင်ပေါင်း ၁၄၂-ရှိသည့်အနက် ၁၃၅-အိမ်ထောင် မြေယာမဲ့ အလုပ်ခံခဲ့ရခြင်းတို့ကိုဖေါ်ပြထား၏။

၁၉၅၁-ခု နှစ်ဒီဇင်ဘာလ ပါလီမန် လွှတ်တော် အစည်းအဝေးတွင် ထိုစဉ်ကလယ်ယာ စိုက်ပျိုးရေးဝန်ကြီး ဆိုရှယ်လစ် ခေါင်းဆောင် ဗိုလ်ခင်မောင်လေးက-

"လယ်ယာ အမတော်ကြေးများကို ဆိုရှယ်လစ် လက်အောက်ခံ ဗတလစဝင်များကိုသာ ထုတ်ချေးရမည်ဟု အမိန့်ပေးခဲ့ပါသည်"-ဟုအတိအလင်းမိန့်ကြားခဲ့ကြောင်းဖြင့်လည်း ထိုစာအုပ်တွင် ဖေါ်ပြထား၏။

၁၉၅၁-ခုနှစ်တွင် အရစ်ကျကျင်းပခဲ့သော ပါလီမန် လွှတ်တော် ရွေးကောက်ပွဲ၌ ဖဆပလ ဆိုရှယ်လစ်တို့အား ထောက်ခံသော ကုန်သည်တို့ကိုသာလျှင် ဖဆပလ ဆိုရှယ်လစ်အာဏာပိုင်တို့က လိုင်စင် ထုတ် ပေးခဲ့ကြောင်းဖြင့်လည်းဖေါ်ပြထား၏။

လွှတ်လပ်စွာ ပြောဆိုရေးသားခွင့်မရှိ

ရန်ကုန်၊ ပြည်၊ သထုံ၊ မော်လမြိုင်မှစ၍ မြို့များတွင် ပုဒ်မ ၁၄၄ ထုတ်၍ ဟောပြောခွင့်များ ချုပ်ချယ် ပိတ်ပင်ခြင်း၊ ဟောပြောပွဲ အတွက် အသံချဲ့စက်သုံးခွင့်လိုင်စင်တောင်းခံရခြင်း။

ဖဆပလ ဆိုရှယ်လစ်အာဏာပိုင်တို့နှင့် ဆန့်ကျင်သော စာနယ်ဇင်းများ အာမခံတောင်းခံရခြင်း ဥပမာ-ပြည်သူ့တပ်ဦးဂျာနယ် ၆၀၀၀ိ။ လင်းယုန် ၁၀၀၀ိ။ ပြည်သူ့ဂျာနယ် ၁၀၀၀ိ။ ဖက်ဆစ်ဆန့်ကျင်ရေးဂျာနယ် ၁၀၀၀ိ၊ ပြည်သူ့အားသစ်၁၀၀၀ိ။ စသဖြင့်ဖြစ်ပြီး၊ ဖဆပလဆိုရှယ်လစ် အာဏာပိုင်တို့၏ သဘောနှင့်မတွေ့သော ရေး သားချက် များ ကြောင့်၊ ဥပဒေအပမှ အာဏာဖြင့် ခေါ်၍ သတိပေးခြိမ်းခြောက်ခံရခြင်း၊ဖမ်းဆီး

တရားစွဲခြင်း(ဥပမာ-ဗန်းမော်တင်အောင်)တို့ကိုလည်း ထိုစာအုပ်၌ဖေါ်ပြထား၏။

လွှတ်လပ်စွာစည်းရုံးခွင့်မရှိ

ရွှေဘိုခရိုင်၊ မော်လမြိုင်ခရိုင်နှင့်အခြား ခရိုင်များတွင် ဖ ဆ ပ လ၊ ဆိုရှယ်လစ်တို့အားမထောက်ခံသူများသူပုန်ဘက်တော်သားဟုကင်ပွန်းတပ်ခံရသောကြောင့်၊ ဖဆပလ ဆိုရှယ်လစ်တို့မှလွဲ၍ အခြား အဖွဲ့အစည်းများ အဘို့ လွှတ်လပ်စွာစည်းရုံးခွင့် ကင်းမဲ့ရခြင်း။

လုံခြုံမှုမရှိ

ဖါးအံ့အမတ်လောင်းဦးဘဆက်အား လက်နက်ကိုင်တို့ခေါ်ယူသွားရာပျောက်ခြင်း မလှပျောက်နေခြင်း၊ ဦးတင်ထွတ်၊ မစ္စတာ ဩဘရေးတို့ အသတ်ခံရရာတွင်တရားခံမပေါ်ခြင်း၊ ကျောက်ပန်းတောင်းတွင် ကျောင်းသားခေါင်းဆောင် ကိုလှထွန်းအား ပွဲလယ်ခေါင်မှထုတ်၍ လက်နက်ကိုင်တို့က သတ်ခြင်း၊ စစ်တွေခရိုင်တောပန်းဇင်ရွာတွင် အာဏာပိုင် လက်နက်ကိုင်တို့က ရွာလိုက်သတ်ဖြတ် မီးရှို့ခြင်း၊ ဟံသာဝတီခရိုင် ကွန်းခြံကုန်း မြို့နယ် မြို့ကုန်းရွာတွင် ဆိုရှယ်လစ်ပြောက်ကျားတပ်များက တရွာလုံး ကို တိုက်ခိုက်ပစ္စည်းယူ ညှဉ်းပန်းနှိပ်စက်ခြင်း။

တရားဥပဒေအရ ညီမျှရေးမရှိ

"ပျဉ်းမနားတွင် သခင်ဗချိအား ဆိုရှယ်လစ် ပြောက်ကျား ဗိုလ် ပါလီမန်အမတ်ဗိုလ်တောက်ထိန်က ဂျစ်ကားဖြင့်တိုက်သတ်သည်ကိုလူတိုင်းသိပါလျက်၊ဗိုလ်တောက်ထိန်အား မော်တော်ကားအရမ်းမောင်း၍ လူသေသည့် ပုဒ်မဖြင့်သာတရားစွဲသည်။"

ဆိုရှယ်လစ် ဖဆပလတို့နှင့် မသင့်တင့်သူများကို ပုဒ်မ-၅၊ဖြင့် ဖမ်းခြင်း၊ရွှေဘိုထောင်စသည့် ထောင်များတွင် ပုဒ်မ-၅ ဖြင့် ၄-၅နှစ်စစ်ဆေးခြင်းမရှိဘဲ ချုပ်ထားခံရသူအများအပြားရှိခြင်း၊ ဆိုရှယ်လစ် ဗတလစ ၏ ဩဇာကို လွန်ဆန်သောလယ်သမားတို့အားသီးစားချထားရေးနည်းဥပဒေ ပုဒ်မ-၁၇(ခ)ဖြင့် အကျဉ်းချခြင်း။

လူမျိုးစုအရေး

ပြည်နယ်များရှိပြည်သူလူထု တိုးတက်ရေးအတွက် ပြည်သူတို့သည် အခွင့်အရေးမရကြပေ။ ပြည်သူတို့အပေါ်ချုပ်ချယ်သောပဒေသရာဇ်များ

နှင့်သာ ဖဆပလ အာဏာပိုင်တို့က ပူးပေါင်းသည်။ အခွင့်အရေး ပေးသည် စသည်တို့ကို ထိုစာအုပ်တွင် ဆက်လက်ဖော်ပြထား၏။

ခြိမ်းခြောက်မှု

ဖဆပလ အာဏာပိုင်တို့အား ဆန့်ကျင်လာသော စာနယ်ဇင်းများနှင့်ပတ်သက်၍၊ ၁၉၅၂-ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဖြစ်လာခဲ့သော ဗိုလ်ခင်မောင်ကလေးက စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ် "ငါးသောင်း-ငါးသိန်း ငါးသန်း အထိထောင်ချပစ်ရန် ဦးမလေး" ဟု မိန့်ဆိုခဲ့ခြင်းကိုလည်းဖော်ပြထားပေသည်။ ထိုမျှနှင့်ပင်ဆိုရှယ်လစ်ဖဆပလအာဏာပိုင်တို့သည်ပြည်သူတို့အတွက် အကာအကွယ်ဟူသမျှကို ဖျက်ဆီးပြီး၊ အုပ်ချုပ်ရေး ယန္တရားကြီးတခုလုံးကို တပါတီလက်အောက်ခံအဆောက်အအုံအဖြစ် ပြောင်းလဲပစ်နေခဲ့ကြသည်ကို မြင်ရပေသည်။

နိုင်ငံတော်အစိုးရ၏ ဒေသန္တရဆိုင်ရာဝန်ကြီး ဌာနသည်ပဲခူးမြို့နယ်စီပါယ်အဖွဲ့အား မြို့နေလူထု၏ ဆန္ဒနှင့်ဆန့်ကျင်စေလျက် ဆောင်ရွက်စေပြီးပါတီဝင်တို့၏ ဩဇာလွှမ်းမိုးစေရန် ဖန်တီးသည်ကိုမကျေနပ်သော၊ ပဲခူးမြို့နယ်စီပါယ်အဖွဲ့ ဥက္ကဋ္ဌဦးကျော်ညွန့်က ၁၇၊၁၀၊၅၂-ခုနှစ်တွင် နုတ်ထွက်စာတင်ခဲ့၏။

ရန်ကုန်မြို့နယ်စီပါယ်အဖွဲ့တွင် လစ်လပ်လျက်ရှိသောအတွင်းရေးမှူးနေရာအတွက် လျှောက်ထားကြရန် ၁၊၄၊၅၄ တွင်ကြေညာခဲ့ရာ လျှောက်ထားသူ ၁၆-ဦးအနက် ၃-ဦးမှာကြော်ငြာချက်တွင်ဖော်ပြသောအချက်များနှင့် မပြည့်စုံဟု ဆိုရမည်ဖြစ်သော်လည်း၊ထို ၃-ဦးအနက်မှ ဗဟုသုတနှင့်လက်တွေ့လုပ်ငန်းများတွင် အညံ့ဆုံးဖြစ်သူ ဦးဘသိန်း(ဇ)(ဖဆပလ ဆိုရှယ်လစ်)အား ၁၊၇၊၅၇ နေ့တွင်ခန့်ထားရန် ဆုံးဖြတ်ခဲ့ကြောင်းကိုလည်း ထိုစာအုပ်တွင် ဖော်ပြထား၏။

အင်းစိန်ခရိုင် ဘုရင့်နောင် ရာဘာအလုပ်ရုံ အလုပ်သမားတို့က ပိုင်ရှင် ဖိနှိပ်မှုကို ကန့်ကွက်ဆန္ဒပြရန် ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အင်းစိန်ခရိုင်ဝန်က ၅၊၅၊၅၃ နေ့တွင်ပုဒ်မ-၁၄၄ အမိန့်ထုတ်၍ နောက်တနေ့တွင် အလုပ်သမား ၁၃၀ ကျော်ကိုဖမ်းဆီးခဲ့၏။

ဖဆပလ ဆိုရှယ်လစ်တို့၏ တီယူစီဘီနှင့်မဆက်သွယ်ဘဲ၊ အတိုက်အခံ ဘီတီယူစီနှင့်ဆက်သွယ်မိသဖြင့် အလုပ်သမားတို့ ဤသို့ ဖိနှိပ် ခံခဲ့ရခြင်းဖြစ်၏။

တဖန် ၂၀၊၂၊၅၄ နေ့တွင် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာပါ အောက်ပါသတင်းကိုလည်း ထိုစာအုပ်တွင်ဖော်ပြထား၏။

"အစိုးရအမှုထမ်းအရာထမ်းများ လိုက်နာရမည့် နည်းဥပဒေပုဒ်မ ၂၄ အရ၊အစိုးရအမှုထမ်းများသည်နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့်ဆက်သွယ်ရေးပြဿနာမှာ၊လွန်ခဲ့သည့်၃-၄လကစ၍ပေါ်ပေါက်လာခဲ့ကြောင်း ထိုနည်းဥပဒေအရ အစိုးရအမှုထမ်းအရာထမ်းအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတော် ပြည်ထဲရေးဌာနသို့ အသိအမှတ်ပြုရန် မှတ်ပုံတင်ကြရမည် ဖြစ်ကြောင်း။ ထိုသို့မှတ်ပုံတင်ရာတွင် အမှုထမ်းအရာထမ်းအသင်းအဖွဲ့များသည် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) တီယူစီဘီနှင့် ဆက်သွယ်ထားခြင်းအတွက် ထိုအသင်းအဖွဲ့များအား လုံးဝထိခိုက်မည် မဟုတ်သဖြင့်၊ ထိုအသင်းအဖွဲ့များသည်ပြည်ထဲရေးဌာနသို့မှတ်ပုံတင်ရန်စီစဉ်လျက်ရှိပြီဟုသိရှိရကြောင်း။"

မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မဆိုပါဝင်ခြင်းမရှိစေရဟု ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသော်လည်း၊လက်တွေ့လုပ်ရာတွင်မူ တီယူစီဘီနှင့်ကား ဆက်သွယ်ပါဝင်နိုင်ခွင့်ရှိသည်ကိုတွေ့ရပေသည်။

ယခင်က ဖဆပလတွင် ပါဝင်ပြီး၊ ၁၉၅၂-ခုနှစ်တွင် ဖဆပလမှ နုတ်ထွက်လိုက်သော ပင်လယ်ကူးသင်္ဘောကြီးကုန်တင်ကုန်ချအလုပ်သမားအစည်းအရုံးနှင့်ပတ်သက်၍၊၁၉၅၂-ခုဇူလိုင်လ ၂၂-ရက်နေ့တွင်ဖဆပလ တီယူစီဘီ အထွေထွေအတွင်းရေးမှူး ဦးတင်ညွန့်(ပါလီမန်အတွင်းဝန်)၏အကြောင်းကြားချက်အရ၊သက်ဆိုင်ရာကပုဒ်မ-၁၄၄ ထုတ်ကာ၊အစည်းအရုံးတည်ရာဌာနကိုချိပ်ပိတ်ခဲ့၏။

ဖဆပလ စပကသ နှင့် ဆက်သွယ်ထားပြီး ၅-နှစ် အကြာတွင်မှ၊ ဖဆပလ-စပကသ အဖွဲ့ချုပ်မှ နုတ်ထွက်လိုက်သော ကြည့်မြင်တိုင်ကျောက်တံတားဈေးသည် လူထုအစည်းအရုံးအား၊တို့ပြန်သည့်အနေဖြင့်ဖဆပလတို့ဦးစီးထားသော မြို့လူကြီး များ အစည်း အဝေးက ၎င်းဈေးကို ဖျက်သိမ်းပစ်ရန် ၁၀-၁၀-၅၂ နေ့တွင် ဆုံးဖြတ်ခဲ့၏။

သာယာဝတီ ခရိုင် မိုးညို မြို့နယ်အား ဆိုရှယ်လစ် ဗိုလ်မှူးထွန်းတင်ကြီးမှူးသည့် ၂၂-ယူအမ်ပီတပ်မှ အုပ်ချုပ်လျက်ရှိစဉ် ရွေးကောက်ပွဲကျင်းပရန် ကိစ္စပေါ်လာ၏။ ဗိုလ်မှူးထွန်းတင် (ယခုတော်လှန်ရေးအစိုးရ၏ထိန်းသိမ်းခြင်းကိုခံနေရသူ)တို့သည်၊ဖဆပလအမတ်လောင်း ဦးကိုကိုကြီးအနိုင် ရရေးအတွက် နယ်လှည့်၍ ခြိမ်းခြောက်ခဲ့၏။ ဖဆပလ အမတ်လောင်းကို မဲမထည့်လျှင် ကျေးရွာကာကွယ်ရေးသေနတ်များသိမ်းယူမည်

ဆိုကာ၊ ရွာအချို့မှ ကာကွယ်ရေးသေနတ်များကို ပြန်သိမ်းသည်။ဖဆပလ နိုင်ပြီးမှ ပြန်ပေးမည်ဟု ဆို၏။

ရွေးကောက်ပွဲ ကြီးကြပ်ရေးအဖွဲ့က မိုးညို မြို့နယ် အခြေအနေကို ထောက်ရှု၍ ရွှေ့ဆိုင်းခဲ့သော်လည်း၊ ၁၉၅၁ ခုဒီဇင်ဘာလ ၃၀ ရက် အတွင်း အပြီးကျင်းပ ရမည်ဆိုသော သာယာဝတီခရိုင်ဝန် အမိန့်ဖြင့် ရွေးကောက်ပွဲကို ကျင်းပခဲ့သဖြင့်၊ ဖဆပလ အမတ်လောင်း အနိုင်ရသွား၏။

၂၃-၁၁-၅၁ နေ့တွင် မြောင်းမြ ကျောင်းသား သမဂ္ဂကကြီးမှူး ကျင်းပရန် စီစဉ် ထားသည့် အမျိုးသားအောင်ပွဲနေ့ကို ချုပ်ချယ်ခဲ့၏။သက်ဆိုင်ရာတို့က စိတန်းလှည့်လည်ခြင်း မပြုရ၊ မော်တော် ယာဉ်များ အငှား မလိုက်ရအမိန့်ထုတ်ခဲ့၏။ကျောင်းသား ခေါင်းဆောင် ၂-ဦးကိုပုဒ်မ-၅ ဖြင့် ဖမ်း၏။

ချောက်မြို့ ရေနံမြေ အလုပ်သမားတို့၏ အလုပ်ချိန် တပတ် နာရီ ၄၀- အချိန်ပိုလုပ်ခ ရှားပါး စရိတ်ပါ ၂-ဆ၊ နှစ်ပတ်လည်ခွင့်ရက် လစာ မပျက် တလ စသည်တို့ကို ရရှိရေး အတွက် တောင်းဆို ချက်ကို ဗြိတိသျှ အရင်းရှင် ဘီအိုစီ ကုမ္ပဏီက လိုက်လျောခြင်း မရှိသဖြင့် ၁၁-၆-၅၁ နေ့ တွင် အလုပ်သမားထုကသပိတ်မှောက်ခဲ့သည်။၁၃-၆-၅၁ နေ့တွင် သပိတ် မှောက် အလုပ်သမားတို့က ဆန္ဒပြနေစဉ် အစိုးရက ပုဒ်မ ၁၄၄-ထုတ်ကာ အလုပ်သမားတို့အား ရိုက်နှက် ဖမ်းဆီးခဲ့၏။

ကျေးရွာ သူကြီး ရွေးကောက်ပွဲများတွင်၊ ဖဆပလ တို့သည် အစိုးရ အာဏာသုံးကာ အနိုင်ယူခဲ့ကြ၏။ ဖဆပလ သူကြီးလောင်းများ ရှုံးလျှင် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပခြင်းများ ပြုခဲ့၏။

လယ်သမားတို့သို့ ထုတ်ပေးသော အမတော် ကြေးများကိုဗတလစ တို့က ဖြတ်အုပ် ကြခြင်း၊ ဆိုရှယ်လစ် ပြောက်ကျားတို့ကို ငွေပေးရခြင်း၊ ကျည်ဆံဖိုး သေနတ်ဖိုး ပေးရခြင်း စသည်တို့ မှာကား နေရာ တိုင်းတွင် ဖြစ်ပေသည်။

၁၉၅၃-ခုနှစ်တွင်အစိုးရ၏ စာရင်းအရဗမာ့နယ်မြေတွင်းဝင်ရောက် ကျူးကျော်ခဲ့သော တရုတ်ဖြူ ၁၂၀၀၀ လူထု အပေါ် စော်ကားခြင်း ချေးတာပ်ဆဲခြင်း၊ ပစ္စည်းသိမ်းခြင်းလုခြင်း၊ဓါးပြတိုက်ခြင်း၊မုဒိမ်းကျင့်ခြင်း တို့ကို ဖေါ်ထုတ်၍ ပြည်သူတို့အား နှိုးဆော်သော၊ တရုတ်ဖြူ အန္တရာယ် တင်ပြသော တရားပွဲကို အင်းစိန် ခရိုင်ဝန်က ကျင်းပခွင့် မပြုရဟု ပိတ်ပင် ခဲ့ကြောင်းဖြင့် ၂၃-၁၁-၅၃ နေ့က အဖွဲ့ပေါင်းစုံ ကော်မတီ ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှု ကော်မတီအား တိုင်ကြားခဲ့၏။

၁၉၅၃-ခု၊အောက်တိုဘာ ကျောင်းပိတ်ရက်ကိုတလအစား၁၅ရက် သို့ပြောင်းလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ ကျောင်းသားတို့၏ ဆန္ဒပြပွဲကို ဖဆပလ ဆိုရှယ်လစ်တို့က တိုက်ဖျက် ခဲ့ပြီးနောက်၊ ကျောင်းသား ခေါင်း ဆောင် ၃၀ တို့အား တက္ကသိုလ်မှ ရာသက်ပန် ထုတ်ပယ်ခဲ့၏၊ ၁၀-ဦးကို တနှစ် ထုတ်ပယ်ခဲ့၏။ ဤသို့ဖြင့် ဆိုရှယ်လစ်ပါတီ၏ ဩဇာခံ ဒီ အက်စ် အို ကျောင်းသားအဖွဲ့ကို ကျောင်းသားထုထဲတွင် ဩဇာရှိစေရန် အကြံအစည် ဖြင့်၊ တပ်ဦး ခေါင်းဆောင်တို့အား နှိပ်ကွပ်ပေးခဲ့၏။

မန္တလေး တက္ကသိုလ်ကျောင်း တသပိတ်ရေး ကော်မတီဝင် ၄-ဦးကို လည်းဖမ်းဆီးခဲ့၏။

ဖဆပလ ဆိုရှယ်လစ်တို့အား အတိုက်အခံ ပြုနေသော စာနယ်ဇင်း တို့ကို၊ မြို့နယ်များတွင် ရောင်းချခြင်း မပြုရဲစေရန်၊ နယ်ကိုယ်စား လှယ် တို့အား သွယ်ဝိုက်ခြိမ်းခြောက်ခြင်းပြု၏၊

၁၉၅၂-ခု အောက်တိုဘာ ၃၀ ရက်နေ့ညတွင်၊ ဗမာပြည်အလုပ် သမား လယ်သမားပါတီမှ အောက်တိုဘာ တော်လှန်ရေးနေ့တွင် ဖြန့်ချိရန် ရိုက်နှိပ်ထားသော အောက်တိုဘာ တော်လှန်ရေးဟူသော စာအုပ် ၂၀၀၀ ကို၊ ရဲအဖွဲ့က ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ဖြင့် သိမ်းယူခဲ့ပြီး တနှစ်နီးပါး ကြာပြီးမှ ပြန်ပေးခဲ့၏။

ဝန်ကြီး ဦးဗဆွေ၊ဝန်ကြီး ဦးရာရှစ်၊ ဦးကျော်ငြိမ်း၊ဗိုလ်မှူးအောင် နှင့် ဖဆပလ ခေါင်းဆောင်များ၊ သမဝါယမ အရာရှိကြီးများ ခေါင်း ဆောင် ဖွဲ့စည်းသော ရန်ကုန်ဆိပ်ကမ်းအလုပ်သမား သမဝါယမ အသင်း လီမိတက်မှ ဆန်သမ်းအလုပ်သမားများသည်၊ခေါင်းပုံဖြတ်ခံရခြင်း၊အသင်း ရံပုံငွေ အလွဲသုံးစား အလုပ်ခံရခြင်းတို့နှင့်ပတ်သက်၍၊ဖဆပလ တီယူစီဘီ နှင့် ဦးဗဆွေတို့အား အကြိမ်ပေါင်း များစွာ တိုင်ကြားခဲ့၏။ အရေးမယူ သောကြောင့် ဝန်ကြီး ဦးဗဆွေခေါင်းဆောင်သော သမဝါယမ၏အောင် မြင်ချက်ကိုစံပြအံ့ ဟူသော ခေါင်းစဉ်ပါစာအုပ်ကိုအလုပ်သမား၃ယောက် အမည်ဖြင့် ထုတ်ဝေခဲ့ကြ၏။ ၁၅-၇-၅၃ တွင် ၎င်းအလုပ်သမား ၃-ဦး အလုပ်ထုတ်ခံခဲ့ရပြီး၊စာအုပ်ဖတ်သူ အလုပ်သမား ၅၈-ဦးအား အလုပ်မှ ရပ်စဲခဲ့၏။

ဗိုလ်ထွန်းတင်နှင့်သခင်ညို

ပါလီမန် ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်း အနိုင်ရရှိ ရေးအတွက်၊ ရန်ကြီးအောင် ဘရင်းကယ်ရီယာ သံချပ်ကာ ကားကြီးကို

စီးကားယူအမ်ပီ ဗိုလ်မှူးထွန်းအင်သည် ရှာစဉ်လှသို့ ၅၂မဲ ဆွယ်ခဲ့၏။ သို့သော် မဲရေတွက်သည့် နေ့တွင် ဖဆပလ အမတ်လောင်းအား သခင်ညိုက အနိုင်ရကာ အရွေးခံခဲ့ရသည်။ ဗိုလ်မှူးထွန်းထင်သည် ဇီးကုန်းမြို့ ရွာလူကြီးများကို မဲရေသည့်နေ့ ညပိုင်းမှာပင် ခေါ်ယူ ကြိမ်းမောင်းသည့် အပြင်၊ သခင်ညို၏ အိမ်ကို ယူအမ်ပီဘပ်သားများအား အစောင့်ချထားခဲ့၏၊ သူကိုယ်တိုင်လည်း သခင်ညိုနှင့် သခင်ညိုအား မဲပေးသည်ဟု ထင်သူများကိုအိမ်တိုင်ယာရောက်လိုက်လံဆဲဆိုသဖြင့် သခင်ညိုသည် ဇီးကုန်းမှ ရန်ကုန်သို့ပြေးခဲ့ရ၏။

သခင်အုန်းညွန့်

မြိတ်မြို့တွင် လင်းယုန်ဂျာနယ်၊ ပြည်သူ့တပ်ဦးဂျာနယ်၊ ကျော်လင်းစာပေတိုက်ထုတ် စာအုပ်များ၊ ပြည်သူ့စာပေမှ ဖြန့်ဖြူးသည့်စာပေများကို ရောင်းချသည့် ကိုယ်စားလှယ် သခင်အုန်းညွန့်အား ကွန်မြူနစ်နှင့် ဆက်သွယ်သည်ဆိုကာ ၁၀-၁၁-၅၂ တွင် ပုဒ်မ ၅-ဖြင့် ဖမ်းခဲ့၏။ စာနယ်ဇင်း ကိုယ်စားလှယ်များအား တိုးတက်သော စာပေများ မရောင်းရဲအောင် တဆင့်တိုးကာ၍ လုပ်ခြင်း ပင်ဖြစ်သည်။

ပါလီမန် ရွေးကောက်ပွဲတွင် ဗိုလ်ရွှေဖေသည် ဖဆပလ အမတ်လောင်းအား အနိုင်ရကာ မုဒုံနယ်မှ အရွေးခံခဲ့ရ၏။ ဗိုလ်ရွှေဖေနှင့် ရဲဘော် ၂ ဦးတို့အား မော်လမြိုင် ဖဆပလ ဆိုရှယ်လစ်တို့ ပါဝင်သောငြိမ်ဝပ်ပိပြားရေးကော်မတီ၏ ဆုံးဖြတ်ချက် အရ ၂-၁၁-၅၁ တွင် အထောက် အထားမခိုင်လုံဘဲ ဖမ်းဆီးခဲ့၏။

၁၉၅၀-ခု နှစ်တွင် အစိုးရ အသိအမှတ် ထားသော ကင်းလှတ်ခွင့်များအရ အစိုးရထံသက်နက်ချဝင်ရောက်ခဲ့ပြီးဆင်ပေါင်ဝဲနယ် ပါလီမန် အမတ်လောင်းအဖြစ် ဖဆပလနှင့် ယှဉ်ပြိုင်ရန် လုပ်ဆောင်နေစဉ် ၁၉၅၁ ခုနှစ်ဝင်ကာလ၌ ဗိုလ်ဦးစိန် (ရဲဘော်ဖြူခေါင်းဆောင်)သည်အဖမ်းခံခဲ့ရ၏။ ဗိုလ်ဦးစိန်အား သစ္စာဖောက် ဥပဒေ ၃-(၁)အရ-၃-မှု၊ မကွေး ငွေတိုက်ဖောက်ရာတွင် အားပေးမှုစသည်ဖြင့် တရားစွဲခံခဲ့ရ၏။

ရဲဘော် ဘငြိမ်း

၁၉၅၀-ခု ဒီဇင်ဘာလ၊ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ဗမာပြည် အလုပ်သမား လယ်သမားပါတီ ခေါင်းဆောင် ရဲဘော်ဘငြိမ်းနှင့် ရဲဘော် သိန်းကြွယ်တို့သည် ၁၉၅၃ ခု၊ မတ်လ၊ ၃ ရက်နေ့တွင် ရဲဌာန တပ်မတော်

တို့အား အကြောင်းကြားပြီး နောက် စစ်ကွင်းမြို့ ကန်ကျောင်း ဇရပ်၌ ဟောပြောပွဲကျင်းပရာ ပရိသတ် ၅၀၀ ခန့်ရောက်ခဲ့၏။

ဗမာ့စီးပွားရေးကျပ်တည်းမှု ဖြေရှင်းရေး၊ တရုတ်ဖြူ ကျူးကျော်မှု ခုခံကာကွယ်ရေး၊ ဗမာပြည် စစ်တလင်းမဖြစ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို ဟောပြောနေသည်။ သံချပ်ဘာကား ဂျစ်ကားတို့နှင့် ရောက်ရှိလာသော လက်နက်ကိုင်တို့က လက်နက်များဖြင့် ချိန်ကာ ရဲဘော် ဘငြိမ်းနှင့် ရဲဘော် သိန်းကြွယ်တို့အား ဝါးရင်း ဒုတ်များဖြင့် ရိုက်နှက်ခဲ့၏။

သစ္စာဖောက် ဥပဒေ

ပါလီမန်တွင် မေးခွန်းဖြေကြားရာ၌ သက်ဆိုင်ရာ ဝန်ကြီးဌာနက အောက်ပါအတိုင်း ဖြေကြားခဲ့၏။

၁-၁-၄၇ မှ ၃၁-၁၂-၅၀ အထိ၊

သစ္စာဖောက် ဥပဒေအရ အရေး ယူထား သူပေါင်းမှာ ဗမာပြည် ကွန်မြူနစ်ပါတီဝင် ၁၂၀-။ပြည်သူ့ရဲဘော် ၁၃၀၊ ကရင် ၁၄၊မွန်၄။

အပြစ်ပေး ခံရသူများမှာ ဗမာပြည် ကွန်မြူနစ်ပါတီဝင် ၆၀၊ ရဲဘော် ၃၆၊ ကရင် ၉၊ မွန် ၂၊ဖြစ်၍။

၁၉၅၁ ဇန်နဝါရီလ တရက်နေ့အထိ၊ ဖမ်းဆီး ထားသူပေါင်း ၁၆၂၊ကြိုးမိန့်ပေးထားသူ ၅၇၊ အခြားအပြစ် ပေးထားသူပေါင်း ၇၅။

၃၀-၆-၅၂ အထိ သစ္စာဖောက် ဥပဒေ အရ ဖမ်းဆီးထားသူပေါင်း ၂၇၆။

၃၀-၆-၅၂ အထိ သစ္စာဖောက် ဥပဒေအရ ကြိုးမိန့် ချမှတ်ခြင်းခံရသူ ၅၆။

၃၀-၆-၅၂ အထိ သစ္စာဖောက် ဥပဒေအရ ဖမ်း၍ ထောင်ဒဏ် အမိန့် ချမှတ်ခြင်းခံရသူ ၂၆ ယောက်တို့ ဖြစ်၏။

"၁၅-၉-၅၂ အထိလူမျိုးစု လွှတ်တော်တွင် သက်ဆိုင်ရာ ဌာနဝန်ကြီး၏ ဖြေကြားချက်မှာ ဗိုလ်အေးဖေအား ၁၇-၆-၅၂ တွင် စစ်ထုံးစံအရ၊ တောင်ပိုင်း စစ်ဌာနချုပ် တပ်မြေ အတွင်းတွင် စစ်တရားခုံရုံး စီရင်ချက်နှင့် စစ်ဥပဒေ စည်းကမ်းအရ သေနတ်နှင့် ပစ်သတ်လိုက်သည်။ အလောင်းကိုပြန်မပေးနိုင်ပါ။သစ္စာဖောက် ဥပဒေအရအသတ်ခံရသူများမှာ ဗိုလ်အေးဖေ တယောက်သာ ဖြစ်ပါသည်။"

၁-၁-၅၂ မှ ၃၁-၁၂-၅၃ အထိ သစ္စာဖောက်ဖျက် ပုန်ကန်မှုအက်ဥပဒေအရ ဖမ်း ထား သူ ပေါင်း ၃၀။ ကြိုးမိန့် ပေးထားသူ ၂။

ထောင်ဒဏ် ပေးခံရသူ ၂၁။ အမှုမပြီး မပြတ်သေးသူ ၁၅။ ဖြစ်သည် ဟု ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှု ကော်မတီ၏ စာအုပ်တွင် ဆက်လက် ဖော်ပြထား၏။

ဒီမိုကရေစီ မှတ်တမ်းကြီး သည် ၁၉၅၁ ဇူလိုင် ၂၄ မှ ၁၉၅၄ ဇူလိုင် ၂၄ အထိ၊ ၃နှစ်အတွင်း ဖြစ်ပွားခဲ့သော ဒီမိုကရေစီကင်းမဲ့မှု၊ဖိနှိပ်မှု မှတ်တမ်းသာဖြစ်ပေသည်။ အထက် ဖော်ပြပါ အချက်များသည် ထိုမှတ်တမ်းကြီးထဲမှ အချို့ကိုသာ ဖော်ပြခြင်းဖြစ်ပေသည်။

ပြည်သူတို့က မမေ့ကြ

၁၀-နှစ် ၁၀-မိုး အုပ်စိုးခဲ့သော ဖဆပလတို့၏ ဒီမိုကရေစီ ဖေါက်ဖျက်သည့် လုပ်ငန်းများကိုအလုံးစုံဖော်ပြခြင်းမဟုတ်သေးပေ။

ဖဆပလ အစိုးရနှင့် ခေါင်းဆောင်တို့သည် ပါလီမန် ဒီမိုကရေစီကို လက်သုံးပြုကာ၊ ပြည်သူတို့၏လွတ်လပ်ခွင့်ကို ချိုးဖေါက်ခဲ့၏။ ပြည်သူတို့ အားဒီမိုကရေစီ အခွင့်အရေးမပေးဘဲ ဖိနှိပ်ချုပ်ချယ်ခဲ့၏။ နှိပ်စက် ခဲ့၏။ သတ်ဖြတ်ခဲ့၏။

ဦးဗဆွေဦးဝင်းတို့သည် ဤသို့သောမိမိတို့၏ ကျူးလွန်ချက်တို့ကို မေ့ပစ်မည်ဆိုလျှင် မေ့ပစ် နိုင်ကြမည်ဖြစ်သော်လည်း၊ ပြည်သူတို့ကမူ မမေ့ကြသည်မဟုတ်ပေ။

ဦးဗဆွေတို့က "လွတ်လပ်စွာ ရေးသားနိုင်မှု၊ လွတ်လပ်စွာ ပြောဆိုနိုင်မှု...." ဟူ၍ရင်း၊ "ပြည်သူ့ လွတ်လပ်ရေးဆိုတဲ့ ဟာဟာလဲ လူထုက အာဏာ ဆင်းသက်ခြင်းဆိုတဲ့ ဒီမိုကရေစီရှိမှ တည်မြဲနိုင်တယ်" ဟူ၍ရင်း၊ အသံကောင်း ဟစ်လာခြင်းသည် မိမိတို့၏ အပြစ်ကို ဖုံးကွယ်ရန် အရှက်ကင်းမဲ့စွာ ပြောဆိုလာခြင်းသာ ဖြစ်ပေသည်။

ဆင်သေကို ဆိတ်သားရေဖြင့် ဖုံး၍ မရပေ။ ပြည်သူတို့သည် ဦးဗဆွေတို့၏ စကားကိုအယုံအကြည် ကြတော့မည်မဟုတ်သည်ကို ဦးဗဆွေတို့ မတွေးမိကြသည် တကား။

ပြည်တွင်းစစ် နှက်ရှိုင်းရေး

နယ်ချဲ့ အလိုကျအတိုင်း ဖဆပလ ဆိုရှယ်လစ်တို့ မီးမွှေး ခဲ့သော ပြည်တွင်းစစ်ကြောင့်၊ ဖဆပလ အစိုးရသည် တဏှာရေး အကျပ်အတည်း ဆိုက် လာ ခဲ့ ရသည်။ အီး စီအေ၊ အမ် အက်စ် အေ၊ ကမ္ဘာ့ဘဏ် ချေးငွေ အမေရိကန် ဝါဂွမ်းထောက်ပံ့ရေး အမေရိကန်မှ ချေးမည် ဆိုသည့် ချေး

ငွေတို့သည် ကွန်မြူနစ် ဆန့်ကျင်ရေး၊ ပြည်တွင်းစစ်ပိုမို နှက်ရှိုင်းရေး အတွက် နှောင်ကြိုးကြီးများသာ ဖြစ်ပေသည်။

ထို့ပြင်အာရှ ဖေါင်ဒေးရှင်း၊ဖို့ဒ်ဖေါင်ဒေးရှင်း၊ ပါရဂူအကူအညီ၊ စီမံကိန်း စသည်တို့ အားဖြင့် အစိုးရ အုပ်ချုပ်ရေးဌာနများ၊ ပညာရေး ဌာနများ၊ စာနယ်ဇင်းနှင့်ရုပ်ရှင်စသည် ဝါဒဖြန့်ချိရေးဌာနများအတွင်းသို့၊ အမေရိကန်နယ်ချဲ့သူလျှိုတို့သည်ဖေါက်ထွင်းဝင်ရောက်ခဲ့ကြပြီးလျှင်၊ ကွန်မြူနစ်ဆန့်ကျင်ရေးမူဝါဒ၊ ပြည်တွင်းစစ် နှက်ရှိုင်းစေရေး မူဝါဒတို့ကို သွတ်သွင်း ပေးခဲ့သည်။

လက်နက်ကိုင် တော်ခိုနေသော ဗမာပြည် ကွန်မြူနစ်ပါတီက၊ ပြည်သူတို့၏ ငြိမ်းချမ်းရေး ဆန္ဒအရ၊ ပြည်တွင်းစစ် ရပ်စဲရေးအတွက် တွေ့ဆုံ ဆွေးနွေးရန် စကား ကမ်းလှမ်းခဲ့ရာတွင် ဖဆပလအစိုးရသည် အောင်မြင်စစ်ဆင်ရေးဖြင့် စစ်ရေးအရ ထိုးစစ်ဆင်ကာ၊ ကမ်းလှမ်းချက်ကို လက်တုံ့ပြန်ခဲ့သည်။ နိုင်ငံရေးအရလည်း ၁၉၅၆ ခုနှစ်မတ်လ ၃၁ရက်နေ့နောက်ဆုံးထား၍ လက်နက်ချဝင်လှည့်ကြ၊ သို့မဟုတ်လျှင် ပြန်လမ်းမရှိ အပြတ်တိုက်ရလိမ့်မည်ဟု လက်တုံ့ပြန်ခဲ့ပေသည်။

အဆောင် အယောင် ရွေးကောက်ပွဲ

ဖဆပလ အစိုးရသည် ဤသို့ဖြင့် ပြည်တွင်းစစ် လမ်းစဉ်ကိုကိုင်စွဲကာ ခါးပိုက်ဆောင်ပြုစောထီးတပ်များကိုအားဖြည့်ပေးပြီးနောက်၊ အထွေထွေ ရွေးကောက်ပွဲကြီးကို ၁၉၅၆ ခု ဧပြီလတွင် စတင်ကျင်းပခဲ့၏။

ဖဆပလ တပါတီ အာဏာရှင် စံနစ်ဖြင့် ဖိနှိပ်ခြင်းနှင့် ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ပယ်ဖျက်ခြင်း စသည်တို့ အကြားမှပင်၊ ပမညတ အဖွဲ့သည် ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခဲ့၏။ ပမညတသည် ရွေးကောက်ပွဲဝင်ရင်း ဖဆပလ၏ မတရားပြုမှုများကို ဆန့်ကျင်ကာ၊ ပြည်တွင်းစစ် ရပ်စဲရေး ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့အတွက် လှုံ့ဆော်နိုင်ခဲ့ပေသည်။ ဖဆပလ အစိုးရ၏ ဒီမိုကရေစီအဆောင် အယောင် ရွေးကောက်ပွဲအား ပြည်သူတို့၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတိုက်ပွဲအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပေသည်။

ဖဆပလ၏ မတရားမှုများနှင့် ဖိနှိပ်မှုများအကြားမှပင်၊ ရသမျှသော ဒီမိုကရေစီ အခွင့်အရေး ကလေးများကို အသုံးချကာ၊ ပြည်သူ တို့သည်

ပမညတကိုယ်စားလှယ်တို့အားမဲပေါင်း တသန်းနှစ်သိန်း ခုနစ်သောင်းကျော် ပေးခဲ့သည်။ (ဖဆပလက တသန်းရှစ်သိန်း နှစ်သောင်းကျော်ရခဲ့၏)။

၁၉၅၆-ခု၊ ဧပြီလ၊ ၂၇-ရက်နေ့တွင် ကျင်းပသော ပထမ အရစ် ရွေးကောက်ပွဲတွင် ပမညတ၏ အနိုင်ရမှုကိုကြည့်ကာ၊ ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲ လက်ကျန်အရစ်နှင့် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲတို့တွင် ဖဆပလသည် မတရားပြုမူ၊ ဖိနှိပ်မှုများ အစွမ်းကုန် သုံးခဲ့သည်။

မင်းလှ ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲတွင်၊ ပမညတ အမတ်လောင်းခေါင်းဆောင်သခင်လှိုင်အတွက်ဆောင်ရွက်ပေးသောရဲဘော်ဘလှိုင်၊ ရဲဘော်ခင်မောင်ကြီး၊ရဲဘော်တင်ဦး၊ ရဲဘော်ညို၊အေးတို့မှာ နေ့ခင်းကြောင်တောင်၌ပင်၊ ရန်ကုန် ပြည် ကားလမ်းပေါ်၌၊ပစ်သတ်ခံခဲ့ရ၏။ တပြည်လုံး ဖဆပလအမတ်များ အနိုင် ရရှိရေးတွင်၊ ဖဆပလအမတ်တယောက်ရရှိရေး အတွက်လူ ၅-ယောက်မှ ၉-ယောက်အထိသတ်ဖြတ်ခံခဲ့ရ၏။နောက်ဆုံးတွင် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲအား ပမညတက သပိတ်မှောက်လိုက်ရသည့်အထိဖြစ်ခဲ့ရတော့သည်။

မည်သို့ပင်ဖြစ်စေ မိမိတို့၏ လှုပ်ရှားမှု အားဖြင့်သာလျှင် မိမိတို့ အလိုရှိသော ဒီမိုကရေစီရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အရယူနိုင်လိမ့်မည်ဟူသော ပြည်သူလူထု၏ အသိတရားသည် ထိုရွေးကောက်ပွဲ အတောအတွင်းမှပင် ကိုယ်ပိုင်အတွေ့အကြုံအရ ပေါ်ထွက်လာခဲ့ပေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီ၏ရှေ့ဆောင်မှုအောက်တွင် ပြည်သူလူထုသည်ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ခဲ့၏။ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုသည် ကြီးမားသော အဟုန်ဖြင့် ချီတက် လျက်ရှိခဲ့ပေသည်။

ထူးခြားခြင်းမရှိ

၁၉၅၆-ခု ဇူလိုင်လ ၃-ရက်နေ့တွင် သတင်းစာ ဆရာတို့နှင့် တွေ့ဆုံရာ၌ ဝန်ကြီးချုပ်သစ် ဦးဗဆွေက "သောင်းကျန်းမှု အစိုင် အခဲကို ပထမနှစ်တွင်ရှင်းလင်း၍ လုံးဝငြိမ်းချမ်းရေးကို ဒုတိယနှစ်တွင် ဆက်လက် ဆောင်ရွက်သွားမည်" ဟုမိန့်ကြားခဲ့၏။

တဖန်မင်္ဂလာဒုံ တပ်မြေ တပ်ရင်းမှူးများညီလာခံတွင် ၂၄-၉-၅၆ နေ့၌ ဝန်ကြီးချုပ် ဦးဗဆွေက မိမိတို့အစိုးရသည် တောခိုသူများနှင့်စေ့စပ် ဆွေးနွေးမည်မဟုတ် ပြတ်ပြတ်သားသား လုပ်မည်ဟု မိန့်ကြားခဲ့၏။

ဦးဗဆွေသည် ပြည်သူတို့၏ ငြိမ်းချမ်းရေးဆန္ဒကို ဤသို့ပင် တုံ့ပြန်ခဲ့၏။ လက်နက်ချရင်ချ မချရင် အပြုတ်တိုက်မည်ဟူသော ဦးနု၏ သဘောအတိုင်းပင်ဖြစ်၏။ အမှန်အားဖြင့် ထိုပုဂ္ဂိုလ် ၂-ဦးစလုံးသည် တဖွဲ့တည်းမှ ပုဂ္ဂိုလ်များပင် ဖြစ်ရာ ဆန်းသည်ကား မဟုတ်ပေ။

စီမံကိန်းများဖြင့် မျက်လှည့်ပြပုံက

၁၉၅၇-ခု ဇွန်လ ၈-ရက်နေ့တွင် ဖဆပလ အစိုးရ ဝန်ကြီးချုပ် ဦးနုသည် ၄-နှစ်စီမံကိန်းနှင့်ပတ်သက်၍ မိန့်ခွန်းမြွက်ကြားခဲ့၏။

ဖဆပလအစိုးရသည်ဗိုလ်ချုပ်အောင်ဆန်း၏ဆိုရန်တိုဗီလာစီမံကိန်းကို ဘေးချိတ်ခဲ့၏။ ထို့နောက် ၁၉၅၂-ခုနှစ်တွင် ပြည်တော်သာ ၅ နှစ် စီမံကိန်း ပေါ်လာခဲ့၏။

"ကျွန်တော့မှန်းချေကို ရောက်တဲ့နေ့မှာ ဒီနိုင်ငံ အတွင်းမှာရှိတဲ့ ပြည်ထောင်စုမိသားစုတိုင်း-မိသားစုတိုင်းဟာ အောက်ဆုံးရှိတဲ့လူဟာ အိမ် တအိမ်ရှိရမယ်၊ မော်တော်ကားတစီးရှိရမယ်၊ ဝင်ငွေဟာတလကို ၈၀၀မှ ၁၀၀၀ အထိ ဝင်နိုင်တယ်" ဟု ဝန်ကြီးချုပ်ဦးနုက မိန့်ကြားခဲ့၏။

ဗမာပြည်သူတရပ်လုံး ပို၍ပို၍ ဆင်းရဲကျပ်တည်းရသည်မှာ နယ်ချဲ့ ပဒေသရာဇ်၏ လွှမ်းမိုးမှု နယ်ချဲ့စက်ဖက် ချယ်လှယ်မှုနှင့် ဖဆပလ ဆိုရှယ် လစ်အာဏာပိုင်တစုကနယ်ချဲ့နှင့် စေ့စပ်ကာ တိုင်းပြည်မျက်နှာမထောက်ဘဲ ကိုယ်ကျိုးရှာမှုကြောင့် ဖြစ်ရသည် ဆိုသော အချက်ကို ဤ ပြည်တော်သာ မိန့်ခွန်းဖြင့် ကာကွယ်ရန် ဖဆပလသည် ကြိုးစားခဲ့၏။ဗက်ဆစ်ဟစ်တလာ သည်လည်း လူတယောက် အိမ်တလုံး ကားတစီးဝါဒကို ဟစ်အော် ခဲ့သူ ဖြစ်ပေသည်။

သို့သော်လည်း ပြည်တော်သာ စီမံကိန်းမှာနောက်ဆုံးတွင် ပြည်သူ လူထုရှေ့မှောက်၌ ပြက်လုံးအဖြစ် ပျောက်သိမ်းသွားခဲ့ရ၏။

ထို့နောက် ဝန်ကြီးချုပ် ဦးဗဆွေ၏ ၂ နှစ်စီမံကိန်း ပေါ်လာခဲ့ ပြန်၏။ ထိုစီမံကိန်းမှာလည်း ဘယ်ကမ်းဘယ်သောင်သို့ ဆိုက်ကပ်ခဲ့သည် မသိရပေ။

ထို့မှတဖန် ၁၉၅၇ ခုနှစ်တွင် ၄ နှစ်စီမံကိန်း ပေါ်လာခဲ့၏။အမှန် အားဖြင့် ထို ၄ နှစ်စီမံကိန်း၏ အနှစ်သာရမှာ ဖဆပလ အစိုးရ၏ အပြုတ် တိုက်ရေး လမ်းစဉ်အား ပိုမိုအင်အား ပြည့်ဝင်းရန် မောင်းတင် လာခဲ့ခြင်း သာ ဖြစ်ပေသည်။

ဆယ်နှစ်ဆယ်မိုး ဖဆပလ၏နိဂုံး

တိုးတက်သော နိုင်ငံရေး၊စီးပွါးရေး၊ လူမှုရေးဝါဒနှင့်လုပ်ငန်းများ လုပ်သည်နှင့်အမျှ ပြည်တွင်းစစ် ရပ်စဲရေး အခြေခံ ပိုမို ကောင်းလာမည် ဟူသော အယူအဆကို ဖဆပလသည် လက်ခံခြင်းမပြုခဲ့ကြပေ။

ဤသို့ဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးလည်းမရှိ၊ စီးပွါးရေးလည်း ကျပ်တည်း၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး ယန္တရားတို့လည်း အသွားတုံး လာခဲ့လေရာ ဖဆပလ အဖွဲ့ချုပ်အတွင်းမှာရော ဖဆပလ အစိုးရ အတွင်းမှာပါ တဦးနှင့်တဦး တဂိုဏ်းနှင့်တဂိုဏ်း တအုပ်စုနှင့်တအုပ်စု အပြန်အလှန် မကျေနပ်မှုများ ပေါ်ထွက် လာခဲ့တော့သည်။ခေါင်းဆောင်မိုင်းအတွင်းမှာ ပင်အပြန်အလှန် စွပ်စွဲချက်များ ပြုလာခဲ့ကြသည်။ နောက်လိုက်များသည် မိမိ၏ ဆရာများ၏ အရိပ်အခြည်ကိုကြည့်ကာ၊ အားစုကြသည်။ပဋိပက္ခ သည်တနေ့တခြားပိုမိုကျယ်ပြန့် သည်ထက်ကျယ်ပြန့်လာပေသည်။

ဗြိတိသျှနယ်ချဲ့လက်အောက်မှ လုံးဝ လွတ်လပ်ရေးအတွက်တိုက်ပွဲ ဝင်ခဲ့စဉ်က၊ ဖဆပလအဖွဲ့ချုပ်ထဲတွင်၊ တတပ်တအားအဖြစ်ပါဝင်စုစည်း ခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်၊ မြန်မာနိုင်ငံ လူငယ် များအစည်းအရုံး၊ ဗမာ့မှတ်ဆလင် ကွန်ဂရက်၊ ဆိုရှယ်လစ်ပါတီမှ ကွဲ ထွက်သွားသော ဗမာပြည်အလုပ်သမားပါတီ အစရှိသော အင်အားစုတို့ သည်၊ ဖဆပလအတွင်း၌မရှိကြတော့ပေ။ ဖဆပလသည် ဆိုရှယ်လစ်ပါတီ- ဆိုရှယ်လစ်ပါတီသည် ဖဆပလဖြစ်နေသော အချိန်တွင် ဖဆပလအဖွဲ့ကြီး သည်နှစ်ခြမ်းကွဲထွက်သွားခဲ့လေသည်။

ဖဆပလ၏ ပြည်တွင်းစစ်လမ်းစဉ်ကြောင့်၊သေကျေ ပျက်စီးရခြင်း၊ သားကွဲမယားကွဲဖြစ်ကြရခြင်း၊ အလုပ်သမားတို့ အလုပ်လက်မဲ့ဖြစ်ရခြင်း၊ လယ်သမားတို့ လယ်ယာကို စွန့်ထားခဲ့ရခြင်း၊ အသက်အိုးအိမ် စည်းစိမ်လုံ ခြုံမှုမရှိခြင်း၊ကျောင်းသားများပညာသင်ပျက်ရခြင်း၊ကုန်သည်များစီးပွါး ပျက်ကပ်ဆိုက်ရခြင်း၊ ကုန်ဈေးများ အဆမတန်တက်ကာ၊စားဝတ်နေရေး ကျပ်တည်းခြင်း၊ ဒီမိုကရေစီအခွင့်အရေးနှင့် လူမှုအခွင့်အရေးများလည်း လက်လွှတ်ဆုံးရှုံးရခြင်းများကို ပြည်သူလူထုအနေဖြင့် ဆယ်နှစ်ဆယ်မိုး ကျော်ခံနေကြရချိန်တွင် ဖဆပလအဖွဲ့ကြီးသည် ၂ခြမ်းကွဲထွက် သွားခဲ့ရ လေတော့သည်။

★ ★ ★

(၃)

တည်မြဲဖဆပလ၊ ဦးဗိုလ်အုပ်စုနှင့်နယ်ချဲ့သမား

၁၉၅၈-ခုဇွန်လ-၅ရက်နေ့တွင် မူလ ဖဆပလ အစိုးရ ဝန်ကြီး ၃၀အနက်မှဆွေငြိမ်းဝန်ကြီး-၁၅ဦးနုတ်ထွက်ခဲ့၏။

ဆွေ-ငြိမ်းအုပ်စုက တင်သွင်းသော နု-တင် အစိုးရအပေါ် အယုံ အကြည်မရှိအဆိုကို၊ ဇွန်လ ၉-ရက်နေ့ ပါလီမန် လွှတ်တော်တွင် မဲခွဲရာ၊ နု-တင်အစိုးရက၊ ၁၂၇--၁၁၉ မဲဖြင့် နိုင်ခဲ့၏။

ဇွန်လ ၂၄-ရက်နေ့တွင် နု-တင်အစိုးရ ဝန်ကြီးချုပ်ဦးနုက သူပုန် တို့အားလက်နက်ကိုင် တိုက်ပွဲစွန့်ကြောင်းကျေညာ၍ အလင်းဝင်ခဲ့ရန် အသံ လွှင့်ကျေညာခဲ့ပေသည်။ ဆွေ-ငြိမ်း ခေါင်းဆောင် ဦးဗဆွေက သူတို့မှုနှင့် မကွာပါဟု မိန့်ကြားခဲ့၏။

၁၉၆၂-ခု ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သောပထစ (နု-တင်)ပြည်လုံးကျွတ်ညီလာခံ၌ပထစ ဥက္ကဋ္ဌဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်း တွင် အစိုးရနှင့်သူပုန်တို့၏ထိုက်ပွဲ ဆက်ပေဦးတော့-ဟူသော စာသားကို ပင်တွေ့ရပေသည်။

ဒါတွေပဲ့အတူတူပင်

သိန်းဖေမြင့်-ရေး "ကျော်ငြိမ်း" စာအုပ်တွင်-

"ဖဆပလအကွဲသည် ပရိသတ်ဗိုလ်ပုံ အလယ် မရောက်ခင် သူတို့ အတွင်းမှာ ကြိတ်ကွဲနေစဉ်၊ ကျွန်တော်တို့သတင်းအမျိုးမျိုးရရှိ၏။ ပုဂ္ဂိုလ် ရေးကွဲကြသံများကို ကျွန်တော်သိပ်စိတ်မဝင်စားပေ။ နိုင်ငံရေး သဘော တရားရေးမှာသူတို့ဘာကွဲကြသနည်း။ ကျော်ငြိမ်းအား ကျွန်တော် မေး ကြည့်၏။

"နိုင်ငံခြားရေးမှာကွဲသလား"

"မကွဲဘူး တို့လဲကြားနေရေး၊ သူလဲကြားနေရေး။

"ပြည်တွင်းငြိမ်းချမ်းရေးမှာ ကွဲသလား။ လက်နက်ချပြီး ဥပဒေ ထဲဝင်ခဲ့ ဥပဒေတွင်း အခွင့်အရေးတွေ အားလုံး ပေးမယ် ဆိုတာမှာ ကွဲ သလား။"

"မကွဲဘူး သူပုန်တွေနဲ့ ပတ်သက်ပြီး ဖဆပလက အပြတ်တိုက်တာဘဲဖြစ်ဖြစ်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာဘဲဖြစ်ဖြစ် ဥပဒေတွင်းခေါ်တာဘဲဖြစ်ဖြစ် တို့အားလုံးကညီတညွတ်ထဲ ဆုံးဖြတ်တာချည်းဘဲ။"

"ဆိုရှယ်လစ် ဒီမိုကရေစီဝါဒယုံကြည်တာမှာကော မင်းတို့နဲ့ ကိုနုကွဲသလား။

"မကွဲဘူးအတူတူဘဲ။

"ဒီလိုဆိုရင် မင်းတို့ဘယ်မှာကွဲခဲ့ကြတာတုံး။

"ကျော်ငြိမ်းက ဖဆပလထဲမှာ ကိုနုအာဏာရှင်ဆန်ပုံတွေ ရှောက်ပြောသည်။ ကိုနုအာဏာ မက်မောလွန်းနေပြီဟုလည်းဆိုသည်။ သူ့အား မဟုတ်တရားစွပ်စွဲသည်ဟုလည်းဆိုသည်။ အမှန်မှာသူတို့နှစ်ယောက်အပြန်အလှန်ပေးစာမှ အချက်များကိုပင်ပြောနေခြင်းဖြစ်၏။"

ဟူ၍ ဦးသိန်းဖေမြင့်က ဖေါ်ပြထား၏။

ဤသို့ဖြစ်ပေရာ ပထစသည်၎င်း။ တည်မြဲဖဆပလသည်၎င်း၊ဆိုရှယ် ဒီမိုကရက်ဝါဒကို ယုံကြည်ကြ၏။ မာ့က်စ်ဝါဒ-လီနင်ဝါဒကို ဆန့်ကျင်ကြသူများဖြစ်၏။ ။နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးဖြေရှင်းသည့် နည်းဖြင့်ပြည်တွင်းငြိမ်းချမ်းရေး ရအောင် လုပ်လိုခြင်းမရှိကြ။ အပြတ် တိုက်သည့်နည်း၊ လက်နက်ချအညံ့ခံခိုင်းသည့်နည်းကိုသာ သုံးလာခဲ့ကြပေသည်။

သူတို့၏ ခြေလှမ်း

၁၉၆၁-ခု ဇွန်လ ၁၁-ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေး အစိုးရက တွေ့ဆုံ ဆွေးနွေးရေးအထွက် ကမ်းလှမ်းချက် ထုတ်ပြန်ချိန်၌၊ ဦးဗဆွေတို့၏ တည်မြဲ ဖဆပလသည် လက်နက်ချ အညံ့ခံခိုင်း လိမ့်မည်ဟူသော ယူဆချက်ဖြင့် ကမ်းလှမ်းချက်ကို ထောက်ခံခဲ့ပေသည်။

သို့သော် တောတွင်း အဖွဲ့အစည်းများ လာရောက် ဆွေးနွေးခြင်း၊ စာပေးစာယူ ပြုနေခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အလား အလာများ ထွက်ပေါ်လာချိန်တွင်၊ ဦးဗဆွေ၏ "အရှေ့သို့" မိန့်ခွန်းသည်၎င်း၊ ပထစ ဦးဗိုလ်အုပ်စုခေါင်းဆောင် ဦးဝင်း၏ မိန့်ခွန်းသည်၎င်း၊ ပေါ်ထွက်လာခဲ့ပေရာ၊ ငြိမ်းချမ်းရေးလုပ်ငန်းဖျက်သိမ်းရန်နှင့် ကွန်မြူနစ်ဝါဒဆန့်ကျင်ရေးလုပ်ရန်တည်းဟူသောအချက်တို့သည်ပေါ် လွင်လာရပေတော့သည်။

ဩဂုတ်လ ၂-ရက်နေ့တွင် အမေရိကန် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတို့၏ အသံဖြစ်သော နယူးရောက်တိုင်းသတင်းစာကြီးက "နေဝင်း၏ ဆိုရှယ်လစ်လမ်းစဉ် ဒုက္ခနှင့် ရင်ဆိုင်နေရပြီ" ဟူ၍ ရေးသား၏။

ထိုနောက် တည်မြဲခေါင်းဆောင်များနှင့် ဦးဗိုလ်တို့ ထိန်းသိမ်းခံရပြီးချိန်တွင် အင်္ဂလိပ်လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတို့ ၏ ကြေးကြော်သံဖြစ်သော လန်ဒန်တိုင်း သတင်းစာကြီးက ဩဂုတ်လ ၁၀-ရက်နေ့တွင် ရေးသားပြန်၏။ ဗမာပြည် အစိုးရမှာ အင်ဒိုနီးရှားကဲ့သို့ ပဲ့ကိုင် ဒီမိုကရေစီကိုသုံး သည့် လက်ဝဲ စစ် အုပ် ချုပ် ရေး ဖြစ် လေ သည်။ မူလ ဖဆပလ အစိုးရအဖွဲ့ကြီးတွင် ပါသည့် ခေါင်းဆောင် ၉-ဦးကို ထိန်းသိမ်းလိုက်ခြင်းအားဖြင့်၊စစ်အုပ်ချုပ်မှုအောက်၌ တပါတီအစိုးရ၊သို့မဟုတ် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် အလံတော်အောက်မှ အမျိုးသားညီညွတ်ရေးဆီသို့ နောက်ထပ် ခြေတလှမ်း ရှေ့ တိုး လိုက်ခြင်း ပင် ဖြစ် လေ တော့ သည်။ ဗိုလ်ချုပ်နေဝင်းသည်၊ ဗမာ့ လွတ်လပ်ရေးကို ရသည့် နေ့မှစ၍ ထိန်းသိမ်း ပေးခဲ့သော ခေါင်းဆောင်များကို ဖယ်ရှားပစ်ပြီး၊ကွန်မြူနစ် သူပုန်များကို မြေပေါ်ရောက်အောင် ခေါ်ယူနေသည်။ နိုင်ငံခြားရောက် သူပုန်များလည်း ပြန်ရောက်နေကြပြီ။ ဗမာ့ လက်ဝင်း နိုင်ငံရေး ပြဿနာမှာ ဗိုလ်ချုပ်နေဝင်း၏မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို ထိုသူပုန်ဟောင်း များက လက်ခံနိုင်မှုအပေါ်တွင် အခြေပြုပြီးပေါ်လာမည့် နိုင်ငံရေး သဘောထားပင် ဖြစ်သည်။ သူပုန်များသည်နိုင်ငံတကာကွန်မြူနစ်ဝါဒမှ ရွေ့လျောပြီး၊ အမျိုးသားရေး စိတ်ဓါတ်လွှမ်းမိုးလာသောလက်ဝဲ ဝါဒကို လက်ခံ ကြပါမည်လော။ ထိုသူတို့ကိုဗိုလ်ချုပ်ကြီးနေဝင်း ထိန်းနိုင်ပါမည်လား။ ဗမာပြည်သည်လ အနည်းငယ်အတွင်းမှာပင် အိမ်နီးချင်း နိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေးလက်တွေ့အစမ်းသပ်ခံရာမြေတလင်းဖြစ်နိုင်သည် ဟူ၍ ရေးသားလိုက်ပေသည်။

ဤသို့ဖြင့် နိုင်ငံခြားနယ်ချဲ့သတင်းစာတို့က ဗမာပြည်၏ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ဝင်ရောက် စွက်ဖက်ကာခြေထိုးခြင်း၊ ဂျောက်တွန်းခြင်းပြုလာကြပေသည်။

ဦးဗဆွေ၊ဦးဝင်းစသောပုဂ္ဂိုလ်များနှင့် နယ်ချဲ့သမားတို့သည် ဤသို့အားဖြင့် တဦးနှင့်တဦးတောသံပေးနေကြသည်ကို တွေ့ရပေသည်၊

★ ★ ★

(၄)

တိုင်းပြည်အပေါ် ထားခဲ့သော

ဖဆပလ၏စေတနာမေတ္တာဆိုသည်မှာ.....

အထက်တွင် ဖဆပလက နယ်ချဲ့သမားနှင့် ပေါင်းပြီး ပြည်တွင်းစစ်ကြီး ကြီးသထက်ကြီးကာ တိုင်းပြည်ပြာပုံဘဝ အရောက်ကြီး ရောက်စေရန် လုပ်ကြံမှုကို ဖေါ်ပြခဲ့ပေသည်။ ဖဆပလ ဆယ်နှစ်ဆယ်မိုး အုပ်စိုးခဲ့စဉ်က နယ်ချဲ့သမားနှင့် ပေါင်းကာ တိုင်းပြည်အကျိုးကို ဆန့်ကျင်ပြီး။ ဖဆပလ ခေါင်းဆောင် တသိုက် ကိုယ်ကျိုးအတွက် အသုံးပြု ခဲ့ကြသည်ကို ဖေါ်ပြခဲ့ပေသည်။

ဖဆပလ ခေါင်းဆောင်တစုအနေဖြင့် လက်ဖဝါး ခြေဖဝါးချည့် ရှိနေရာမှ သိန်းချီတန်သော အိမ်များ၊ ကားများကို ပိုင်ဆိုင် စခန်းသွားနေခဲ့ချိန်တွင်၊ သူတို့အား ယခုထောက်ခံသူများနှင့် သူတို့လက်အောက်နေခဲ့ရသူ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား ပညာတတ် များသည် အလုပ်လက်မဲ့ဘဝ ငတ်တလှည့် ပြတ်တလှည့်ဘဝ၊ သားသမီးများကို ရောင်းစားရသည့် ဘဝတွင်သာ စုန်ချီဆန်ချီဖြစ်နေခဲ့ရပုံကို တွေ့ကြရပေလိမ့်မည်။ ဖဆပလ သရဲဘီလူးတပ်၏ ညအိပ်နေဆဲ အိပ်ရာထဲမှ အဆွဲခံသွားရသူများနှင့် အသက်ဆုံးခဲ့ရသူအပေါင်း၏ မိဘဆွေမျိုးများသည်လည်းစဉ်းစားစရာမလိုဘဲ မြင်နိုင်ကြရမည်သာ ဖြစ်ပေသည်။

အမှန်တော့လည်း ဖဆပလခေါင်းဆောင်တို့သည် (၁၉၆၃-ခု) ဇူလိုင် ငိုချင်းရှည်ကြီးမျိုးကို ငိုချခဲ့ခြင်းဖြင့် ဖဆပလ အုပ်စိုးသော ဆယ်နှစ်ဆယ်မိုးခေတ်တွင် တိုင်းသူပြည်သားများကို လိမ်၍တဖုံ၊ ခြောက်၍တနည်း၊ ချော့၍တသွယ်၊ သတ်၍တလမ်း၊ အမျိုးမျိုးလုပ်ခဲ့ကြသည်။

ဇူလိုင် ငိုချင်းချခဲ့သော ဖဆပလနှင့် ဦးဗိုလ် ခေါင်းဆောင်ကြီးများက သူတို့အာဏာမဲ့ဘဝ မရောက်မီက ဆိုရှယ်လစ်ဝါဒ ပြည်တော်သာစီမံကိန်းစသည်တို့ကို အများကြီး ပြည်ပေါ်တခွင် ရွှေကြော်ငြာတင်ခဲ့ကြပေသည်။

ယခုလည်း ထိုခေါင်းဆောင် တစုသည် သူတို့သာ တိုင်းပြည်ကို သာယာကောင်းမွန်စေလိုသည်။ လောကနိဗ္ဗာန် ဆိုရှယ်လစ် စံနစ် အတိုင်း ချီတက်လိုကြသည်။ တိုင်းပြည် ငြိမ်းချမ်းရေး၊ လွတ်မြောက်ပျော်ရွှင်ရေးကို လိုလားကြသည်စသဖြင့် ထင်မြင်စေအောင် ဇူလိုင်လ ၁၉ ရက်နေ့ငိုချင်းရှည်ကြီးကို မိကျောင်း မျက်ရည်များ ဒလဟောသွန်ချကာချခဲ့လေသည်။

အမှန်အားဖြင့် ဖဆပလခေါင်းဆောင်တစု၏ စေတနာမှာ အမှန်ပင် ကြောက်စရာကောင်းလှသည်။ သူတို့ပင် အင်္ဂလိပ်နယ်ချဲ့သမားနှင့် ပေါင်းကာ၊ ပြည်သူတို့၏ နယ်ချဲ့ စံနစ် ဆန့်ကျင်ရေး မြေရှင် ပဒေသရာဇ် စံနစ် ဆန့်ကျင်ရေးကို ပြည်တွင်းစစ် အဖြစ်သို့ ပြောင်းလဲပစ်ခဲ့ကြသည်။ ထိုဖဆပလခေါင်းဆောင်တစုကြောင့်ပင်၊ ကျေးရွာအများအပြား ပြာပုံဘဝသို့ ရောက်ခဲ့ရသည်။ ယောကျ်ားဟူ၍ မရှိဘဲ အမျိုးသမီးချည်း ကျန်ခဲ့သည့်ကျေးရွာအများအပြားလည်း ပြည်ထောင်စုတွင် ပေါ်ခဲ့သည် မဟုတ်ပါလား၊ ထို ဖဆပလ ခေါင်းဆောင်တစုကြောင့်ပင် ကျေးရွာအတော်များများ ပြောင်းရွှေ့ ပျောက်ကွယ်ကုန်ရသည်မဟုတ်ပါလား။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ခေါင်းဆောင်သောဖဆပလဆိုရှယ်လစ်အစိုးရ၏ကယ်တင်မှုကြောင့်ဗမာပြည်လူထု၏ ဝင်ငွေမှာ တနေ့မှ ထမင်းတနပ်စာမရှိတရှိပြား ၅၀ လောက်သာဝင်ကြတော့သည် မဟုတ်ပါလား၊ ထိုဦးဗဆွေ၊ ဦးကျော်ငြိမ်း။ ဗိုလ်ခင်မောင်ကလေးတို့၏ ဖဆပလ ဆိုရှယ်လစ်အစိုးရပင် ကျောင်းသား လူမမယ်ကလေးများအား စာကလေး ငှက်ငယ်ကို အမြောက်ကြီးနှင့်ပစ်သလို သေနတ်များဖြင့် ပစ်ကာ ပညာပေး၍ မရဏာ သေတွင်းသို့ ပို့ခဲ့ကြသည် မဟုတ်ပါလား၊ တော်လှန်ရေး ကောင်စီက ကျောင်းသားများကို သေနတ်နှင့် ပစ်သတ်ကာကျောင်းသားသမဂ္ဂကို ဖြိုချခဲ့စဉ်ကလည်း မည်သို့မျှမပြောဘဲ ကြိတ်ပေါက် လုပ်ခဲ့သည်မှာလည်း သူတို့ပင်မဟုတ်ပါလား၊ ငတ်မွတ်ခေါင်းပါးသော လယ်သမားများကို ဖဆပလ ဆိုရှယ်လစ် အစိုးရပင် ၆ပေ- ၂ပေ မြေကွက်ကို ပေးမည်ဟုဆိုကာ မြေဝေ၍ မြေဖို့သတ်ခဲ့ကြသည်မဟုတ်ပါလား အပြိုင်အဆိုင် အမတ်များကို ခါးပိုက် ဆောင်တပ်များနှင့် လုပ်ကြံသတ်ဖြတ်၍ ဒီမိုကရေစီ အပြည့် အဝပေးခဲ့သည်မှာလည်း သည် ဖဆပလခေါင်းဆောင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးဝင်း၊ သခင်စံမြင့်၊ ဗိုလ်ခင်မောင်ကလေး၊ ဦးနု၊ သခင်သာခင်၊ သခင်တင်တို့ပင်မဟုတ်ပါလား။

ဖဆပလခေါင်းဆောင်များ၏ဇူလိုင် ၁၉ ရက်နေ့ကမိန့်ခွန်းကိုပြည်သူတို့ယုံကြည်လက်ခံရမှာအမှန်ပင်ကြောက်စရာကောင်းသည် မဟုတ်ပါလား။

★ ★ ★

(၃)

ဖဆပလ ဆိုရှယ်လစ်ဝါဒ-ဘာလဲ

တော်လှန်ရေးကောင်စီက ပထမအစိုးရကို အာဏာမှ ဖယ်ရှားပစ်ပြီး ပါတီအသီးသီးမှ ခေါင်းဆောင်များကိုခေါ်၍ မိမိတို့သည် မြန်မာ့လမ်းစဉ်အတိုင်း ဆိုရှယ်လစ်ဝါဒကိုပြည်ထောင်စုတွင် တည်ဆောက်မည်ဟု အသိပေးလေသည်။ ထိုအခါက ယခု အငိုကောင်းသူ ဖဆပလ ခေါင်းဆောင်များက တော်လှန်ရေးကောင်စီ၏ လမ်းစဉ်မှာ မိမိတို့ လုပ်နေသော လမ်းစဉ်ပင်ဖြစ်၍ ထောက်ခံကြောင်းပြောဆိုခဲ့ကြလေသည်။

အမှန်အားဖြင့် ဖဆပလခေါင်းဆောင်များအတွင်း တဦးနှင့် တဦး ဆိုရှယ်လစ်ဝါဒအပေါ် သဘောထားမှာ မရေမရာ ကွဲလွဲနေကြသည်။ ဦးဗဆွေက သူရေးသောဆိုရှယ်လစ် ဗမာပြည် ထူထောင်လော့ ဆိုသော စာအုပ်ငယ် စာမျက်နှာ (၂၀) ငါတို့ သဘောတရားဝါဒ အခန်း တွင် "ငါတို့၏ နိုင်ငံရေးသဘောတရားမှာ မာ့က်စ်ဝါဒကို အခြေခံပြုသည့် ဆိုရှယ်လစ်ဝါဒပင်ဖြစ်သည်"ဟု ဆို၏။ သို့သော် ဒုတိယဥက္ကဋ္ဌဦးကျော်ငြိမ်းကမူ ပါတီ၏ဝါဒမှာ ဆိုရှယ်ဒီမိုကရက်တစ်ဝါဒဖြစ်သည်ဟုဆိုသည်။ ယခု တော်လှန်ရေးကောင်စီက မိမိတို့၏ဝါဒမှာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ဖြစ်သည်ဆိုသောအခါ၌ ထိုမာ့က်စ်ဝါဒသမားဦးဗဆွေနှင့် ဆိုရှယ်ဒီမိုကရက်တစ်ဝါဒသမားဦးကျော်ငြိမ်းတို့က သူတို့ ဝါဒမှာလည်း တော်လှန်ရေးကောင်စီလုပ်မည့် ဆိုရှယ်လစ်ဝါဒပါဘဲဟု ဆိုခဲ့ကြပြန်လေသည်။ အတော်တော့အံ့သြရာ ကောင်းသောကြည်ညိုဘွယ်ရာ ခေါင်းဆောင်များဖြစ်ကြပေသည်။

တော်လှန်ရေးကောင်စီက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဖျက်ပြီး ဆိုရှယ်လစ်ဒီမိုကရေစီ ထူထောင်မည်ဟု ဆိုပြန်သောအခါကလည်း သူတို့ကပင်ဒါကိုလည်း သူတို့ဇက်တိုက်လုပ်ခဲ့သော ဒီမိုကရေစီပင်ဖြစ်သည်ဟုဆိုခဲ့လေသည်။

သူတို့ဖန်တီးခဲ့သောပြည်တွင်းစစ်က ၊အလုပ်သမား၊ လယ်သမား၊ ပညာတတ် ကျောင်းသား လူတန်းစားများ အပေါ်၌ စစ်ပွဲနေခြင်းကိုပြည်သူတို့က ဖယ်ရှား၍ပြည်တွင်းစစ် အပြုတ်တိုက်ရေးရပ်စဲကာ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေး လုပ်ရန် တောင်းဆိုသည်ကို တော်လှန်ရေးကောင်စီက လက်ခံအကြောင်းပြန်လာသောအခါ၌ သူတို့သည်ဟန်ဆောင်သမျှ အောင့်မနေနိုင်တော့ဘဲ ဇာတိတွေပေါ်လာခဲ့ရပေတော့၏။ သူတို့က ငြိမ်းချမ်းရေးမပျက်ပျက်အောင်ဖျက်ချန်ကြံစီလာရပေတော့၏။ ထိုကြောင့်ပင် တော်လှန်ရေးကောင်စီကို ရှေ့သို့ဆက်၍မတိုးပါနှင့်ဟု တားမြစ်လာခဲ့ပေတော့၏။

ဤရုပ်လုံးများကိုပြန်၍ ကြည့်သင့်ပေသည်။

ဖဆပလတို့၏ ဆိုရှယ်လစ်ဝါဒ

မာ့က်စ်ဆိုရှယ်လစ်ဝါဒသည်ပင် မိမိတို့၏ဝါဒဟု ပြောပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို မိမိတို့ထောက်ခံကြောင်း ဦးဗဆွေက ပြောသောအခါ၌ မည်သို့သောဆိုရှယ်လစ်ဝါဒသည် အစစ်အမှန်ဟုပင်ခွဲရန် ခက်သွားကြရ၏။

အမှန်အားဖြင့် ဆိုရှယ်လစ်ဝါဒနှင့် ပတ်သက်၍ ဖဆပလ အနေဖြင့် ချမ်းသာနေကြသော ခေါင်းဆောင်တစုက မာ့က်စ်၏ ဆိုရှယ်လစ်ဝါဒကို တခါမှ လူတန်းစားအမြင်နှင့် ရှင်းရှင်းလင်းလင်း ချပြခဲ့ခြင်း၊ ပညာပေးခဲ့ခြင်း ကျေညာခဲ့ခြင်းမရှိပေ၊ တိုင်းပြည်နှင့်ရိုးသားသော ပါတီဝင်များကို ယောင့်ဝါးဝါးနှင့် ဖြီးဖြန်း နှစ်သိမ့် ထားခဲ့လေသည်။ အမှန်အားဖြင့် မာ့က်စ်ဝါဒဆိုသည်မှာအခြေခံအားဖြင့်ဘာဆိုသည်ကိုရှင်းပြသင့်ပေသည်။ မာ့က်စ်ဝါဒမှ လွဲ၍ ဆိုရှယ်လစ်လောက တည် ဆောက် ရန် နည်း လမ်း မ ရှိကြောင်း။ မာ့က်စ်ဝါဒကိုမလိုက်နာဘဲနှင့် ကမ္ဘာပေါ်၌ အဘယ် နိုင်ငံတွင်မှ ဆိုရှယ်လစ်ဝါဒကို တကယ်မတည်ထောင်နိုင်ကြောင်းစသည်တို့ကိုလည်း မပြောခဲ့ကြဘူးပေ။

မာ့က်စ်ဝါဒသမားများ၏အမြင်မှာ မာ့က်စ်၏ ဖော်ပြချက် အရဆိုလျှင်-

(၁) လူ့လောကကြီးသည် ချမ်းသာသူနှင့် ဆင်းရဲသူ၊အလုပ်ရှင် အလုပ်သမားတို့ ကွဲပြားနေသောလူတန်းစား လောကကြီးဖြစ်သည်။

(၂) လူတန်းစားများ ကွဲနေရာမှ လူတန်းစား တိုက်ပွဲဖြစ်ပြီး မလွဲမသွေပစ္စည်းမဲ့ အာဏာရှင်စနစ်ကိုရောက်သွားရမည်။

(၃) ထိုပစ္စည်းမဲ့ အာဏာရှင်စံနစ်သည် လူ့လောကတွင် လူတန်းစားကွဲပြားမှု လူတန်းစားမညီမျှမှုကိုပယ်ဖျက်ပြီး လူ့တန်းစားမဲ့လောကကိုထူထောင်ရန်သာဖြစ်သည်။

ထို့ပြင်မာ့က်စ်ဝါဒသမားတို့၏ ယုံကြည်ချက်မှာလည်း (၁) နေရှင်အရင်းရှင် လူတန်းစားနှင့် ဆန့်ကျင်၍ ပစ္စည်းမဲ့ဆင်းရဲသား လူတန်းစားအကျိုးကိုအဓိကထား၍ ဆောင်ရွက်ရန် (၂) ဤသို့အရင်းရှင်များကိုဆန့်ကျင်၍ ဆောင်ရွက်နိုင်ရန်အတွက် အရင်းရှင်တို့၏ ပစ္စည်းများကို အများပြည်သူပိုင်သိမ်း၍ဆင်းရဲသားပစ္စည်းမဲ့လုပ်သားများ၏အကျိုးအတွက်အသုံးပြုရန် (၃) ဤသို့လုပ်ရန်မှာ ဒီမိုကရေစီ တော်လှန်ရေးကိုသာ အသိအမှတ်ပြုရန်ဟူ၍ဖြစ်သည်။

ထို့ကြောင့် ဤမာ့က်စ်ဝါဒ၏ အမြင် ယုံကြည်ချက်များ အရ စေတနာကောင်းထားရုံနှင့် မပြီး၊ အလုပ်သမား လယ်သမား အကျိုးကို ဆောင်ရွက်ပါမည်ဟု ဆိုရုံနှင့် မပြီး၊ ထိုအမြင်နှင့် ထိုယုံကြည် ချက်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

ဦးဗဆွေ၊ဦးကျော်ငြိမ်းခေါင်းဆောင်သောဆိုရှယ်လစ်များကမူ ပြည်သူတို့နှင့် သူတို့နောက်တွင် ရိုးရိုး သားသား လိုက်နေကြသော လူများစုအား လှည့်စားရန်၊ ညာဝါး၍တပည့် ခံခိုင်းရန်သာ ဆိုရှယ်လစ်ဝါဒကို အဆိုအမိန့်ပြုခဲ့ကြလေသည်။

သူတို့ခေတ်တွင် ဆိုရှယ်လစ်ဝါဒကို လိုက်နာသော ဖဆပလ ဆိုရှယ်လစ်အစိုးရဟူ၍ ပိတ်ကြီးဟန်ကြီးဝင့်ကြွားနေဆဲမှာပင်-

ပြည်သူလူထုနှင့် အလုပ်သမား၊လက်သမားများဆင်းရဲ မွဲတေသမျှ၊ အင်္ဂလိပ် အမေရိကန်များ အခြေအနေ ကောင်း နေခဲ့ကြသည် မဟုတ်ပါလား။ ပြည်သူလူထုသည် မြို့ကြီးအတွင်း မြို့လယ်များမှထွက်ခွါ၍ မြို့စွန်များများသို့ ရွှေ့ပြောင်း အခြေတည်ခဲ့ကြရ၏။ ဖဆပလ အစိုးရ လက်ထက်တွင် ပြည်သူ ပြည်သားများသည်ကြွေးတင် ခဲ့ရသည်။ ကြွေးတင်လျှင် ကျွန် ဖြစ်ရမည် မဟုတ်ပါလား။

ဖဆပလ အစိုးရက နယ်ချဲ့ ကျားကြီး ဖြစ်သော အမေရိကန် ထံမှ ယူသော အကြွေးငွေမှာ ၁၉၅၆-ခု နှစ် အထိ ကျပ်ကုဋေ ၃၅-၃၄ သိန်း ကျော်ရှိလေသည်။

အမေရိကန် နယ်ချဲ့သမားဆိုသည်မှာ နိုင်ငံငယ်ကလေး များအား သွေးစုတ်ချယ်လှယ်နေသော နိုင်ငံဖြစ်သည် ဤနိုင်ငံ ဤနယ်ချဲ့ကျားကြီးကို ရွှေသွားပါသော နွားကြီး အနေ နှင့် ဗမာပြည် ထဲ သွင်း လာ သည် မှာ

ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးနုတို့၏ ဖဆပလ ဆိုရှယ်လစ် အစိုးရပင် မဟုတ်ပါလား။

ဒါကြောင့်ပင် ပြည်ထောင်စု သားများမှာ သက်သာ ချောင်ချိမှု မရဘဲ စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရပေသည်။

ဥပမာ ၁၉၄၁ ခုနှစ်က စားကုန်သောက်ကုန်ထင်းမီးအဝတ်အစားနှင့် အထွေထွေ ၏ ကုန် ဈေးနှုန်းသည် တရာဖြစ်သည် ဆိုပါလျှင်ဖဆပလ ဆိုရှယ်လစ် အစိုးရ၏ လောက နိဗ္ဗာန်ကြောင့် ၁၉၅၅ ခု ဒီဇင်ဘာလတွင် စားကုန် သောက်ကုန် ဈေးသည် ၃၄၅ ဖြစ်လာသည်။ထင်းနှင့် မီးသွေးနှုန်းမှာ ၁၅၂ ဖြစ်နေသည်။အဝတ်အစားသည် ၅၀၆ ဖြစ်လာနေသည်။အထွေထွေ ဈေးနှုန်းသည် ၄၅၃ ဖြစ်လာသည်။

ဤသို့ဖြစ်နေ၏။ ဆိုရှယ်လစ် ဝါဒအရ ဆိုလျှင် လူလူချင်း ချမ်းသာ ကြွယ်ဝရေးကို ဖြစ်စေခဲ့မည် မဟုတ်ပါလား၊ သို့သော် ဤသို့ မဟုတ်ပေ။ ဖဆပလ ဆိုရှယ်လစ် အစိုးရသည် ပြည်သူ လူထုအား ဤကမ္ဘာ မြေပေါ်တွင် လောကနိဗ္ဗာန်ကို မပေးနိုင်တော့သော ကြောင့်တမလွန်ဘဝ နိဗ္ဗာန်သို့ စေတနာ တခဲ့သားနှင့်ပို့ ရန် ပြည်တွင်းစစ်ကိုခင်းကျင်းသတ်ဖြတ်ခဲ့လေသည်။

ထို့ကြောင့် ပြည်သူတို့၏ဘဝနေထိုင်ရေးအတွက်ငွေကို မသုံးတော့ဘဲ ပြည်သူတို့အား သတ်ရေးဖြတ်ရေး၊ အုပ်ချုပ်ရေးအတွက်သာ သုံးလာခဲ့ပေတော့၏။ ဤအတွက် တိုင်းပြည် အခွန်တော် ဘဏ္ဍာငွေရသမျှ တွေထဲမှ တရာ ရလျှင်ငွေ ၅၀ ကျပ်မျှကို လူသတ်ရေးအတွက် သုံးစွဲခဲ့ကြလေသည်။

ဤသို့သော အခြေအနေတွင် ဖဆပလ အစိုးရ ကောက်ထားသည့် သန်းခေါင် စာရင်းအရပင်လျှင်ပြည်သူတွေ အတော်အကြွေး တင်နေသည်ကို တွေ့ရမည် ဖြစ်သည်၊ ထိုသန်းခေါင် စာရင်းအရ ၁၉၅၃ ခုမတ်လမှာ မြို့ပေါင်း ၂၅၂ မြို့၏ ပတ်ဝန်းကျင်မှာရှိသော ကျေးရွာ များမှ တောင်သူ လယ်သမားများကို စစ်ဆေးကြည့်သော အခါလူ ၁၆၂၇၀ ယောက်တွင် အကြွေး ၄၄၄၅၉၈၀ ကျပ်တင်ခံနေရသည်ဟုဆို၏။ ကဲသည်အတိုင်း ဆိုလျှင် ဇူလိုင်လ ၁၉ ရက်နေ့ ဦးဗဆွေ၏ ရဲရဲတောက်မိန့်ခွန်းကိုတောက်ခံခြင်းသည် ဤလိုကြွေးတင်ကျွန်ဖြစ် ငတ်ပြတ်မွဲတေသည့်ဘဝကိုတောင်းခြင်းနှင့် တူနေမည် မဟုတ်ပါလော။

လယ်သမား ပြဿနာ

ဦးဗဆွေ၊ ဦးကျော်ငြိမ်း ဖဆပလ ဆိုရှယ်လစ်တို့၏ လောကနိဗ္ဗာန်တွင်လယ်သမားများမြေမဲ့ လယ်မဲ့ ဖြစ်နေကြသည်ကိုလည်း သူတို့ဘယ်လိုဖြေရှင်းပေးပါသနည်း။

ပြည်ထောင်စု မြန်မာနိုင်ငံသည် အင်္ဂလိပ် ကျွန်ဘဝတွင်မြေများ ဆုံးပါးလာသည်။ မြေမဲ့ယာမဲ့ လယ်သမား မြေကျွန်ဘဝနီးနီး ဖြစ်ခဲ့ကြရသည်။ လွတ်လပ်ရေး ရလာသော အခါ မြေမဲ့ယာမဲ့ တောင်သူ လယ်သမားများက ဖ ဆ ပ လ ဆိုရှယ်လစ်အစိုးရသည် ငါတို့အား မြေများ ယာများ ဝေချမ်း ပေးတန် ကောင်းရဲ့ဟု မျှော်လင့် ခဲ့ကြပေသည်၊ သို့ရာတွင် မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ကြပေ။ ဖဆပလဆိုရှယ်လစ်တို့သည် မြေရှင်ကြီးများကိုသာ ကိုယ်စားပြုပြီး လယ်ယာမြေ ဝေခြမ်း ချထား ပေးရေးကို အလေးမပြု ဂရု မစိုက်ခဲ့ကြပေ။ သို့မဟုတ် လိမ်ညာရန်သာ လုပ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ယခုထိမြေကို လယ်သမားများမရခဲ့ပါပေ။ ဖဆပလ ဆိုရှယ်လစ်တို့က မဖြစ် ညစ် ကျယ် ကလေး ပြော ကောင်း ရုံ ပြု ကောင်း ရုံ မြေ ယာ ဝေ ချမ်း ရေး လုပ် ခဲ့ ကြ သည် သို့ သော် လုပ် သ မျှ မြေ ယာ ဝေ ချမ်း ရေး မှာ လည်း လယ်သမား ရသည်ထက် မြေ ရှင် က ပြန် ရသွားသည့်မြေက များနေပေသည်။ ဥပမာ ၁၉၅၄ ခုနှစ်ကမြေကေ ၁၄၃၅၉ ကိုဝေရာ၌ မြေရှင်ကို ပြန်အပ်သည့် မြေကေ ပေါင်းမှာ ၁၂၁၇၆၂ ဖြစ်လေသည်။ သဘောမှာမြေကေ ၂၆ ကေ သိမ်း တိုင်း ၁၂ ကေ ကို မြေရှင်အားပြန်အပ်ပြီး ၁၄ ကေကိုသာ လယ်သမားများအား ဝေခြမ်းခဲ့သည်ဟု ဖြစ်သည်။ ဤသို့မြေယာဝေချမ်းရေးကို လူထုကြီး ယခုပြန်ခံစားရအောင် ဦးဗဆွေ-ဦးကျော်ငြိမ်းဖဆပလဆိုရှယ်လစ်တို့၏ ငိုချင်းရှည်ကြီးကိုထောက်ခံသင့်ကြပါအုံးမည်လော။

နောက်ဆုံးဖဆပလနှင့် ပသစ အစိုးရ တို့သည် မဟန်သောမြေယာဝေချမ်းရေးကို လယ်သမားလူထုကလက်မခံသောအခါကျမှ ရပ်ဆိုင်းထားခဲ့ပြီး ပြန်လည်လေ့လာစုံးစမ်းပြီးမှ ဝေချမ်းရေးလုပ်တော့မည်ဟု ဆိုလေသည်။ ဤအတိုင်းဆိုလျှင် အချကောင်းသော ဖဆပလ ဆိုရှယ်လစ် အစိုးရကို ဆိုရှယ်လစ်စံနစ်နှင့် ပါလီမံ ဒီမိုကရေစီကို ပြန်လည်စမ်းသပ်ဘို့ ခွင့်ပြုလို့ ကောင်းပါအုံးမည်လား၊ အမှန်အားဖြင့် မဖြစ်နိုင်တော့ပါပေ၊ဖဆပလဆိုရှယ်လစ်နှင့်ပသစတို့၏ ခေတ်သည်ကုန်ဆုံးပါလေပြီ။

ထို့ကြောင့် နောင်များ ဆိုရှယ်လစ်ဆိုတိုင်း ဒီမိုကရေစီ ဆိုတိုင်း အရမ်းယုံ၍ မဖြစ်ကြောင်းကို၊ အလွန်ငိုချင်းအချ ကောင်းသည့် ဖဆပလဆိုရှယ်လစ်တို့၏ အတွေ့အကြုံက ပြ သ သွား ရှာ လေ ပြီ။ ငို ချင်း သယ် ဖဆပလဆိုရှယ်လစ်တို့၏ နိုင်ငံရေးသင်ခန်းစာကိုယူ၍ တ ကဲ့ ဆို ရှယ် လစ် တကဲ့ ဒီမိုကရေစီ ကို ခံ စား ရ အောင် လူ ထု တိုက် ပွဲ များ လို ပေ သည်။ ငိုချင်းရှည်များ နောက်သို့ငှင်း၊ အလှအပ ချယ်ပြသော ဆိုရှယ်လစ်

ပန်းချီကားများနောက်သို့ငှင်းမလိုက်မိအောင်ဖဆပလဆိုရှယ်လစ်အစိုးရ၏ အမည်ခံ-ဆိုရှယ်လစ်လမ်းစဉ်နှင့် ဒီမိုကရေစီကပြနေပြီဖြစ်သည်။

ထို့ကြောင့် နောင်တွင် ဆိုရှယ်လစ်ဝါဒ ဒီမိုကရေစီ အကြောင်း ပြောလာကြလျှင်-

(၁) လူလူချင်းသွေးစုပ် ချယ်လှယ်မှုမရှိဘဲ လူတိုင်းပိုင်ဆိုင်သည့် စံနစ်ကို ထူထောင်ခြင်းရှိမရှိ-နှင့်

(၂) လူလူချင်းသတ်ဖြတ်သည့် ပြည်တွင်းစစ်မျိုး ကို ဖန်တီးခြင်း ရှိမရှိဆုံးဖြတ်ကာ

လူထုပါဝင်သော ဒီမိုကရေစီအပြည့်အဝပါရှိသော ဆိုရှယ်လစ်နည်း၊ မာ့က်စ်လီနင်တို့၏ ဆိုရှယ်လစ်နည်းကိုသာ လက်ခံကြရန်သတိပြုကြရပေလိမ့်မည်ဖြစ်ပေသတည်း။-

★ ★ ★

(၆)

ပြည်တွင်းငြိမ်းချမ်းရေး

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးမကြာမီပင် ဖဆပလ ဆိုရှယ်လစ် အစိုးရက ပြည်သူလူထုအပေါ်တွင် ပြည်တွင်းစစ်ပွဲခဲ့လေသည်။ ဤအချက်ကို အများစုကခံရပြီဖြစ်၍အသိဖြစ်ကြသည်။ ဖဆပလဆိုရှယ်လစ် အစိုးရက နယ်ချဲ့သမား အကျိုးကိုပြုရာ၌ ကွန်မြူနစ်ပါတီ၏ အနှောက်အယှက်ပြုနေသည်ကို တိုက်စစ် ဆင်ခဲ့ခြင်းဖြစ်၏။ သူတို့ဆရာအကြိုက် ပြည်တွင်းစစ်ပွဲခဲ့ခြင်း ဖြစ်လေသည်။ သို့သော် ဤသို့ မိမိတို့က နယ်ချဲ့ အင်္ဂလိပ်အကြိုက်စစ်ပွဲခဲ့သည်ကို အကြီးအကျယ်ဖုံးကွယ်၍ ကွန်မြူနစ်များသောင်းကျန်း၍စစ်ကြီးဖြစ်လာခဲ့ရသည်ဟု တွင်တွင်ကြီးဝါဒဖြန့်ချိခဲ့ကြလေသည်။ အထက်တွင် ဖေါ်ပြခဲ့သော ဖဆပလ ကွန်မြူနစ် ပေးစာများ အရပင် ဖဆပလ ဆိုရှယ်လစ်အစိုးရက စစ်ကိုစတင်၍ လူသတ် စစ်ပွဲ ဆင်နွှဲကြောင်း အထင်အရှားပင် ဖြစ်သည်။ သို့ရာတွင်ပို၍ထင်ရှားစေရန် ထိုအခါက ကွန်မြူနစ်ပါတီက ၁၉၄၇ ခုဇူလိုင်လပါတီ ကွန်ဂရက်မှတောင်းဆိုချက်များ ချမှတ်ခဲ့သည်ကို ကြည့်သင့်ပေသည်။

ကွန်မြူနစ်ပါတီက အောက်ပါတို့ကိုတောင်းဆိုခဲ့လေသည်။

(၁) လုံး ဝ လွတ် လပ် ရေး၊ အင်္ဂလိပ် စစ်တပ်များ အားလုံး ရုတ်သိမ်း ရေး။

ဗမာပြည်ကို ကျွန်လုပ်ထားသော နယ်ချဲ့သမား ဗြိတိန်နှင့် စစ်ရေးအရ မဟာမိတ်စာချုပ်လုံးဝမချုပ်ဆိုရေး။

နိုင်ငံခြားဆက်သွယ်ရေးတို့တွင် သီးခြားကင်းလွတ်သော ပေါ်လစီရှိရမည်။ ဒီမိုကရေစီနိုင်ငံများနှင့် မဟာမိတ်ဖွဲ့ရမည်။

နိုင်ငံခြားကုန်ကူးရေးတွင်အစိုးရကအုပ်ချုပ်ရမည်။

နိုင်ငံခြားသား အရင်းရှင်ကြီးများ၏ စီးပွားရေး လုပ်ငန်းများကိုချုပ်ချယ်ရေး။

မတရားသောကြွေးမြီများလျှော်ပစ်ရေး။

အင်္ဂလိပ် ပိုင် စက်မှု လက် မှု လုပ် ငန်း၊ မှန် သ မျှ တိုင်း ပြည် ပိုင် လုပ်ပစ်ရမည်။

အင်္ဂလန်ပြည်နှင့် တန်းတူအခြေထားပြီး၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကုန်ကူးသန်းရောင်းဝယ်ရေးဆက်သွယ်မှု စီစဉ်ရမည်။

(၂) ဒီမိုကရေစီအခွင့်အရေးနှင့်တိုင်းရင်းသားလူမျိုးများကိုယ်ကြမ္မာကိုယ်ဖန်တီးရေး။

ပဒေသရာဇ် စံနစ်ဖျက်သိမ်းရေး လူမျိုးချင်းသီညွတ်ရေး။ စသည်တို့ပင်ဖြစ်သည်။

ထိုလုပ်ငန်းကိုတောင်းဆိုရင်း၊ နောက်ဆုံးတွင် ကွန်မြူနစ်ပါတီက ဖေါ်ပြထားသည်မှာ "ဖဆပလကွန်မြူနစ်ညီညွတ်ရေးဖြင့် နယ်ချဲ့သမား၏ အကြံအစီနှင့် ရှုတ်ပွေမှုများကို အပြတ်အသတ် တိုက်ခိုက် ချေမှုန်းပစ်နိုင်သည်ဟု ဗမာပြည်ကွန်မြူနစ်ပါတီက လုံးဝယုံကြည်ပေသည်" ဟုဖေါ်ပြလိုက်၏။

သို့ရာတွင် ယခုမှငိုချင်းရှည်ကြီးနှင့် တိုင်းပြည်ကြီး ဂျောက်ထဲကျတော့မယ်ဟေ့ ဟု အော်ဟစ်နေသော ဖဆပလ ဆိုရှယ်လစ် ခေါင်းဆောင်တို့သည် ကွန်မြူနစ်ပါတီ၏ ညီညွတ်ရေးနှင့် နယ်ချဲ့စံနစ် ဆန့်ကျင်ရေး၊ မြေရှင်ပဒေသရာဇ်စံနစ်ဆန့်ကျင်ရေးကိုလုပ်ရန်မဂန်မရဲဖြစ်လာပြီး၊ ကွန်မြူနစ် ပါတီနှင့်လယ်သမား၊ အလုပ်သမား၊ ပြည်သူတို့အပေါ်တွင် စစ်ပွဲ၍ တိုင်းပြည်ကိုနယ်ချဲ့ သမား၏ခြေထောက်အောက်သို့ကျဆင်းစေရုံသာမကဘဲ၊ ပြည်ထောင်စုတခုလုံး လောင်မီးကြီးတညီးညီး တောက်လောင်စေခဲ့၏။

ဤလောင်မီးကြီး တညီးညီးတောက်နေသည်ကိုဖဆပလ ဆိုရှယ်လစ်ခေါင်းဆောင်တစုတို့ကမူ သီတင်းကျွတ် မီးထွန်းပွဲလိုသဘော ထား၍ အရက်သောက်၊ ဘီလီယက်ထိုး၊ မြင်းလောင်း၊ ဖဲရိုက်၊ နိုင်ငံခြား အလည်သွား စသည်ဖြင့် အပျော်ကြီးပျော်နေခဲ့ကြသည်မဟုတ်ပါလား၊ ထိုစဉ်က သူတို့ ယခုကဲ့သို့ ငိုချင်းရှည်မျိုးကိုဘာကြောင့် မငိုခဲ့ပါသနည်း။

ထိုသို့ပြည်တွင်းစစ်ကို ဆယ်နှစ်ဆယ်မိုး ဖဆပလဆိုရှယ်လစ်တို့ဆင်နွှဲနေရာ၌ ပြည်သူတို့က ပြည်တွင်းစစ်ကိုတွေ့ဆုံဆွေးနွေးပွဲ နည်းဖြင့် ရပ်စဲရန် အခါမလပ် တောင်းဆိုခဲ့ကြသည်။ ပြည်တွင်းစစ်ကိုရပ်ပြီးအေးချမ်းသာယာသောနိုင်ငံပြန်လည် တည်ထောင်ရန် တာဝန်မြဲ တောင်းဆိုခဲ့ကြ၏။ သို့သော် ဖဆပလ ဆိုရှယ်လစ်အစိုးရ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ တသိုက်သည် ကိုယ်ကျိုးနှင့်အင်္ဂလိပ် အမေရိကန်တို့အကျိုးအတွက်ပြည်တွင်းစစ်ကို မရပ်မနား အပြင်းအထန်ဆင်နွှဲခဲ့ကြသည်။

ဒီမိုကရေစီကို ပိတ်ပင်ခြင်း၊ လူထု လှုပ်ရှားမှု၊ သပိတ်မှောက်မှု၊ နယ်ချဲ့စံနစ်ဆန့်ကျင်မှု၊ မြေရှင်ပဒေသရာဇ်စံနစ်ဆန့်ကျင်ရေးတို့ကို ပိတ်ပင်

ခြင်း ပြုခဲ့၏။ ပြည်တွင်းစစ် ဆင်နွှဲခြင်းတို့ကို ဖြေရှင်းရေးအတွက် ဒီမိုကရေစီကျကျ တော်လှန်ရေး သမားများနှင့် မျက်နှာစုံညီ တွေ့ဆုံ ဆွေးနွေးရမည့်အစား၊ ကိုယ်ကျိုးကိုသာကြည့်ပြီး ပြည်တွင်းစစ်ကိုအပြုတ်တိုက်ရေးဖြင့်အညွန့်ခိုင်းရင်း ဖြေရှင်းမည်ဟု စွဲစွဲမြဲမြဲဆုတ်ကိုင် ထားခဲ့လေသည်။

ဤတွင်ပြည်သူ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးသည်ကြီးမားသည်ထက်ကြီးမားလာခဲ့၏။ ငြိမ်းချမ်းရေး အုံကြွမှု ဖြစ်ပေါ်တော့မည့် အချိန်တွင် တော်လှန်ရေး ကောင်စီက အာဏာသိမ်းယူလိုက်ပေသည်။ ပြည်တွင်းစစ်အပြုတ်တိုက်ရေး သမားများ၏ လက်မှ အာဏာကို သိမ်းယူ လိုက်ပေသည်။ ပါလီမန် ဒီမိုကရေစီ၏ အကူအညီနှင့် ပြည် တွင်း စစ် မီး ကို တညီးညီးတောက်လောင်စေသော အစိုးရ၏ အာဏာကို သိမ်းယူ လိုက်ပေသည်။

တော်လှန်ရေးကောင်စီ၏ တခုသောသတင်းစာရှင်းလင်းပွဲတွင် ဖဆပလ ဆိုရှယ်လစ် ပါတီ၏ ထိပ်တန်း ခေါင်းဆောင် ဖြစ်သည်ဟု အားလုံးသိဘူးသည့် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး က "သောင်း ကျန်း မှု ကို ကနှစ် အတွင်းရှင်းပစ်မည်။ သူတို့သိကြားသားမို့ လား စောင့်ကြည့် ပါ" ဟုဆိုခဲ့လေသည်။ ဤတွင်ဖဆပလဆိုရှယ်လစ် ခေါင်းဆောင် ကြီး များက သဘောကျကာ အားကိုးရပြန်ပြီဟုသင်ခဲ့ကြပြီး တော်လှန်ရေး ကောင်စီကိုပင်သူတို့၏အစိုးရ၊ ဗိုလ်ချုပ်ကြီးနေဝင်းသည်အမျိုးသား ခေါင်းဆောင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည်နိုင်ငံရေးပါတီများကို အာဏာမျှ၍ မပေး ဘဲ အုပ်ချုပ်ပါဟုဆိုသာခဲ့ကြ၏။

ယခုမူ ဖဆပလသည် ပြည်တွင်း ငြိမ်းချမ်းရေး အလားအလာကို မြင်လာသောအခါ၌ ဇူလိုင်လ၁၉ရက်နေ့တွင် ဝိုင်ချင်းရှည်ကြီးချကာရှေ့သို့မတိုးဘဲနောက် ဆုတ်ရန်တောင်းဆိုခဲ့ကြလေသည်၊ သေးသေးနက်နက်သတိပေးကြောင်းဖြင့်လည်း သတိပေးလေသည်။

သူတို့ဘာကြောင့် ယခုလိုရဲရဲဝန့်ဝန့် ပြည်သူ့ငြိမ်းချမ်းရေးဆန္ဒကို ဆန့်ကျင်၍ငြိမ်းချမ်းရေးလုပ်ငန်းကိုချင်စဲရန်တောင်းဆိုကြလေသနည်း-

အမှန်အားဖြင့် သူတို့တွင် ဆရာရှိပေသည်။

* * *

(၇)

မျိုးချစ်စိတ်ရှိသူတိုင်း စုစည်းကြလော့

ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ကြသော ဖဆပလ ဆိုရှယ်လစ် အစိုးရက သောင်းကျန်း နေသူများကြောင့်သာ သူတို့စစ်တိုက်ရသလိုလို ဝါဒဖြန့်ခဲ့ကြကြောင်း၊ သူတို့သည်ပင် တိုင်းပြည်အကျိုးအတွက် နယ်ချဲ့သမားများကို မညွှတ်မာ ဆန့်ကျင်ဆောင်ရွက်ခဲ့ကြောင်း ဟစ်အော်ခဲ့ကြ၏။ အမှန်အားဖြင့် သူတို့သည် ယခုအခါတွင် ပြည်တွင်း ငြိမ်းချမ်းရေး ကိစ္စ ပေါ်လာသောအခါ၌ တိုင်းပြည်အပေါ် ထားရမည့် အနည်းဆုံး မျိုးချစ်စိတ်ကိုပင် မထားနိုင်တော့ဘဲ၊ အမေရိကန်နယ်ချဲ့သမားနှင့် ဆက်သွယ်ကာ တိုင်းပြည်ကို ရောင်းစားရန်ကြိုးစားခဲ့ကြသည်ကို ယခု လက်ဆုပ်လက်ကိုင်မိထားပေပြီ၊ ဆိုဗီယက်သတင်းစာဆရာတဦးကလည်း ဦးဗဆွေနှင့် နောက်လိုက် တစုသည် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးကိုတားဆီးရန်နှင့် အနှောင့်အရှက် လုပ်ငန်းများကိုလုပ်ရန် နယ်ချဲ့သမားများနှင့် ပေါင်း၍ လုပ်နေကြောင်း ရေးခဲ့၏။

ဖဆပလ ဆိုရှယ်လစ်ပါတီ ပြည်တွင်းဖောက်ပြန်ရေးသမားများနှင့် နယ်ချဲ့သမားတို့၏ ပြည်တောင်စုအား ပြည်တွင်းစစ်တွင် အမြဲတစေနစ်မွန်းနေစေရန် လုပ်ကြံမှုသည် ခြေလှမ်းကျဲ၍လာပေပြီ။ မျိုးချစ်စိတ် ရှိသူတိုင်း စည်းရုံးကြရန်လိုပေပြီ။ ပြည်တွင်းဖောက်ပြန်ရေးသမားများကို ဝိုင်းဝန်းဖယ်ရှားပစ်ရန်လိုပေပြီ၊ စည်းရုံးကြပါလော့-ညီညွတ်ကြပါလော့၊ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးအနှောင့်အရှက်ဖြစ်စေမည့် ဘာသာရေးအုံကြွလှုပ်ရှားမှုများ ထွက်ပေါ်လာ၏။ နယ်ချဲ့ သမားများသည် ကွန်မြူနစ်ဆန့် ကျင် ရေး - ဘာ သာ ရေး လှုပ် ရှား မှုများဖြင့် လွှတ် လပ် စ နိုင်ငံငယ် ငယ်လေးများကို လည်ညှစ်သတ်ရန် ကြိုးပမ်းနေသည်။ ဤနယ်ချဲ့သမား၏ ကြိုးပမ်းမှုထဲ၌ အမေရိကန်နယ်ချဲ့ကြီးကိုင်သော အမ်၊အာ၊အေခေါ် ကမ္ဘာ့စာရိတ္တ မြှင့်တင်ရေးအသင်း သည် ကြောက်စရာ အကောင်းဆုံးဖြစ်ကြောင်း သိနေရပေပြီ။ ဤကြောက်စရာအကောင်းဆုံး အဖွဲ့နှင့် ဆက်သွယ်၍ ဖဆပလဆိုရှယ်လစ်နှင့်အချို့အဖွဲ့များကကြိုးပမ်းနေကြသည်ဟုသိရှိရပေသည်။

အမ်-အာ-အော စာရိတ္တမြှင့်တင်ရေးအဖွဲ့

ဤအမ်၊ အာ၊ အောခေါ် ကမ္ဘာ့စာရိတ္တမြှင့်တင်ရေးအဖွဲ့ကိုအမေရိကန် အရင်းရှင် နယ်ချဲ့သမားကြီးများက ခေါင်းဆောင် ဦးစီးကာ ခရစ်ယာန်ဘုန်းကြီးများပါဝင်စေပြီး ၁၉၂၈-ခုနှစ်တွင် ဖွဲ့စည်းခဲ့၏။ အသင်း၏ဌာနချုပ်ကို ဆွစ်ဇာလန်ပြည်တွင်ထားပြီး အမေရိကန်၊ အင်္ဂလန်၊ ယိုးဒယား၊ ဖိလစ်ပိုင်၊ ပါကစ္စတန်ပြည်တို့တွင်လည်း ဖွဲ့စည်းကာ နီးစပ်ရာ တိုင်းပြည်များသို့ စည်းရုံးရေးတိုးချဲ့ကြသည်။

ဤအမ်၊အာ၊အောခေါ် စာရိတ္တမြှင့်တင်ရေးအဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ ဘာသာရေး၊ လူမှုရေး၊အထူးသဖြင့် ဘာသာရေးကို အကြောင်း ပြကာ ကွန်မြူနစ် စံနစ် ဆန့်ကျင်ရေး၊ ဆိုဗီယက် ဆန့်ကျင်ရေးနှင့် နယ်ချဲ့စံနစ်ဆန့်ကျင်သော တိုးတက်သည့် ပြည်သူ့ လှုပ်ရှားမှုများကို ဟန့်တားရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေးနှင့် ပြည်တွင်းရှုပ်ရှုပ်ထွေးထွေးဖြစ်စေရန်ဖြစ်သည်။ အမေရိကန်၊အင်္ဂလန်ပြည်တို့မှ နယ်ချဲ့သူလျှိုများကိုထိုအဖွဲ့တွင်ပါဝင်စေကာ နိုင်ငံတကာသို့ လှည့်လည်ပြီး ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး နယ်ပယ်များတွင် ဝင်ရောက်၍ လာဘ်ထိုးခြင်း၊ စည်းရုံးခြင်း၊တိုင်းပြည် ရောင်းစားချင်စိတ် ပေါက်စေခြင်းတို့ဖြင့်လုပ်ငန်းကို အကောင်အထည် ပေါ်နေကြသည်။

ဤစည်းရုံးရေးအရ ဗမာပြည်တွင် အမ်၊ အာ၊ အော ခေါ် ကမ္ဘာ့စရိတ္တမြှင့်တင်ရေးအဖွဲ့နှင့် ဆက်သွယ်သူများအထဲ၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ သတင်းစာဆရာများ၊ ကုန်သည် ကြီးများ၊ နိုင်ငံရေး ပါတီမှ ခေါင်းဆောင် ကြီးများနှင့် ဝန်ထမ်း အရာထမ်းများ ပါဝင်နေသည်ဟု သိရှိရပေသည်။

အမေရိကန် ပြည်ထုတ် စာအုပ်တအုပ်၌ ဘုရှမင်အား ဗမာပြည်မှ ဆရာတော်တပါးက ဗုဒ္ဓဘာသာဘုန်းကြီး ,ဝဝဝကိုဗျာဒိတ်တော်ဂိုဏ်းဝင်ဖြစ်အောင် စည်းရုံးပေးမည်ဟု ဂတိပေးကြောင်း ပေါ်ပြူ ထားသည်ဟု သိရှိရပေသည်။

အမှန်က အမ်၊အာ၊အောအဖွဲ့ သူလျှိုများသည် ဖဆပလ ဆိုရှယ်လစ်အစိုးရလက်ထက်ကတည်းကပင် ပြည်ထောင်စုအတွင်းသို့ ထိုးဖေါက် ဝင်ရောက် စည်းရုံးရန် စတင်ခဲ့ကြ၏။ ၁၉၄၅-ခုနှစ်က၌ဘုန်းတော်ကြီးများကို ငွေပေး၍ ဝယ်ယူရန် မစ္စတာ ဖားကိစ်ပရက်တပ်ဆိုသူ အမ်၊ အာ၊အောအဖွဲ့ဝင်နှင့် အမျိုးသမီးတဦးကကြိုးစားကြောင်းကိုလည်းတွေ့ကြရလေသည်၊

ထိုအမ်၊အာ၊အော စာရိတ္တမြှင့်တင်ရေးအဖွဲ့မှသူလျှိုတို့သည် ဗမာပြည်ဂျူဘလီဟော၊ ဂျပန်စစ်ဖျော်ဖြေ ကိစ္စတို့တွင် ဝင်ရောက် ခြေထိုးကြကြောင်း။ ယင်းကိစ္စရပ်များတွင် အမေရိကန်နှင့်ဂျပန်တို့၏ ချယ်လှယ်သမျှကို ခံစေရန် ဝန်ကြီးချုပ်မှအစ အမှုထမ်း အရာထမ်းများကို လာဘ်များပေးခဲ့ကြသည်ဟုလည်း သိရပေသည်။

ယခုအခါ စက်ဘုတ်ကျွန်းရှိ အမ်၊အာ၊အောအဖွဲ့နှင့် ဗမာပြည်ကို ဆက်သွယ်ပေးသူများမှာ ဘုန်းတော်ကြီးများဖြစ်ကြောင်း သိရ၏။ ထိုကျောင်းများမှာ ကမာရွတ်မှ ကျောင်းတိုက်တတိုက်၊ သထုံမြို့နှင့်တောင်တွင်းကြီးမြို့ ကျောင်းတိုက်တတိုက်တို့မှ ဆရာတော်များဖြစ်သည်ဟု သိရ၏၊

ယခုလောလောဆယ်တွင် ဗိုလ်ချုပ်ကြီး နေဝင်း၏ တော်လှန်ရေး ကောင်စီအစိုးရက နယ်ချဲ့စီးပွါးရေးကို ကန့်သတ်လာခြင်း၊. တောတွင်း အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးလာခြင်းတို့ကိုအကြောင်းပြု၍ ဗိုလ်ချုပ်နေဝင်းအစိုးရကိုဖယ်ရှားပစ်ပြီး အဖေါက်ပြန်ဆုံး အစိုးရကိုတင်နိုင်ရေး အတွက်၎င်း၊ ကွန်မြူနစ် ဆန့်ကျင်ရေး အတွက်၎င်း၊ စည်းရုံးလှုံ့ဆော်ရေးအတွက် အဖွဲ့နှစ်ဖွဲ့-ဖွဲ့စည်းထားသည်ဟုသိရပေသည်။

ယင်းနှစ်ဖွဲ့မှာ (က) ကုန်သည်အရင်း ရှင်ပိုင်းကို စည်းရုံးလှုံ့ဆော်ရေးနှင့် (ခ) သာသနာရေးလောက လှုပ်ရှားမှုကိုလည်း စည်းရုံးလှုံ့ဆော်ရေးဟူ၍ဖြစ်ပေသည်။

ထိုအမ်၊အာ၊အော စာရိတ္တမြှင့်တင်ရေးအသင်းက အမေရိကန် ပြည်တွင် မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးများ၊ လူပုဂ္ဂိုလ် များကို ဘိတ်ခေါ်၍ သင်တန်းများပေးသောသည်ဟုလည်း သိရပြန်လေသည်။

အမ်၊အာ၊အော၊အဖွဲ့သည်ရဟန်းတော်များ၊အထက်ပါလူပုဂ္ဂိုလ်များဖြင့်တော်လှန်ရေးကောင်စီအစိုးရကိုဖယ်ရှားရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းကိုဖျက်ဆီးရန်၊ ကွန်မြူနစ် စံနစ်ဆန့်ကျင်ရေး လုပ်ငန်းများ လုပ်ရန်အတွက် သွေးတိုးစမ်းသည့် သဘောဖြင့် အောက်ပါလှုပ်ရှားမှုများကို လုပ်ရန် စီစဉ်သည်ဟုသိရ၏။

(၁) ဘာသာရေး စည်းရုံးလှုပ်ရှားမှုပြုလုပ်ရန်

(၂) ဘာသာရေး လွတ်လပ်ခွင့်တောင်းရန်

(၃) ဦးနုတို့လွှတ်ရေး တောင်းဆိုရန်

(၄) နိုင်ငံတော်ဘာသာဥပဒေ အတည်ပြုပေးရေးတောင်းဆိုရန်

(၅) ပါလီမန် ဒီမိုကရေစီ ရရှိရေး တောင်းဆိုရန် စသည်တို့ဖြစ်လေသည်။

ရှေးဦးစွာ ဘာသာရေးလှုပ်ရှားမှု စည်းရုံးရန်အတွက်–

(က) မဟာ မြတ်မုနိ တန်ဆောင်းကိစ္စ။ (ခ) ရှင် ဥတ္တမ ကိုပကာသနီယကံ ပြုလုပ်ရေး ကိစ္စတို့ဖြင့် တင်မီးမွေးရန် ဖြစ်လေသည်။

ပထမကိစ္စတွင် တော်လှန်ရေး ကောင်စီက ဖြေရှင်းပေးခဲ့၍ မဟာမြတ်မုနိတန်ဆောင်းကိစ္စမှာ ပြီးပြတ်သွားရ၏။

ဒုတိယ ရှင်ဥတ္တမ ပကာသနီယကံ ပြုပွဲကိုမူ ဇူလိုင်လ ၁၄–ရက်နေ့ ခြောက်ထပ်ကြီး ဘုရားကျောင်းတိုက် သာသနဝိပုလကာရီ မဟာသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ (၁) ချပ်သင်းဦးဘတင်၊ (၂) ဦးချန်ထွန်း (ယခုအဖမ်းခံထားရသူ) (၃) ဦးကြင် (အိုင်စီအက် ဟောင်း) (၄) ရွှေတိဂုံဘုရားလူကြီး ဦးမြင့် (၅) ပန်းတနော် ဦးခန့် (၆) ဦးသိန်းမောင် (တရားဝန်ကြီး) (၇) လူမျိုးစုအမတ် ဦးမောင်မောင် (၈) လူမျိုးစုအမတ်ဦးဘထွန်း (၉) သာသနာရေးအရာရှိများ တက်ရောက်လေသည်။

၎င်းအစီအစဉ်များပြုလုပ်ရန်အတွက်လွန်ခဲ့သော (၆) လကပင်တာဝန်ယူသူတို့မန္တလေး၊ ညောင်လေးပင်၊ မအူပင်၊ နေပြည်စသည်မြို့များသို့ လှည့်လည်၍ ဘုန်းတော်ကြီးများအား ဆွမ်းကပ်လှူကာ ပကာသနီယကံပြုရေး၊ ကွန်မြူနစ် ဆန့်ကျင်ရေးများ ပြုလုပ်ရန် လျှောက်ထားပြင်ဆင်ခဲ့ကြလေသည်။

ထိုအစည်းအဝေးတွင် မိန့်ကြားရမည့် သဘာပတိ မိန့်ခွန်းကိုလည်း လူပုဂ္ဂိုလ်အတော်များများနှင့်ဆရာတော်တို့ပါဝင်ရေးသားခဲ့ကြလေသည်။

ထိုအစည်းအဝေးသို့ဆရာတော်များတက်ရောက်ကြရန်ပင့်ဘိတ်၏။ ထိုအစည်းအဝေးအတွက်ကုန်ကျစရိတ်မှာ တသိန်း နှစ်သောင်းမျှရှိသည်ဟု သိရ၏။ ထိုအထဲမှ လက်ရွေးစဉ် ဆရာတော် တပါးလျှင် ငွေ ၂၀၀၀ိ-ကျ ဘာသာရေးလှုပ်ရှားမှုများ ပြုလုပ်ရန် လှူဒါန်းခဲ့သည် ဖြစ်ရာ အားလုံးငွေ (၄) သိန်းရထားခဲ့လေသည်။

အမ်၊အာ၊အေနှင့်ဆက်သွယ်၍ အလုပ်လုပ်နေကြသောကျောင်းထိုင်ဆရာတော်ကြီးများသည်အမ်၊အာ၊အေလှုပ်ရှားမှု၏ ရုံပုံငွေ ရရှိရေးအတွက်

(၁) ကျောင်းနှင့်ဇရပ်များကိုငှားရမ်းချထား၍ရင်း၊ (၂) ကျောင်းသားမရှိသော ကျောင်းများကို ကျောင်းသား ရှိလာစေပြီး၊ အစိုးရထံမှ ထောက်ပံ့ကြေး တောင်းရန်ငှင်း ဖြစ်သည်။ ထိုသို့သော ကျောင်းများမှ ဆရာတော် များထံမှ၊ ကိုယ်တော်တပါးက လှည့်လည် စုဆောင်းသည်။ ထိုကိုယ်တော်သည် ရန်ကုန်တွင်သာမက နယ်များသို့ပါသွား၍ ကောက်ခံသည်၊ ယင်းကိုယ်တော်တွင် ယဥ်–ရထားအခမဲ့စီးခွင့်လက်မှတ် ၂–စောင်

ရှိနေသည် ဟု သိရသည်။ ထိုကိုယ်တော်သည် အနယ်နယ်သို့ ရုံပုံငွေကောက်ရင်း တော်လှန်ရေးအစိုးရ ဆန့်ကျင်ရေး၊ကွန်မြူနစ်စနစ် ဆန့်ကျင်ရေးများကိုလည်း စည်းရုံးလုပ်ဆောင်နေသည်။

အမ်၊ အာ၊ အေ က ရှင်ဥတ္တမအားဦးတည်၍ ပြင်ဆင်စည်းရုံးပြီးတိုက်ခိုက်ခြင်းမှာ လူသေလှူဖြစ် စာအုပ်ရေးသူ-ရှင်ဥတ္တမသည် ကွန်မြူနစ်ဖြစ်သည်။ အစိုးရအပေါ်တွင် ဩဇာရှိသည်ဟု ယုံကြည်ခြင်းနှင့် ရှင်ဥတ္တမ၏ ဩဇာကို ဖြိုချနိုင်ပါက သာသနာရေး လောကတွင် အုပ်စိုးနိုင်မည် ဟု ယုံကြည်ခြင်းတို့ကြောင့်ဖြစ်သည်။

အမ်၊အာ၊အေ စာရိတ္တ မြှင့်တင်ရေး အဖွဲ့ခေါ် အမေရိကန် နယ်ချဲ့သူလျှိုအဖွဲ့က စည်းရုံးထားသော အဖွဲ့များမှာ (၁) တည်မြဲဖဆပလအဖွဲ့၊ (၂) ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ်၊ (၃) ရဟန်းပျိုအဖွဲ့ချုပ်၊ (၄) ပရဟိတ၊ (၅) ငါးပါးသီလအဖွဲ့ချုပ်နှင့် ဝိုင်၊ အမ်၊ ဘီ၊ အေ တို့ဖြစ်သည်ဟုကြားသိရ၏။အချို့ကို အဖွဲ့အခုလုံးအနေဖြင့်၎င်း၊အချို့ကိုအဖွဲ့အနေဖြင့် မဟုတ် ပုဂ္ဂိုလ်အနေဖြင့်၎င်း၊ အမ်၊ အာ၊ အေ က ခြေကုတ်ယူထားခြင်းဖြစ်သည်ဟုသိရ၏။

လေ သံ ချင်း တူ ပုံ မှာ

တိုက်ဆိုင်လွန်းခြင်းလော-သို့မဟုတ်လုပ်ကြံမှုများလော မဆိုနိုင်ပေ ဇူလိုင် ၁၄–ရက်နေ့ ရှင်ဥတ္တမ အား ပကာသနီယကံ ပြုစဉ်က မိန့်သော သဘာပတိမိန့်ခွန်းမှာ ၁၉၆၃–ခု ဇွန်လ (၂၂) ရက်နေ့ စက်ာပူ ထုတ် စထရိတ်တိုင်း သတင်းစာ လန်ဒန်အော့ဖ် ဇားဗါးသတင်းထောက် ဒင်းနစ် ကလပ်စပ် ဆိုသူရေးခဲ့သည့် ဆောင်းပါးအတိုင်း ဖြစ်နေသည်ဟုသိရ၏။

ယင်းဆောင်းပါးတွင် ''ဗိုလ်ချုပ်ကြီးနေဝင်း ခေါ်ဆောင်သော တော်လှန်ရေးကောင်စီ အစိုးရသည် လုံးဝ ဆိုရှယ်လစ်ဝါဒ ရည်ရွယ်ချက် ပန်းတိုင်သို့ အလောတကြီး ချီတက်ရာ၌ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းခြင်းက အစ၊ အလွတ်ပညာသင်ကျောင်းများ၌ ကလေးများ မည်သို့ ဝတ်ရမည်ဟု ချုပ်ကိုင်ပုံများ၊ မြည်သူပိုင်လုပ်ပုံ ရုပ်ရှင်ကားများအားတင်းကျပ်စွာဆင်ဆာလုပ်ပုံ ဖြတီသျှကုန်သွယ်ရေးကုမ္ပဏီ (၁၂) ခု အနက် (၁၆) ခုသာကျန် တော့ပုံ၊ နိုင်ငံခြား သံရုံးများအားစာရွက်၊ဘာတမ်း၊ စာအုပ်၊ ထုတ်ဝေရေးတွင် ပိတ်ပင်ပုံများအကြောင်းများကိုရေးသားထားလေသည်။

ဇွန်လ (၂၄) နေ့တွင် ရင်းသတင်းထောက်ကပင် ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး သခင်ဘကျော်သွဲပုံ၊ ဗိုလ်နေဝင်း လက်ဝဲဝါဒီများကိုအလျော့ပေးနေသည်ဟုဆိုပုံ၊ ဗိုလ်နေဝင်းကဗုဒ္ဓဘာသာကိုဘယ်လိုပဝင်နှစ်သိမ့်သော်လည်း သံဃာတော်များ သုံးပုံနှစ်ပုံက တော်လှန်ရေးကောင်စီကို ဆန့်ကျင်ပုံ၊ ဗမာပြည်တွင် သံဃာတော်များ ဩဇာကြီးမားပုံ၊ ဗိုလ်နေဝင်း၏ ဘာသာရေးအကြံပေးအရာရှိများသည် ကွန်မြူနစ်အရေခြုံများဖြစ်သည်ဟု လူထုကယူဆသည်ဟုလည်း ဖော်ပြထား၏။

ရင်းသတင်းထောက်ကပင်ဇူလိုင်လ ၁-ရက်နေ့ ဟောင်ကောင်ထုတ်သတင်းစာတွင် ''ဗိုလ်ချုပ်ကြီးနေဝင်းဘုန်းကြီးများကို နိုင်ပါမည်လော'' ဟူ၍ ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားခဲ့ပေသေးသည်။

ယုတ်မာသောအပြုအမူ

ယခုအဖမ်းခံရသော သူများဖြစ်သည့် ဖဆပလ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် အပေါင်းပါများအပြင် အချို့သော သူတို့သည် တိုင်းပြည်ကို အမေရိကန်နယ်ချဲ့သမားထံ ရောင်းစားရေး၌ ပြည်သူတို့အား အိုးစည် ဗုံမောင်းနှင့် ပို့စေရန် အားထုတ်ကြံကြောင်းမှာ ထင်ရှားလှပေသည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအား လိမ်လည် ဖြားယောင်းကာ၊ ဓါးစာခံ- လုပ်ခိုင်းခြင်းမှာ ယုတ်မာလှသည်။ ယခုအခါ ဆရာတော် သံဃာတော်အများအပြားသည်၊ နယ်ချဲ့သမားနှင့်နယ်ချဲ့ နောက်လိုက်တို့၏အကြံအစည်ကို သိရှိကာ ကိုယ်စိတ် ၂-ပါး မချမ်းမြေ့စွာဖြင့် နောက်သို့ ဆုတ်တော်မူကြပြီဟု သိရှိရပေသည်။

ဖဆပလ ဆိုရှယ် ဒီမိုကရက် များသည် သူ တို့၏ တသက်တာ ခရီးတွင် ပြည်တွင်း ငြိမ်းချမ်းရေး ဒီမိုကရေစီ၊ ဆိုရှယ်လစ် ဝါဒရေးတို့ကို အမြဲတစေ ဖျက်ဆီးရန် အားထုတ်နေကြသည်ကို မေ့၍မဖြစ်ပေ။ သူတို့၏ ''ဆိုရှယ်လစ်ဝါဒ''နှင့်ပါလီမံ ဒီမိုကရေစီစမ်းသတ်ပွဲကြောင့်၊ လယ်သမား၊အလုပ်သမား၊ ကျောင်းသား လူငယ်၊ စာရေး စာချီ လူလတ်တန်းစားများသည် လှလှကြီး ခံခဲ့ကြရပြီ မဟုတ်ပါလော။

ပြည်သူလူထု၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ် ဝါဒရေးတို့ အဆုံးသတ်ဖျက်ဆီးပစ်ရန် ကြိုးစားရာတွင် ယခုကဲ့သို့ နယ်ချဲ့သမားနှင့် ပေါင်း၍ တိုင်းပြည်ကို ကျွန်ပြုဝန်အထိ၊ ယုတ်မစွာ စီစဉ်လာခြင်းမှာ ရင်နာဘွယ်ရာပင်ဖြစ်ပေသည်။

(၁) ဖဆပလ ဆိုရှယ်လစ် ပါတီ၏ လုပ်ကြံမှုကို လူထုနှင့်ရှိ၍ ကန့်ကွက်ကြရန်။

(၂) တွေ့ဆုံ ဆွေးနွေးပွဲဖြင့် ခိုင်မာသော ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းမရှိသမျှပြဿနာ မပြေလည်နိုင်ကြောင်းကို စွဲစွဲမြဲမြဲခံယူ၍ ငြိမ်းချမ်းရေး မဖြစ်မနေလုပ်ရန် စည်းဝေးအဓိဋ္ဌာန်ပြုကြရန်။

(၃) ဒီမိုကရေစီရေး၊ ဆိုရှယ်လစ် ဝါဒရေးကို ဆောင်ရွက်ရာတွင် နယ်ချဲ့စံနစ် ဆန့်ကျင်ရေး၊ ပဒေသရာဇ်မြေရှင်စံနစ် ဆန့်ကျင်ရေး၊ စစ်တားဆီးရေးသမားတို့၏ စည်းလုံးညီညွတ်ရေးကို အဓိကထားရန် နယ်ချဲ့ အလိုတော်ရိသစ္စာဖေါက်များ၊ အမျိုးသား ညီညွတ်ရေးသွေးခွဲသူများနောက်သို့ ယောင်မှား၍ မလိုက်မိစေရန်နှင့် သူတို့အား ဖွင့်ချရန်။

ပြည်သူလူထုအား လမ်းစဉ် အယ်ဒီတာ အဖွဲ့က နှိုးဆော် ပန်ကြားအပ်ပေသည်။

★ ★ ★

နိဂုံး

ယခုတော်လှန်ရေး ကောင်စီ အစိုးရက နယ်ချဲ့လိုလားသောဖေါက်ပြန်ရေးသမား ဦးဗဆွေ၊ဦးကျော်ငြိမ်း၊ ဦးဝင်း၊ ဗိုလ်မင်းခေါင် စသည်တို့ကို ဖမ်းဆီးလိုက်ပေသည်။

၎င်းအတွက် အစိုးရက ကျေညာရာ၌ ငြိမ်းချမ်းရေးကို ဖျက်ဆီးရန်ကြံစည်သောကြောင့်ဟု ဖေါ်ပြလေသည်။ အမှန်အားဖြင့် ထိုဖဆပလ ဆိုရှယ်လစ်နှင့် အဖမ်းခံရသော ပုဂ္ဂိုလ်တို့ဘည် ငြိမ်းချမ်းရေးကို ဖျက်ဆီးရန် သက်သက် အတွက်သာ တာဝန်ရှိသူမဟုတ်၊ တိုင်းပြည်၏ ဒီမိုကရေစီရေးနိုင်ငံရေး စံနစ်တခုလုံးအတွက်လည်း တာဝန်ရှိပေသည်။ သူတို့သည် နယ်ချဲ့ သူလျှိုများဖြစ်သည်။

၎င်းနယ်ချဲ့ သူလျှိုများကို နယ်ချဲ့စံနစ်ဆန့်ကျင်ရေး၊ပြည်သူ့ နိုင်ငံရေး လှုပ်ရှားမှုတို့ဖြင့် အင်အားချိနဲ့သွားစေရမည် ဖြစ်ပေသည်။

နယ်ချဲ့စံနစ် ဆန့်ကျင်ရေးကို တကယ်လုပ်တော့မည်ဆိုလျှင်၊ငြိမ်းချမ်းရေးကို လိုက်လျှောလိုလား လုပ်ဆောင် တော့မည် ဆိုလျှင်၊ နယ်ချဲ့စံနစ်ရှင်သန်အားရှိစေမည့် အချက်အလက် အနေအထား အခြေအနေ ပတ်ဝန်းကျင်ကိုဖျက်ဆီးပစ်ရမည်ဖြစ်သည်။ နယ်ချဲ့စံနစ် မြေရှင် ပဒေသရာဇ် စံနစ် ဆန့်ကျင်ရေးငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေးအတွက် အင်အား၊ အခြေအနေ ပတ်ဝန်းကျင်ကို ပြုစုပေးရမည်ဖြစ်သည်။

အရာရာကိုလူထုက အဆုံးအဖြတ်ပြုသည်ဟူသော ဆိုရှယ်လစ်ဝါဒ၏ ခံယူချက်အရ လူထုက အဆုံးအဖြတ် ပြုနိုင်အောင် အသိဉာဏ် ပေးရမည်။ ငြိမ်းချမ်းရေးရရန်အတွက် မည်သည့် လုပ်ငန်းကို လုပ်ရမည်။ နယ်ချဲ့စံနစ် မြေရှင်ပဒေသရာဇ်စံနစ်နှင့် နောက်လိုက်များကို ဆန့်ကျင်ရန် အသိဉာဏ် ပေးရမည်။ သို့ရာတွင် လူထုအဖို့ ၎င်းကဲ့သို့ အသိဉာဏ်မျိုး ရရှိစေနိုင်မည့် သင်တန်း၊ကျောင်းမှာလက်တွေ့တိုက်ပွဲပင်ဖြစ်သည်။ ဒီမိုကရေစီရေးတိုက်ပွဲ၊ နယ်ချဲ့ မြေရှင်ပဒေသရာဇ်ဆိုး ဆန့်ကျင်ရေးတိုက်ပွဲပင်ဖြစ်သည်။

ယခု တော်လှန်ရေးကောင်စီအနေဖြင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးဝင်းစသည့် လူတစုကို ဖမ်းဆီးလိုက်ရုံနှင့် ကိစ္စမပြီးသေး၊ သူတို့နောက်ပါများသည် လှုပ်ရှားမြဲ လှုပ်ရှားနေကြဦးလသည်။ ၎င်းသို့သော လှုပ်ရှားမှုကို တန်ပြန်သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ နယ်ချဲ့စံနစ်နှင့် နောက်လိုက်နောက်ပါများအား ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများ ပေါ်လာသင့်ပေသည်။

ဖေါက်ပြန်ရေးသမားတို့အား ဖမ်းဆီးလိုက်ရုံဖြင့် ပြည်သူတို့သည် အန္တရာယ်ကင်းစင်သွားပြီဟု မယူဆနိုင်သေးပေ။ နယ်ချဲ့မြေရှင် ပဒေသရာဇ် အလိုတော်ရိဖေါက်ပြန်ရေးသမားတို့၏ အင်အားသည် ပြိုဆင်းမသွားသေးပေရာ ပြည်သူလူထုသည် ၎င်းတို့၏ ခြေလှမ်းကိုမျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုနေရပေလိမ့်မည်။ တချိန်တည်းတွင်လည်း ပြည်ပေါင်းငြိမ်းချမ်းရေး အမြန်ဆုံး တည်ဆောက်နိုင်စေရန် လိုပေသသည်။

★ ★ ★

ဤစာအုပ်များ မှာကြားနိုင်သည်

၁။ လက်ရွေးစဉ် (၁)
သူတို့၏ တွေ့ဆုံဆွေးနွေးရေးအတွေ့အကြုံများ ၁-ကျပ်။

၂။ လက်ရွေးစဉ် (၂)
ပြည်တွင်းငြိမ်းချမ်းရေးနှင့်
တွေ့ဆုံဆွေးနွေးရေးအရေးတော်ပုံ .... ၁-ကျပ်။

၃။ လက်ရွေးစဉ် (၃)
နေရှင်လူတန်းစားနှင့်
အယောင်ဆောင်ဆိုရှယ်လစ်ဝါဒ .... ၁-ကျပ်။

၄။ လက်ရွေးစဉ် (၄)
ငြိမ်းချမ်းရေးနှင့်သိန်းဖေမြင့်အန္တရာယ် ၁-ကျပ်။

၅။ ရဲဘော် ငွေးမြိုင်-ရေး
ပြည်ထောင်စုအကျပ်အတည်းအတွင်းမှ ထွက်ရပ်လမ်း ၁-ကျပ်။

၆။ ကွန်မြူနစ်အောင်ပွဲများသို့-၈၁ နိုင်ငံကျေညာစာတမ်း ၂-ကျပ်။

၇။ ရေနံမြေ သခင် ခင်ဇော်ဘာသာပြန်သော
(ဒို့လမ်း)စွန့်စားခန်းဝတ္ထု .... ၂-ကျပ်။

၈။ ဗိုလ်ချုပ်အစ်ကို-ဦးအောင်သန်းရေး-
၁၆-နှစ် နိုင်ငံရေးအတွေ့အကြုံ .... ၃-ကျပ်။

၉။ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီအတွေ့အကြုံများ .... ၆၀-ပြား။

၁၀။ နိုင်ငံပိုင်လုပ်ခြင်းနေရှင်များ၏လိမ်လည်မှုတရပ် .... ၄၀-ပြား။

၁၁။ နယ်ချဲ့စံနစ်အားမည်သို့အကဲဖြတ်မည်နည်းနှင့်
တော်လှန်သောအနုပဋိလောမ .... ၃၀-ပြား။

၁၂။ အာရှအာဖရိကတိုက်တို့ရှိနိုင်ငံတော်အရင်းရှင်စံနစ်.... ၂၅-ပြား။

၁၃။ အီရက်ပြည်မှမမေ့အပ်သောသင်ခန်းစာများ .... ၂၅-ပြား။

နီးစပ်ရာစာအုပ်ဆိုင်များတွင် မေးဝယ်ပါ။

လက်ရွေးစဉ် (၆)

★ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး-ဥမက္ကဋ္ဌ သိုက်မပျက် ရှိစဉ်က ရွှေတိဂုံစေတီတော်အလယ်ပစ္စယံ၌ ကျင်းပခဲ့သော-

ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီး၏ ဆုံးဖြတ်ချက်များ။

★ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ-နယ်ချဲ့လုပ်ကြံမှုဖြင့် ကျဆုံးကြရပြီးနောက်၊ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒနှင့်တိုင်းပြည်အခြေအနေ အချိန်ကာလ၏ တောင်းဆိုမှုတို့ကြောင့်၊တမျိုးသားလုံးညီညွတ်ရေးကို တည်ဆောက်ရန်အတွက်-

ဖဆပလနှင့် ကွန်မြူနစ်ပါတီတို့၏အပြန်အလှန်ပေးစာများ။

လမ်းစဉ်အယ်ဒီတာအဖွဲ့မှတည်းဖြတ်သည်။

စက်တင်ဘာလ ၁၅-ရက်နေ့တွင် ထွက်လာပါတော့မည်။

နယ် ကိုယ်စားလှယ်များ ကြိုတင်အမှာစာ ပို့ပါ။